# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**အနှစ်ရှိသောတရား မရနိုင်**

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။ **ယမကဝဂ်(ဓမ္မပဒ-၁၁)**


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၇)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရွေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား အပြန်အလှန်ဆွေးနွေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Thomas L. Vajda အား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Thomas L. Vajda အား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အရေးပေါ်ကာလမတိုင်မီ မဲစာရင်းကြီးမားစွာမှားယွင်းမှုအပါအဝင် အခြားသောကိစ္စရပ်များအား သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အသီးသီး၊ အဖွဲ့အစည်းအသီးသီးသို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု ဆောင်ရွက်ရန် ကြိုးပမ်းခဲ့မှု အခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် မင်းမဲ့စရိုက်ဆန်သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ရှန်းရင်းဆန်ခတ်မှုလက်စွဲနှင့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရွေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် CDM တွင် မနစ်မွန်းစေရေး သတိပေးထုတ်ပြန်ချက်

**နေပြည်တော် မတ် ၅**

နိုင်ငံ့ဝန်ထမ်းအများစုအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် CDM ၌ ပါဝင်ခြင်းမရှိဘဲ သစ္စာရှိရှိ ဆောင်ရွက်နေမှုအပေါ် ခြိမ်းခြောက်အကျပ်ကိုင် ဖိအားပေးမှုဖြစ်စဉ်တစ်ခုအား ဆိုရှယ်မီဒီယာမှ တစ်ဆင့် မိမိကိုယ်မိမိ သုံးဌာနခေတ္တဝန်ကြီးအဖြစ် သတ်မှတ်ထားသည့် ဆေးကုသမှုမရှိသော ဆေးပညာရှင် ဦးဇော်ဝေစိုး က ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် တရားမဝင် ကြေညာချက်ထုတ်ပြန်ခြင်းဖြင့် ပြုလုပ်ခဲ့သည်။

ဆေးပညာရှင် ဦးဇော်ဝေစိုး၏ CDM ၌ မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများအား တရားမဝင် ခြိမ်းခြောက် ဖိအားပေးအကျပ်ကိုင်မှု ကြေညာချက်၌ CDM ၌ မပါဝင်သေးသည့် ဝန်ထမ်းများ ၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ည ၁၂ နာရီမတိုင်မီ နောက်ဆုံးထား၍ CDM ၌ ပါဝင်နိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်မည့် ဖုန်းနံပါတ်များ ဖော်ပြပြီး CDM ၌ ပူးပေါင်းပါဝင်မှုမရှိပါက မတ်လ ၈ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကြေညာချက်သည် တရားမဝင် မိမိကိုယ်မိမိဝန်ကြီးအဖြစ် ခန့်အပ်ထားသည့် တရားမဝင် လူပုဂ္ဂိုလ်တစ်ဦးမှ တရားမဝင်အစိုးရလုပ်ပိုင်ခွင့်အသွင် နိုင်ငံတော်မှ တရားဝင်ခန့်အပ်ထားသည့် ဝန်ထမ်းတစ်ဦးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခွင့်ရှိသကဲ့သို့ ခြိမ်းခြောက်ထားခြင်း၊

*စာမျက်နှာ ၉ ကော်လံ ၁ ✻*




# ကောလာဟလများနှင့် တရားဥပဒေစိုးမိုးရေး

လူသားတို့၏ဘဝကို မွေးဖွားချိန်မှစ၍ သေဆုံးသည့်အချိန်အထိ တရားဥပဒေက စောင့်ရှောက်ပေးထားသည်။ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်၊ အေးချမ်းစွာ နေထိုင်ခွင့်၊ ပရိယေသန ဝမ်းစာရှာဖွေနိုင်ခွင့်၊ ခနဥစ္စာပိုင်ဆိုင်ခွင့် အစရှိသည့် အခွင့်အရေးများမှသည် လူ့အဖွဲ့အစည်းများ၊ မြို့ပြရပ်ရွာများ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အထိ တရားဥပဒေက ထိန်းသိမ်းစောင့်ရှောက်ပေးထားခြင်းဖြစ်သည်။ တရားဥပဒေသည် စာအုပ်ထဲမှာသာရှိနေသည့် ပြဋ္ဌာန်းချက်ပုဒ်မများသာဖြစ်မနေစေဘဲ ရှင်သန်နေစေရန်၊ လူ့အဖွဲ့အစည်းကို ကောင်းစွာစိုးမိုးစေပြီး အေးချမ်းသာယာမှု ရှိနေစေရန်အတွက် အထောက်အကူပြုအဖွဲ့အစည်းများဖြစ်သည့် ရဲတပ်ဖွဲ့နှင့် တရားရုံးကဲ့သို့သော ဥပဒေအဖွဲ့အစည်းများသည်လည်း ခိုင်ခိုင်မာမာရှိနေကြရသည်။

အကယ်၍သာ မြို့တစ်မြို့၊ ဒေသတစ်ခုတွင် ရဲတပ်ဖွဲ့၊ တရားရုံး စသည်တို့ မရှိတော့ဘဲ တရားဥပဒေစိုးမိုးမှုလည်း ပျက်ပြားပြီဆိုပါက ထိုမြို့ တစ်နည်းအားဖြင့် တရားဥပဒေမဲ့ ထိုလူ့အဖွဲ့အစည်းမှာလည်း ပျက်စီးသွားပြီဖြစ်သည်။ ရာဇသတ်ကြီး ခေါ် နိုင်ငံသားများ ကျူးလွန်သည့် ပြစ်မှုများနှင့် ပြစ်ဒဏ်များသည် လူ့အဖွဲ့အစည်းများထဲမှ ရာဇဝတ်မှု၊ ပြစ်မှုများအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ရာ တရားဥပဒေစိုးမိုးမှုသာ ပျက်ပြားပါက ရာဇဝတ်မှုများ ထူပြောလာပေတော့မည်။ လူသတ်၊ မုဒိမ်းကျင့်၊ လုယက်၊ ခိုးဝှက်၊ လိမ်လည်၊ အနိုင်ကျင့်ကြသူ ဒုစရိုက်သမားများက ကြီးစိုးလာကာ လူမှုအနိဋ္ဌာရုံများကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေကြရတော့မည်။

ယခုအခါ မိမိတို့နိုင်ငံသည် အရေးပေါ်ကာလ အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဖြစ်သည်။ ရွေးကောက်ပွဲ မဲမသမာမှုနှင့်စပ်လျဉ်း၍ တာဝန်ယူမှု၊ ဖြေရှင်းမှုပြုလုပ်ရန် ပျက်ကွက်ခဲ့သည်ကို အကြောင်းပြုကာ ဖြစ်ပေါ်လာရသည့် ယနေ့ နိုင်ငံရေးဖြစ်စဉ်များအပေါ် သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းမြို့ရွာများတွင် မတည်မငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဆူပူလှုပ်ရှားအုံကြွမှုများက တရားဥပဒေစိုးမိုးမှု ပျက်ပြားရေးဆီသို့ ဦးတည်လျက်ရှိသည်။ အတွေးအခေါ် အယူအဆအမှားများ၊ သတင်းအချက်အလက်အတုအယောင်များ၊ မြှောက်ပင့်သွေးထိုးလှုံ့ဆော်မှုများ၊ ဆူပူအုံကြွမှု၊ ဖျက်ဆီးရမ်းကားမှုများ ပြုလုပ်ကြရန် နှပ်ကြောင်းပေးရေးသားမှုများကို ဖေ့စ်ဘုတ်ကဲ့သို့သော လူမှုကွန်ရက်စာမျက်နှာများတွင် နေ့စဉ်နှင့်အမျှ ဖောဖောသီသီ တွေ့မြင်နေရပြီး တရားဥပဒေစိုးမိုးမှု ပျက်ပြားရေးနှင့် မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားရေးကိုသာ ဦးတည်နေသည်ကို တွေ့ရသည်။

ဖေ့စ်ဘုတ်မှတစ်ဆင့် လှုံ့ဆော်မှုများနှင့် သတင်းတု သတင်းမှားများ၏ အကျိုးဆက်များအဖြစ် သက်ကြီးဝါကြီးဆရာတော်ကြီးများကိုပင်လျှင် ဆဲရေးတိုင်းထွာခြင်း၊ စွပ်စွဲပုတ်ခတ်ခြင်း၊ အချို့ဘုန်းတော်ကြီးများ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ လူအုပ်စုဖွဲ့ အနိုင်အထက်ပြုကျင့်ခြင်း၊ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အနိုင်ကျင့်မှုများ ပြုလုပ်ခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ၊ အများပြည်သူပိုင်ပစ္စည်းများသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းစီတို့၏ ပုဂ္ဂလိကပိုင်ပစ္စည်းများကို အကြမ်းဖက်ဖျက်ဆီးခြင်းတို့ကို အေးချမ်းစွာ ဆန္ဒပြခြင်းအမည်ခံ၍ ပြုလုပ်မှုများရှိနေသည်။ ဒေသတစ်ခုနှင့် တစ်ခု ဒေသအမည်ဖော်၍ အပြိုင်အဆိုင်ပြုလုပ်ကြပြီး ဓာတ်ပုံများနှင့် ဗီဒီယိုများကို အပြိုင်အဆိုင်ပင် ဖေ့စ်ဘုတ်တွင် တင်ပြကြရာ ဆန္ဒပြမှုမှသည် အဓိကရုဏ်းအဆင့်နှင့် ပြည်သူအချင်းချင်း အနိုင်ကျင့်၊ အကြမ်းဖက်သည့် အဆင့်များသို့ ကူးပြောင်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်။

ယခုအခါ ဖေ့စ်ဘုတ်လူမှုကွန်ရက်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားတပ်များ ဝင်ရောက်လာရန်၊ လိုအပ်ပါက ရွှေတိဂုံဘုရားနှင့် ပုဂံဘုရားပုထိုးများကိုပင် ဗုံးကြဲတိုက်ခိုက်ရန်၊ ရပ်ကွက် ကျေးရွာများတွင် မည်သူ၏အုပ်ချုပ်ရေးကိုမှ လက်မခံဘဲ ကိုယ်တိုင်အုပ်ချုပ်ကြရန် စသည်တို့ အပါအဝင် အလွန်အကျွံလှုံ့ဆော်မှုများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြလျက်ရှိသည်ကို နေ့စဉ်တွေ့မြင်နေရသည်။ လူထုအတွင်း ကောလာဟလများကြောင့် ချောက်ချားနေစဉ် ဆန်ကောတစ်ချပ် လေလွင့်သည်ကို လိုက်ဖမ်းရာမှ သရေခေတ္တရာပျူမြို့ ပျက်ခဲ့ရသည့် ရာဇဝင်ကို သင်ခန်းစာယူနိုင်ကြရန်နှင့် မိမိတို့ ရပ်ရွာဒေသများအတွင်း မည်သည့်အကြောင်းနှင့်မျှ တရားဥပဒေစိုးမိုးမှု ပျက်ယွင်းမသွားစေရေးအတွက် ဒေသနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်း

နေပြည်တော် မတ် ၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ

## ဗန်းမော်မြို့ ကျွန်းတောရွာရှိ ကြာအင်းတောင်စေတီတော် ရွှေထီးတော်တင်

ဗန်းမော် မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် နန်းညွှင်းအုပ်စု ကျွန်းတောရွာ အနောက်ဘက် ကြာအင်းတောင် စေတီတော် ရွှေထီးတော်တင်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရွှေထီးတော်တင်ပွဲသို့ ကြွရောက်လာကြသော ဆရာတော် သံဃာတော်များက မင်္ဂလသုတ်၊ မေတ္တာသုတ်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် ကြာအင်းတောင်စေတီတော်တွင် တင်လှူမည့် ရွှေထီးတော်အား အောင်သပြေခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းကာ ရွှေထီးတော်ကို ပဲခူးမြို့ မဟာဗောဓိတိုက်သစ် ပဲခူး-ကျောက်တန်း မဟာဗောဓိစာသင်တိုက် မဟာဗောဓိတောရရိပ်သာတို့၏ အဓိပတိမဟာနာယက ဆရာတော် ဘဒ္ဒန္တပါမောက္ခ (ဂန္ထဝါစကပဏ္ဍိတ ဂန္ထကာရက) နှင့် ကနန်းဒေသ ဟော်ယောကောဝိဒါရုံကျောင်း ဆရာတော်ဘဒ္ဒန္တကောဝိဒသာရ (မြို့နယ်သံဃနာယကအဖွဲ့ဝင်) ဦးဆောင်သည့် ဆရာတော် သံဃာတော်များနှင့် ကျွန်းတောရွာ အလှူရှင်မိသားစုတို့က ပူဇော်ခဲ့ကြကြောင်း သိရသည်။

လှိုင်ဘွား (ဗန်းမော်)

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆:၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆:၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆:၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

# လိုငွေပြမှုကို လျှော့ချနိုင်ရေး

**စားအုန်းဆီတင်သွင်းမှုမှာလည်း နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရှိပါကြောင်း၊ ယင်းကို လျှော့ချနိုင်ရေးအတွက် မိမိတို့တိုင်းပြည်၌ စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပြည်သူများ နားလည်အောင် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကို အားပေးရမည်ဖြစ်ကြောင်း၊ လောင်စာဆီနှင့် စားသုံးဆီဝယ်ယူမှုကို လျှော့ချနိုင်မည်ဆိုပါက လိုငွေပြမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၅**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာလည်ပတ်နိုင်ရေး


အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားရေးလည်း ပါဝင်ကြောင်း၊ ကျန်းမာရေး လိုအပ်ချက်အရ ကန့်သတ်ချက်များ ဆက်လက်ဆောင်ရွက်နေရသည့် အခြေအနေကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အခက်အခဲများ ထပ်မံပေါ်ပေါက်လာနိုင်ပါကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် အဆိုပါထိခိုက်မှုများ ဆက်လက်ကုစားရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ လည်ပတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း။

လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့စည်းဆောင်ရွက်ရေးနှင့် COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် တိုင်းဒေသကြီး/ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့စည်းရေး ဆောင်ရွက်ရန်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

### ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းကော်မတီသို့ ပေးပို့တင်ပြလာသည့် ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးစဉ်။

## နေပြည်တော်ရှိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**နေပြည်တော် မတ် ၅**

နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်းများအား ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ စည်ပင်ဧည့်ရိပ်သာ(၁) ကာကွယ်ဆေးထိုးစုရပ်၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ဒုတိယအကြိမ် ထိုးနှံပေးကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံခြင်းကို နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။

ယနေ့တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်း စုစုပေါင်း ၄၇၉ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ပြီး ကျန်ရှိသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများကိုလည်း ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးကိုကို ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် မတ် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖေဖော်ဝါရီ ၈ ရက်တွင် ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာအစည်းအဝေးခန်းမ၌ Zoom Meeting ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်အဆင့်ဆင့်ရှိ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ပါတီစုံဒီမိုကရေစီလမ်းကြောင်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တပ်မတော်သည် ခေတ်အဆက်ဆက် ပြည်သူနှင့် ပတ်သက်လာလျှင် "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ဆိုသည့် ဆောင်ပုဒ်ကို ဦးထိပ်ထား ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း မဖောက်မပြန် ခိုင်ခိုင်မာမာ ရပ်တည်နေသည့် အဖွဲ့အစည်းလည်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ပြည်သူများ လိုလားတောင်းဆိုသည့် "ပါတီစုံဒီမိုကရေစီစနစ်"ကို တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲများအပါအဝင် ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တို့တွင် လေးကြိမ် ကျင်းပခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးကာလတွင် အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ခဲ့ကြောင်း။

**မဲစာရင်းများဖြေရှင်းပေးရန် တောင်းဆို**

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တရားမျှတမှုရှိစေရန်၊ ဖြေရှင်းပေးရန် UEC ကို ရွေးကောက်ပွဲမတိုင်မီကတည်းက တောင်းဆိုမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိခဲ့သဖြင့် တပ်မတော်ကို အကူအညီတောင်းခံခဲ့ကြောင်း၊ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ"၂၀၀၈ ခုနှစ်" ပြဋ္ဌာန်းချက်များနှင့်အညီ UEC၊ လွှတ်တော်နှင့် သမ္မတတို့ထံ မဲစာရင်းများ ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အကြောင်း အမျိုးမျိုးပြပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများ ပျက်ကွက်ခဲ့သဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ "၂၀၀၈ ခုနှစ်" နှင့်အညီ နိုင်ငံတာဝန်များ ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေစဉ် ရှေ့ဆက်ဆောင်ရွက်မည့် အချက် (Road Map) ၅ ချက်ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ ၅ ချက်နှင့်အညီ ဆောင်ရွက်နေကြောင်းတို့ကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြည်သူလူထုသို့ ပြောကြားခဲ့သည့်မိန့်ခွန်းပါ အချက်အလက်များနှင့် ရှေ့လုပ်ငန်းစဉ် (Road Map) ၅ ရပ်တို့ကို မိမိတို့၏ ဝန်ထမ်းများကို ထပ်ဆင့်ရှင်းလင်းပေးရန်နှင့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဦးတည်ချက် ၉ ရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဆန်စပါးဝယ်ယူခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၅**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဆန်စပါးဝယ်ယူခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ နှစ်စဉ်အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာပြီး စပါးပေါ်ချိန်တွင် အခြေခံရည်ညွှန်းစပါး ဈေးနှုန်းအောက် ကျရောက်သည့် ဒေသများ၌ တောင်သူလယ်သမားများထံမှ စပါးဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်တွင်လည်း အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၂၀,၀၀၀ ကြေညာခဲ့ပြီး မိုးစပါး စတင်ထွက်ပေါ်လာသည့် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအောက် လျော့နည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စပါးတင်း နှစ်သိန်းကိုးသောင်းကျော်ကို အခြေခံရည်ညွှန်း စပါးဈေးနှုန်းဖြင့် တောင်သူများထံမှ ဝယ်ယူပေးခဲ့ပါကြောင်း၊ မကြာမီကာလအတွင်း နွေစပါးများ ထွက်ပေါ်လာတော့မည်ဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များအနေဖြင့် လိုအပ်ပါက စပါးဝယ်ယူပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန် မှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ဆောင်ရွက်သည့် စပါး၊ ဆန်ဝယ်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် မကြာမီကာလအတွင်း နွေစပါးများ ထွက်ပေါ်လာတော့မည်ဖြစ်၍ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် ကာမိစေရေးနှင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိစေရေး ကြိုတင်မျှော်မှန်း၍ အစီအမံများ ရေးဆွဲဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးအကြံပြုချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး စပါး၊ ဆန်ဝယ်ယူကြီးကြပ်မှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၊ ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# Channel-K , Fortune TV နှင့် YTV ရုပ်သံလိုင်းများအား ဌာနမှ ထုတ်လွှင့်ခွင့် ပိတ်ပင်ထားခြင်းမရှိ

**နေပြည်တော် မတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ရုပ်သံလောကနှင့် ပုဂ္ဂလိကရုပ်သံလိုင်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် MRTV Multi Channel Playout System တွင် Channel–K , Fortune TV နှင့် YTV တို့ကို Digital Free to Air စနစ်ဖြင့် ထုတ်လွှင့်ပေးနိုင်ရန် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ MRTV နှင့် သက်ဆိုင်ရာ ကုမ္ပဏီများ နှစ်ဖက်သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအတွက် သက်ဆိုင်ရာကုမ္ပဏီများက စာချုပ်နှင့်အညီ ပြသလျက်ရှိရာမှ Channel–K သည် မတ် ၁ ရက်၊ နံနက် ၆ နာရီခန့်တွင် ကုမ္ပဏီရှိ Playout Service Error ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း၊ Fortune TV သည် မတ် ၁ ရက်နေ့၊ ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ၎င်းတို့ CER မှ ရန်ကုန်မြို့၊ ပြည်လမ်းရှိ MRTV သို့ ပေးပို့သည့် Fiber လိုင်း ပြတ်တောက်မှုကြောင့် လည်းကောင်း၊ YTV သည် မတ် ၃ ရက်၊ နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် ကုမ္ပဏီ၏ Fiber Cable Error ဖြစ်ပေါ်မှုကြောင့် လည်းကောင်း အစီအစဉ်ထုတ်လွှင့်မှုများ ရပ်ဆိုင်းလျက်ရှိကြောင်း အကြောင်းကြားစာများ ပေးပို့ခဲ့ကြသည်။

ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဌာနဘက်မှ ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် စက်မှုပိုင်းဆိုင်ရာများအား စစ်ဆေးခဲ့ရာ ချို့ယွင်းမှုမရှိဘဲ သက်ဆိုင်ရာ ကုမ္ပဏီများ၏ ရုပ်သံထုတ်လွှင့်မှု အစီအစဉ်များတွင်သာ ချို့ယွင်းမှုဖြစ်ပွားခြင်းဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် အမြန်ပြုပြင်ပြီး ပုံမှန်အတိုင်း ထုတ်လွှင့်နိုင်ရေး စိစစ်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် ပြန်လည်အကြောင်းကြားထားရှိရာ အဆိုပါရုပ်သံလိုင်းများအား ဌာနမှပိတ်ပင်ထားခြင်း မရှိဟု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးဝန်ကြီးဌာန ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၁၃) ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်းပါ အချက်အလက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ ဦးစီးဌာနအလိုက်၊ ကျောင်းအလိုက် အရာထမ်း အမှုထမ်းများကို အဆင့်ဆင့် ထပ်ဆင့်ရှင်းလင်း ဆွေးနွေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန်နှင့် ပြဋ္ဌာန်းထားသည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို ပိုမိုအလေးထား အားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကို ပညာရေးမြို့တော် ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့်မြင့်ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဦးစီးဌာန တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် မိမိတို့၏ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများအပေါ် ကိုယ်ချင်းစာစိတ်ဖြင့် စေတနာထားကာ လက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်တင်ပြဆွေးနွေးကြရာ လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး မတ် ၅

**ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် နံနက် ၁၀ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့် အညီ ကျေးလက်နှင့် မြို့ပြကွာခြားမှုမရှိစေရေး၊ အချို့ကျေးလက်ဒေသများ အဆင့်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် အသုံးစရိတ်များ ရှိပါကြောင်း၊ ချမှတ်ထားသည့် အသုံးစရိတ်များကိုလည်း သက်ဆိုင်ရာ ဌာနများနှင့် ဆွေးနွေးတိုင်ပင်ကာ ဦးစားပေးခေါင်းစဉ်များချမှတ်၍ အချိန်ကုန်ပြီး လုပ်ကိုင်သည့် လုပ်ငန်းမျိုး မဖြစ်ရအောင် မြေပြင်တွင် လုပ်ငန်းပျောက်၍ ငွေကြေးကုန်ကျပြီး လုပ်ငန်းတွင် အရာမရောက်မှုမျိုး မဖြစ်စေရေးအတွက်ငွေပမာဏကိုသုံးသပ်ကာ မည်သည့် မြို့နယ်၊ မည်သည့် နေရာတွင် အသုံးပြုမည်ကို ဌာနဆိုင်ရာအနေဖြင့် တင်ပြထားရန် လိုပါကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲအနေဖြင့်လည်း ချပြမည့်လုပ်ငန်းတွင် အသင့်တော်ဆုံး၊ ဦးစားပေး၊ ဆိုင်းငံ့ရွေးချယ်ကာ လုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်ရာတွင် ပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသွားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၂) ဦးခွန်သိန်းမောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်ကောင်စီအပါအဝင် ကျန်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့တွင် နှစ်စဉ်လိုအပ်နေသည့် လုပ်ငန်းငွေများကို ပြည်ထောင်စုမှ နှစ်စဉ်လိုအပ်ငွေများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအတွက် ငွေလုံးငွေရင်းနှင့် အသုံးစရိတ်ကို ပြည်ထောင်စုမှ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ၎င်းတို့အထဲမှ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၏ ခေါင်းစဉ်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဒေသအခြေအနေအရ မဆောင်ရွက်နိုင်မှုများလည်း ရှိသောကြောင့် မြို့ပြငယ်များတွင် လုပ်ငန်းများ အခက်အခဲများ ရှိနိုင်ကြောင်း၊ ထင်သာမြင်သာရှိမည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အဓိကမှာ မူဝါဒနှင့်အညီ ဒေသရှိပြည်သူများကို အကျိုးပြုနိုင်မည့် လုပ်ငန်းများအား ဆောင်ရွက်ပေးကြရန်၊ ဌာနများအနေဖြင့်လည်း ဝိုင်းဝန်း ဆွေးနွေးပေးကြရန်လိုကြောင်း၊ ထင်သာမြင်သာ ဆောင်ရွက်မည်ဆိုပါက မြို့ပေါ်အနေဖြင့် မြို့ကြီးပြကြီးများသည် တိုးတက်နေပြီဖြစ်၍ ကျန်သည့်မြို့ငယ်များကိုစဉ်းစားပေးရန်လိုကြောင်း၊ မြို့ငယ်များတွင် ထင်သာမြင်သာရှိစေရန် ဥပမာအားဖြင့် ရေပေးဝေရေးလုပ်ငန်းများ၊ မြို့နယ်ခန်းမများ ဟောင်းနွမ်းပျက်စီးနေမှုများရှိပါက ဆောင်ရွက်ပေးရန် သင့်မသင့်၊ ရေရရှိရေးနှင့် လမ်းကိစ္စရပ်များတွင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ညှိနှိုင်းဆွေးနွေး ပြောကြားသွားသည်။

ထို့နောက် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးနေလင်းနှင့် တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများမှ ဆွေးနွေးကြပြီး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ဝန်းသိုမြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်း လမ်းအရည်အသွေး CBR တိုင်းတာစစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

**ဝန်းသို မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကုန်ထုတ်လမ်း နှစ်လမ်း၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကုန်ထုတ်လမ်း တစ်လမ်း စုစုပေါင်း ကုန်ထုတ်လမ်း သုံးလမ်း ဖောက်လုပ်ပေးလျက်ရှိရာ အောင်းပင်ကျေးရွာကုန်ထုတ်လမ်းကို လမ်းအရည်အသွေးသိပ်သည်းမှုကောင်းမွန်ခြင်းရှိ/မရှိ CBR တိုင်းတာစစ်ဆေးခြင်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် အင်ဂျင်နီယာအဖွဲ့တို့က ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းတိုင်းတာစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းတိုင်းတာ စစ်ဆေးရာတွင် လမ်းမိုင်အရှည် နှစ်မိုင်အတွက် (၀/၀)မိုင်မှ (၂/၀) မိုင်အထိ တစ်ဖာလုံလျှင် တစ်ကြိမ်တိုင်းတာစစ်ဆေးခြင်းဆောင်ရွက်ခဲ့ရာ ၁၇ နေရာတွင် စစ်ဆေးတိုင်းတာပေးခဲ့ပြီး သိပ်သည်းမှုလိုအပ်သော နေရာများကို ထပ်မံ၍ ရေဖျန်းစက်ကြိတ်လုပ်ပေးရန်မှာကြားခဲ့ပြီးနောက် ကုန်ထုတ်လမ်းပေါ်ရှိ လိုအပ်နေသော လယ်ရေသွင်းမြောင်းများ၊ စိမ့်ထွက်ရေမြောင်းနေရာများကို သွားလာရေးလွယ်ကူစေရန် ကျေးရွာတာဝန်ခံ/ လမ်းကော်မတီနှင့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါ အောင်းပင်ကျေးရွာ ကုန်ထုတ်လမ်းကို တိုင်းဒေသကြီးဘတ်ဂျက် တင်ဒါအောင်မြင် ငွေကျပ် ၈၉ ဒသမ ၈ သန်းဖြင့် ရွှေသိန်းကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုတိုင်းတာစစ်ဆေးခြင်းသည် ပထမတစ်ပေထု တစ်လွှာခင်းကြိတ်ပြီးဖြစ်၍ သိပ်သည်းမှုကို တိုင်းတာစစ်ဆေးခြင်းဖြစ်ကြောင်း၊ ဒုတိယတစ်ပေထုတစ်လွှာနှင့် ကိုးလက်မထု ဂျင်းထပ်ပိုးလွှာခင်းကြိတ်ခြင်း ဆောင်ရွက်ခြင်းအတွက်လည်း ယခုကဲ့သို့ တစ်လွှာပြီးတိုင်း CBR တိုင်းတာစစ်ဆေးပေးရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံက သိရသည်။

**မွေးကြူဇင်**

# အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ ပြည်သူတွေ ခွဲပြားကြဖို့လိုပါပြီ

ကနောင်

*ယမန်နေ့မှအဆက်*

နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအားလုံးကို ဆောင်ကြဉ်းပေးနိုင်သူများဟာ နိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံရဲ့အရေးကိစ္စတွေကို တတ်စွမ်းတဲ့ဘက်က ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**အဲဒီနေရာမှာ အရေးကြီးဆုံးက မှန်ကန်တဲ့ အသိဉာဏ်၊ ကောင်းမွန်တဲ့ဆုံးဖြတ်ချက်နဲ့ စေတနာမှန်တဲ့လုပ်ရပ်တို့ ဖြစ်ပါတယ်။ အသိမှား၊ အမြင်မှား၊ အတွေးအခေါ် မှားယွင်းနေမယ်ဆိုရင် ဆုံးဖြတ်ချက်ဟူသမျှသည်လည်း မှန်ကန်တော့မှာ မဟုတ်ပါဘူး။ မဟော်သဓာ သုခမိန်ရဲ့ သားတရားစီရင်ခန်းမှာ မိခင်အရင်းဟာ မိမိရဲ့သားငယ်နာကျင်မှာစိုးတဲ့အတွက် အလျှော့ပေးခဲ့တယ်။ ကလေးကို စားလိုတဲ့ ဘီလူးမကတော့ မိခင်အသွင် ဖန်ဆင်းထားပေမယ့် ကလေးအပေါ် အလျှော့မပေးခဲ့တဲ့အတွက် မဟော်သဓာဟာ မိခင်ရင်းကိုဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၉ ရပ်ချမှတ်ပြီး နိုင်ငံတော်အကျိုးစီးပွားအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးနေမှုတွေကို လျစ်လျူရှုပြီး အကြမ်းဖက်မှုကို ဦးတည်ဆန္ဒပြမှုကို အရှိန်မြှင့်နေတိုင်း နိုင်ငံတကာက ကူညီမပေးနိုင်ပါဘူး။ မိမိခံစားချက်နဲ့မိမိ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဘယ်သူ့ကိုမှမထိခိုက်ဘဲ ဆန္ဒထုတ်ဖော်နိုင်ပါတယ်။ ကိုယ့်ခံယူချက်ထက်ပိုပြီး သူတစ်ပါးရဲ့အခွင့်အရေး၊ ဆုံးဖြတ်ချက်ကို ထိပါးလာတာတွေကို ယခုရက်ပိုင်း ပိုမိုမြင်တွေ့လာရပါတယ်။

## နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်လာတဲ့ CDM

**တစ်နိုင်ငံလုံးမှာ နိုင်ငံ့ဝန်ထမ်းတွေ အဓိကခြိမ်းခြောက်ခံနေရတာကတော့ CDM မလုပ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သွေးထိုးမြှောက်ပင့်ပေးသူတွေဟာ "အိမ်ကြက်ချင်းတိုက်"ဆိုတဲ့ အဖြစ်မျိုးရောက်အောင် ဝန်ထမ်းငယ်တွေကို အရင်ဆုံးသွေးထိုးပြီး CDM မှာ ပါဝင်စေပါတယ်။ ဝန်ထမ်းငယ်တွေကိုမှ လစာ၊ ထောက်ပံ့ကြေးနဲ့ နေစရာအချို့ စီစဉ်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ အဆင့်ဆင့်သော ဝန်ထမ်းတွေကို ပြန်လည်စည်းရုံး လှုံ့ဆော်စေပါတယ်။ အဲဒီကနေ ဌာနအသီးသီးအလိုက် ဝန်ထမ်းများအကြား လုပ်ငန်းခွင်အေးချမ်းသာယာမှု ပျက်ပြားအောင်၊ ဝန်ထမ်းများ နိုင်ငံ့တာဝန်ကို စိတ်အေးလက်အေး ထမ်းဆောင်ခြင်းမပြုနိုင်အောင် ကိုယ်၊ စိတ် ၊ နှလုံး ထိခိုက်ခံစားရအောင် အွန်လိုင်းကတစ်ဆင့် ဒါမှမဟုတ် လက်တွေ့ခြိမ်းခြောက်တာကတစ်ဆင့် စော်ကားလှောင်ပြောင်တာ၊ အကျပ်ကိုင်တာတွေကို လုပ်ဆောင်လာကြတာကို တွေ့ရှိနေရပါတယ်။**

ရုံးတက်သူများကို လှောင်ပြောင်၊ အရှက်ခွဲတာအပြင် ရုံးမသွားနိုင်အောင် ပိတ်ဆို့တားဆီးတာ၊ ရုံးမဖွင့်နိုင်အောင် ရုံးကိုပိတ်ဆို့တာမျိုးအပြင် လူမှုကွန်ရက်တွေမှာ အမည်၊ ရာထူး၊ နေရပ်လိပ်စာတွေ၊ မိသားစုဓာတ်ပုံတွေနဲ့တကွ အရှက်ခွဲဖိအားပေးတာတွေကလည်း အလွန်အကျွံများပြားလာခဲ့ပါတယ်။ ဒါက လူ့အခွင့်အရေးချိုးဖောက်ခံနေကြရတာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဟာ တရားဥပဒေနဲ့အညီ၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်နဲ့အညီ ရုံးတာဝန်တွေကို ထမ်းဆောင်ခြင်းဟာ ပြစ်မှုမဟုတ်ပါ။ တာဝန်မထမ်းဆောင်နိုင်အောင် အမျိုးမျိုးဖိအားပေးပြီး အနိုင်အထက်ပြုမူခြင်းက ရာဇသတ်ကြီးပုဒ်မ ၃၅၃ အရ ရာဇဝတ်မှုကျူးလွန်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ယင်းအပြုအမူတွေဟာ ဥပဒေကို မထီမဲ့မြင်ပြုရာရောက်နေပါတယ်။

## CDM တံခါးပိတ်ရင် ဘာဖြစ်လာမလဲ

ဥပဒေနဲ့ မညီညွတ်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီမှတစ်ဆင့် ထွက်ပေါ်လာခဲ့တဲ့ စာတမ်းအချို့မှာလည်း မတ်လ ၇ ရက်နေ့ဟာ နောက်ဆုံးအကြိမ်အဖြစ် ဝန်ထမ်းများကို CDM တွင် ပါဝင်ဖို့ ခေါ်ယူနေတာကို မြင်တွေ့ရပါတယ်။ CDM တံခါးပိတ်မယ်လို့ ပြောဆိုထားပြီး CDM မပြုလုပ်တဲ့ ဝန်ထမ်းတွေကို ပြည်သူ့အစိုးရက အမိန့်စာထုတ်ပြန်ပြီး ပြည်သူ့အကျိုးကို လျစ်လျူရှုသူများအဖြစ် ကြေညာမယ်ဆိုပြီး ခြိမ်းခြောက်ပြောဆိုထားတာကိုလည်း မြင်တွေ့နေရပါတယ်။

နိုင်ငံ့ဝန်ထမ်းအဖြစ် ရွေးချယ်ခဲ့ကြသူတွေဟာ နိုင်ငံနဲ့နိုင်ငံသားတို့ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမယ့်သူတွေ ဖြစ်ပါတယ်။ ထမ်းဆောင်ရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေနဲ့ လိုက်နာရမယ့်စည်းကမ်းတွေကို ဘယ်သောအခါမှ မမေ့ကြသူတွေပဲ ဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေကို လိုက်နာရပြီး ဌာနအသီးသီးက ထုတ်ပြန်ထားတဲ့ သတ်မှတ်ချက်၊ စည်းကမ်းချက်များကိုလည်း လိုက်နာကြရသူတွေ ဖြစ်ပါတယ်။ အခြားနိုင်ငံသားများနည်းတူ ကိုယ်ကြိုက်နှစ်သက်ရာပါတီကို ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်စွာမဲပေးခွင့်ရှိသော်လည်း စည်းရုံးရေးလုပ်ငန်းများကိုတောင် မပြုလုပ်ကြရမည့် လူများဖြစ်ပါတယ်။

မည်သည့်အစိုးရ အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်းများက ပြောင်းလဲ၍မရဘဲ နိုင်ငံတော်ရဲ့ အစိုးရယန္တရားဆက်လက်လည်ပတ်နိုင်စေဖို့ မောင်းနှင်ပေးကြရသူများ ဖြစ်ပါတယ်။ နိုင်ငံ့အစိုးရယန္တရားလည်ပတ်မှုကို ရပ်တန့်စေဖို့ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်မသွားရန် တားမြစ်နေခြင်းက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေတဲ့ကိစ္စဖြစ်ပါတယ်။ CDM တံခါးပိတ်မယ်လို့ သွေးထိုးခြင်းရဲ့ အကျိုးဆက်ဆိုရင် ထိခိုက်မှုခံစားရမှာက ပြည်သူတွေပဲ ဖြစ်ပါတယ်။

## အင်အားသုံးဖြေရှင်းရေးနည်းလမ်းကို အတတ်နိုင်ဆုံးရှောင်ရှား

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အရေးပေါ်ကာလမှာ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေတာပဲ ဖြစ်ပါတယ်။ အာဏာကို အဓမ္မသိမ်းယူထားတာ မဟုတ်ပါဘူးဆိုတာ နိုင်ငံတကာမှာ ဖြစ်ပေါ်ခဲ့တဲ့ အာဏာသိမ်းမှုဖြစ်စဉ်တွေနဲ့ နှိုင်းယှဉ်ရင်ပိုပြီးသိသာပါတယ်။ အင်အားသုံး ဖြေရှင်းတဲ့နည်းလမ်းတွေကို အတတ်နိုင်ဆုံးရှောင်ရှားနေတယ်ဆိုတာကို သတိပြုစေလိုပါတယ်။ လက်နက်ခဲယမ်းအပြည့်အစုံရှိတဲ့ အင်စတီကျူးရှင်းအားကောင်းတဲ့ တပ်မတော်ကသာ အင်အားသုံးဖြေရှင်းခဲ့မယ်ဆိုရင် ပြည်သူတွေရဲ့ ထိခိုက်မှုဖြစ်စဉ်တွေ ဆိုးရွားစွာ ပေါ်ထွက်လာနိုင်ပါသေးတယ်။**

လက်ရှိမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ပြည်တွင်းဥပဒေများနဲ့အညီ အရပ်သား၊ တိုင်းရင်းသားများပါဝင်တဲ့ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက တရားနည်းလမ်းကျကျ၊ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေခြင်းကြောင့်သာ ထိခိုက်မှုနည်းပါးရခြင်းဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ဒီကနေ့အချိန်အခါဟာ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့အချိန်အခါ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် လိုအပ်ချက်ကြောင့် အရေးပေါ်အချိန်ကာလအဖြစ် သတ်မှတ်ထားရချိန်လည်း ဖြစ်ပါတယ်။

**" တစ်နိုင်ငံလုံးမှာ နိုင်ငံ့ဝန်ထမ်းတွေ အဓိကခြိမ်းခြောက်ခံနေရတာကတော့ CDM မလုပ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သွေးထိုးမြှောက်ပင့်ပေးသူတွေဟာ "အိမ်ကြက်ချင်းတိုက်"ဆိုတဲ့အဖြစ်မျိုးရောက်အောင် ဝန်ထမ်းငယ်တွေကို အရင်ဆုံးသွေးထိုးပြီး CDM မှာ ပါဝင်စေပါတယ်။ ဝန်ထမ်းငယ်တွေကိုမှ လစာ၊ ထောက်ပံ့ကြေးနဲ့ နေစရာအချို့ စီစဉ်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ အဆင့်ဆင့်သောဝန်ထမ်းတွေကို ပြန်လည်စည်းရုံးလှုံ့ဆော်စေပါတယ်။ အဲဒီကနေ ဌာနအသီးသီးအလိုက် ဝန်ထမ်းများအကြား လုပ်ငန်းခွင်အေးချမ်းသာယာမှု ပျက်ပြားအောင်၊ ဝန်ထမ်းများ နိုင်ငံ့တာဝန်ကို စိတ်အေးလက်အေး ထမ်းဆောင်ခြင်းမပြုနိုင်အောင် ကိုယ်၊ စိတ် ၊ နှလုံး ထိခိုက်ခံစားရအောင် အွန်လိုင်းကတစ်ဆင့် ဒါမှမဟုတ် လက်တွေ့ခြိမ်းခြောက်တာကတစ်ဆင့် စော်ကားလှောင်ပြောင်တာ၊ အကျပ်ကိုင်တာတွေကို လုပ်ဆောင်လာကြတာကို တွေ့ရှိနေရပါတယ်"**

**" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အရေးပေါ်ကာလမှာ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေတာပဲ ဖြစ်ပါတယ်။ အာဏာကို အဓမ္မသိမ်းယူထားတာ မဟုတ်ပါဘူးဆိုတာ နိုင်ငံတကာမှာ ဖြစ်ပေါ်ခဲ့တဲ့ အာဏာသိမ်းမှုဖြစ်စဉ်တွေနဲ့ နှိုင်းယှဉ်ရင် ပိုပြီးသိသာပါတယ်။ အင်အားသုံးဖြေရှင်းတဲ့ နည်းလမ်းတွေကို အတတ်နိုင်ဆုံးရှောင်ရှားနေတယ်ဆိုတာကို သတိပြုစေလိုပါတယ်။ လက်နက်ခဲယမ်းအပြည့်အစုံရှိတဲ့ အင်စတီကျူးရှင်းအားကောင်းတဲ့ တပ်မတော်ကသာ အင်အားသုံးဖြေရှင်းခဲ့မယ်ဆိုရင် ပြည်သူတွေရဲ့ ထိခိုက်မှုဖြစ်စဉ်တွေ ဆိုးရွားစွာ ပေါ်ထွက်လာနိုင်ပါသေးတယ်"**

နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်မဆင်းအောင်၊ နိုင်ငံရဲ့ စီမံခန့်ခွဲမှုယန္တရား လည်ပတ်လို့မရအောင် လုပ်ဆောင်ပေးဖို့ သွေးဆောင်ဖြားယောင်းတာဟာ နယ်ချဲ့လက်သစ်နိုင်ငံတွေက သူတို့အလိုကျမဟုတ်တဲ့ နိုင်ငံတွေမှာ သွေးထိုးလှုံ့ဆော်တဲ့ နည်းလမ်းတစ်ခုလည်း ဖြစ်ပါတယ်။

## နိုင်ငံပျက်စီးစေဖို့ ရည်ရွယ်တဲ့ CDM

မိမိတို့ထမ်းဆောင်ရမယ့်တာဝန်တွေကို ငြင်းဆန်ပြီး လုပ်ငန်းခွင်ကို စွန့်ခွာခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ လုပ်ငန်းနယ်ပယ်အသီးသီးက ကျွမ်းကျင်ပညာရှင်တွေ၊ လမ်းမများပေါ်မှာ ဆန္ဒပြနေကြသူတွေကို ကြည့်ရင်း မြန်မာပြည်သူတွေ အလွယ်တကူ သွေးဆူနေကြတာကို ရပ်တန့်သင့်ပြီလို့ တောင်းဆိုလိုပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ရက်ပိုင်းအထိ CDM မှာ ပါဝင်ခဲ့ပေမယ့် တစ်ဖက်ကပေးတဲ့ ထောက်ပံ့လစာမရနိုင်တဲ့ သူတွေကိုလည်း မြင်တွေ့ရပါတယ်။ ဒါပေမယ့် လူမှုကွန်ရက်တွေမှာတော့ ကူညီပေးနေတယ်ဆိုပြီး ပြောဆိုနေတုန်းပါပဲ။ တကယ်တမ်းလက်တွေ့ ဝန်ထမ်းဘယ်လောက်ကို ကူညီပေးနေတယ်ဆိုတဲ့ တိကျတဲ့ ကိန်းဂဏန်း၊ ဘယ်လိုငွေတွေနဲ့ ကူညီထောက်ပံ့တယ်ဆိုတဲ့ ခိုင်မာတဲ့အဖွဲ့အစည်းတွေတော့ မမြင်တွေ့ရပါဘူး။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ ပြည်ပအဖွဲ့အစည်းများရဲ့ ကြိုးကိုင်ခြယ်လှယ်မှုတွေ၊ ပြည်တွင်းတရားမဝင်အဖွဲ့အစည်းတွေရဲ့ ချိတ်ဆက်ပေးမှုတွေကနေ CDM လှုပ်ရှားမှုတွေ ဖြစ်ပေါ်နေရတယ်လို့ သုံးသပ်မိပါတယ်။

## ဥပဒေနဲ့အညီထိုက်သင့်တဲ့ အရေးယူမှုတွေ

**ရိုးသားတဲ့ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေ မိမိဆင်ခြင်တုံတရားဖြင့် အမှားနဲ့အမှန် ဝေဖန်ပိုင်းခြားစေလိုပါတယ်။ နိုင်ငံ့တာဝန်ကို မထမ်းဆောင်တာက အပြစ်လား၊ မှန်မှန်ကန်ကန် ရုံးတက်တာက အပြစ်ဖြစ်နိုင်လား၊ လူငယ်များအဖို့ ထောင်ချောက်များအတွင်း သက်ဆင်းမိကာ အနာဂတ်များပျောက်ဆုံးနိုင်မယ့်အရေးမို့ စဉ်းစားဆင်ခြင်စေလိုတာ ဖြစ်ပါတယ်။ CDM ထောင်ချောက်ဟာ နိုင်ငံကောင်းစေဖို့ ပေါ်ထွက်လာတာ မဟုတ်ပါဘူး။ နိုင်ငံတော် ပျက်စီးပြိုကွဲဖို့အတွက် ဦးတည်နေတာကို လယ်ပြင်မှာ ဆင်သွားသလို အထင်းသားမြင်နိုင်ပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်နေကြတဲ့ ဝန်ထမ်းတွေကို လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ဖို့အတွက် နှိုးဆော်ပေးလျက်ရှိနေတာကို မြင်တွေ့ရပါတယ်။ တက်ကြွပြီး နိုင်ငံအတွက် ခလုတ်ကန်သင်းဖြစ်လာစေမယ့် အတားအဆီးတွေကိုလည်း စုံစမ်းဖော်ထုတ်အရေးယူနေပြီ ဖြစ်ပါတယ်။ ဝန်ထမ်းတွေအကြား စိတ်အနှောင့်အယှက်ဖြစ်စေအောင် သွေးထိုးလှုံ့ဆော်နေသူတွေကိုလည်း ထိုက်သင့်တဲ့ အပြစ်ပေးမှုတွေ၊ အရေးယူမှုတွေကို ဥပဒေတွေနဲ့အညီ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးဒေသ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၅**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ Heritage Bagan Hotel အစည်းအဝေးခန်းမ၌ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပုဂံဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ၊ ပုဂံဇုန် ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ဟိုတယ်များမှ အထွေထွေ မန်နေဂျာများနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာအပေါ်ပုံ)**



**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်၊ ပြည်သူနှင့် လုပ်ငန်းရှင်များ အကျိုးရှိစေရေးအတွက် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ပြယုဂ်တစ်ခုဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍသည်နိုင်ငံတော်၏ သံတမန် အငယ်စားဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့်လည်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍအား အထူးအလေးထားပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဟိုတယ်များ ကိုဗစ်-၁၉ ကူးစက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် Enchanting Myanmar Health and Safety Protocols အစီအစဉ်အရ ဟိုတယ်များရှိ ဝန်ထမ်းများကို သင်တန်းများပေးခြင်း၊ Certificate များ ထုတ်ပေးခြင်း၊ ဟိုတယ်များအား ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး ခွင့်ပြုထားရှိပြီးဖြစ်သည့်အတွက် ဟိုတယ်လုပ်ငန်းရှင်များ အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း။

**တွေ့ကြုံရသည့် အခက်အခဲ**

ခရီးသွား လုပ်ငန်းများ ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် လုပ်ငန်းရှင်များ အနေဖြင့်လည်း တည်းခိုခနှုန်းထားများ လျှော့ချနိုင်ရန်အတွက် ဈေးကွက်ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုရှိရန် လိုအပ်ကြောင်း၊ လုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တင်ပြပေးစေလိုပြီး နိုင်ငံတော်၊ လုပ်ငန်းရှင်၊ ဒေသခံပြည်သူအားလုံး၏ အကျိုးဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီပံ့ပိုးကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြားသည်။

**ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေး**

ထို့နောက် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းခ ဖြေလျှော့ပေးမှုအခြေအနေ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရန် စစ်ဆေးဆောင်ရွက်မည့် အခြေအနေများနှင့် သင်တန်းဖွင့်လှစ်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြပြီး ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက ပုဂံခရီးစဉ်ဒေသ အခြေအနေ၊ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်လိုမှု၊ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂံဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ၊ ပုဂံဇုန် ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ဟိုတယ်များမှ အထွေထွေ မန်နေဂျာများက အခွန်အခများ လျှော့ချပေးနိုင်ရေး အခြေအနေ၊ ခရီးသွား လုပ်ငန်းများအတွက် ချေးငွေရရှိရေး ပံ့ပိုးပေးနိုင်မှုများ အပါအဝင် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ထားရှိမှု ကြည့်ရှု**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ဆိုင်ရာ သတ်မှတ် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ထားရှိသည့် Heritage Bagan Hotel အား ကြည့်ရှုစစ်ဆေးပြီးနောက် Aureum Palace Resort သို့ သွားရောက်ကာ ဧည့်သည်များအား Check In နှင့် Menu ဖတ်ရှုနိုင်သည့် ဝန်ဆောင်မှုကို QR Code စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မှု၊ Royal Palace Hotel နှင့် Tharabar Hotel မှ ကိုဗစ်-၁၉ တားဆီး ကာကွယ်ရေးဆိုင်ရာ သတ်မှတ် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဘုရားဖူးလာ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပုဂံဒေသတွင်းရှိ အသစ်ဖော်ထုတ်လျက်ရှိသည့် ကျောက်မျက်မှော် ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း နေရာသို့သွားရောက်၍ နေဝင်ဆည်းဆာ အလှကြည့်ရှုကာ DMO အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ခရီးသွားများ စနစ်တကျသွားလာနိုင်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၅

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ၊ ညောင်ဦးမြို့၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် တံတားဦးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ငါးသိုင်းချောင်းမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များ

နေပြည်တော် မတ် ၅

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့်အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၃၉ ဒသမ ၂ သန်းကျော်အနက် မဲစာရင်း မှားယွင်းနေမှု ပဏာမစိစစ်ချက်အရ ၁၀ ဒသမ ၄ သန်းကျော် ဖြစ်ပွားခဲ့မှုအပေါ် နစ်နာသည့် ပါတီများ၊ ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများနှင့် တပ်မတော်တို့က UEC၊ လွှတ်တော်၊ အစိုးရတို့ထံ ဥပဒေနှင့်အညီ တောင်းဆိုခြင်းအပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအထိ ၂ ကြိမ်တိုင်တိုင် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမရှိဘဲ တတိယအကြိမ် လွှတ်တော်အသစ်ခေါ်ယူ၍ အစိုးအသစ်ဖွဲ့စည်းရန် ကြိုးပမ်းလာခဲ့သည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်မှစ၍ အာဏာသုံးရပ်အား ပုဒ်မ ၄၁၇ နှင့် ၄၁၈ အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။**

ရက်အလိုက်ဖော်ပြပါဆန္ဒဖော်ထုတ်မှုများတွင် အစောပိုင်းကာလများ၌ ဆန္ဒဖော်ထုတ်သူအများစုမှာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုအသွင်ဆောင်သော်လည်း ဖေဖော်ဝါရီ ၉ ရက်နောက်ပိုင်းတွင် အကြမ်းဖက်ဆူပူမှုအသွင်(Riot)၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သောလူအုပ်စု (Anarchy Mob) အသွင်ဖြင့် မြို့ကြီးအချို့တွင် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်လာသည်ကို တွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၇) အရ အရေးပေါ်အခြအနေကြေညာသည့် ကာလအတွင်း ပုဒ်မ (၄၁၃) ပါ လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့် (Martial Law)ထုတ်ပြန်ခြင်းနှင့် ပုဒ်မ(၄၂၀)အရ နိုင်ငံသားများ မူလအခွင့်အရေးကို ကန့်သတ်နိုင်ခြင်း စသဖြင့် ပြုလုပ်နိုင်သော်လည်း ထိုကဲ့သို့ဆောင်ရွက်ခြင်းမပြုခဲ့ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အညင်သာဆုံးနည်းများဖြင့်သာ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ခဲ့သည်။

## ပြောင်းလဲသုံးစွဲလာခဲ့

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အား ဖျက်သိမ်းခြင်းမပြုဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈ တို့အရ ဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းဆောင်ရွက်မှုဖြစ်စဉ်အပေါ် နိုင်ငံတကာမှ ဖေဖော်ဝါရီ ၃ ရက်အထိ Military Coup အဖြစ်ခေါ်ဝေါ်သုံးစွဲခဲ့သော်လည်း နောက်ပိုင်းတွင် State Emergency အဖြစ် ပြောင်းလဲသုံးစွဲလာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေနှင့်အညီ စီမံအုပ်ချုပ်မှုဆောင်ရွက်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသူအုပ်စုအချို့က အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်း ရပ်ဆိုင်း၍ ငွေကြေးစီးဆင်းမှုပြတ်တောက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားရန် ကြိုးပမ်းခဲ့သလို ရုံးလုပ်ငန်းယန္တရားရပ်တန့်စေရန် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း စည်းရုံး၍ Red Ribbon Compaign ဖြင့်စတင်ပြီးနောက်ပိုင်း Civil Disobedience Movement (CDM) လှုပ်ရှားမှုကို အရှိန်မြှင့်ဆောင်ရွက်လာခဲ့သည်။ ဖေဖော်ဝါရီ ၇ ရက်အထိ ဆန္ဒဖော်ထုတ်လှုပ်ရှားမှုကို အေးချမ်းစွာ ဆန္ဒဖော်ထုတ်မှုအသွင်ဖြင့် ဆောင်ရွက်ရာမှ CDM အရှိန်မြှင့်မှုမှတစ်ဆင့် အုပ်စုဖွဲ့ အကျပ်ကိုင်၊ ခြိမ်းခြောက်၊ ဖိအားပေးမှု စသည့် ဆူပူမှုအသွင်သို့ ဦးတည်ပြောင်းလဲလာ၍လည်း ပြည်သူများအနေဖြင့် မဖြစ်သင့် မဖြစ်ထိုက်သည်များ မဖြစ်ပေါ်စေရေး ကြိုတင်သတိပေးသည့်အနေဖြင့် ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို အုပ်စုဖွဲ့ဆူပူမှုအသွင်သို့ ရောက်ရှိလာနိုင်သည့် မြို့ကြီးအချို့တို့တွင် ထုတ်ပြန်ခဲ့ရသည်။

## အနိမ့်ဆုံးအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်

ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော် သပြေကုန်းအဝိုင်းတွင် CDM ခြိမ်းခြောက်အကျပ်ကိုင်မှုတွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြို၊ ပို့ ယာဉ်ကြီးများအား လူအုပ်စုကြီးဖြင့် ကားလမ်းပြည့် ပိတ်ဆို့နှောင့်ယှက်ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ မော်လမြိုင်မြို့ တွင် ရန်ကုန်သို့ ထွက်ခွာမည့် မီးရထားမထွက်နိုင်စေရန် အုပ်စုဖွဲ့၍ ရထားလမ်းပေါ်ပိတ်ဆို့ ဟန့်တားနှောင့်ယှက်ခြင်း၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ယာဉ်တန်းအား အကြမ်းဖက်ရန် ကြိုးပမ်းလာခဲ့ခြင်း၊ မန္တလေးမြို့တွင် မဟာအောင်မြေမြို့နယ်၊ ၃၈ လမ်း၊ ၇၆ x ၇၈ လမ်းနေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူအုပ်စုမှ ညှပ်ပူးညှပ်ပိတ်ပြုလုပ်၍ တုတ်၊ ခဲ၊ လေးခွ၊ ဂျင်ကလိများဖြင့် ပစ်ခတ်နှောင့်ယှက်ဖျက်ဆီးခြင်း၊ တာဝန်ချိန် ရဲဝန်ထမ်းတစ်ဦးအား ရဲဝန်ထမ်းမှန်းသိလျက် အကြောင်းမဲ့၊ ဥပဒေမဲ့လုပ်ရပ်အဖြစ် ဖမ်းဆီးရိုက်နှက်ခဲ့မှုကြောင့် အဆိုပါရဲဝန်ထမ်း သေဆုံးခဲ့ခြင်း စသောဆူပူအကြမ်းဖက်မှုအသွင် အုပ်စုဖွဲ့၍ ရမ်းကားမှုများ ပြုလုပ်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းနှင့် အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရသည်။ ဖြေရှင်းမှုအတွင်း နေပြည်တော်၌ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရပြီး ဆူပူအကြမ်းဖက်သူအချို့ ထိခိုက်ဒဏ်ရာရရှိကာ အချို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။ ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## လုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်

ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးဘူတာကြီးဝန်းကျင်၌ အများပြည်သူခရီးသွားများ၊ မီးရထားဖြင့် ခရီးသွားလာခြင်းမရှိစေရေး မီးရထားသံလမ်းများအား ကွန်ကရစ်ဘလောက်တုံးများ၊ သံလမ်းဟောင်းများ ပိတ်ဆို့တားဆီးခြင်းနှင့် သံလမ်းလွှဲများအကြား အတားအဆီးအမာများထည့်၍ ခရီးသည်များ အသက်အန္တရာယ်ဖြစ်စေသည်အထိ အုပ်စုဖွဲ့ရမ်းကားမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းရာ အကြမ်းဖက်ဆူပူသူလူအုပ်စုမှ တုတ်၊ ဓားများဖြင့် အန္တရာယ်ပြုခြင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် မန္တလေးမြို့ ဂေါဝန်ဆိပ်ကမ်း၌ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဧရာဝတီဌာနခွဲပိုင် ခရီးသည်တင်ရေယာဉ်နှစ်စီးမထွက်ခွာစေရေး CDM လှုပ်ရှားမှုမှ အကြမ်းဖက်အသွင်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တုတ်၊ ဓားများဖြင့် တိုက်ခိုက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးရန်ရည်ရွယ်ချက်ဖြင့် အုပ်စုဖွဲ့ဝိုင်းရံပိတ်ဆို့လာခြင်း၊ ပိတ်ဆို့ခံရသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကူညီနိုင်ရေး ထပ်မံသွားရောက် ပူးပေါင်းသည့် လုံခြုံရေးအဖွဲ့များကိုလည်း ထပ်မံဝိုင်းပတ်ပိတ်ဆို့ကာ ဂျင်ကလိ၊ တုတ်၊ ဓား၊ မိုန်း၊ သံမှူလီ စသည့် အသက်အန္တရာယ်ထိခိုက်စေသော လုပ်ဆောင်မှုများဖြင့် ပြင်းထန်စွာ အကြမ်းဖက်လာ၍ အကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်များနှင့်အညီ မလွှဲသာမရှောင်သာ ဆောင်ရွက်ခဲ့ရသည်။ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးယာဉ် ၅ စီး ပျက်စီးခဲ့ကာ အကြမ်းဖက်သူ ၂ ဦးသေဆုံးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင်လည်း အရပ်သားအချင်းချင်း ခိုက်ရန်ဖြစ်ပွား၍ စိုးရိမ်ဒဏ်ရာရရှိမှုနှင့် ညမထွက်ရအချိန်ဖြစ်မှုအပေါ် ဒဏ်ရာရမိသားစုက နယ်မြေခံရဲတပ်ဖွဲ့အား ဆေးရုံပို့ပေးရန် အကူအညီ တောင်းခံမှုကြောင့် ကူညီပို့ဆောင်ပေးစဉ် လုံခြုံရေးတပ်ဖွဲ့များအပေါ် အနီးကပ် တုတ်၊ဓားများဖြင့် သေစေ နိုင်သည်အထိ အကြမ်းဖက်အန္တရာယ်ပြုလာခြင်းကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက် ဆူပူသူတစ်ဦး သေဆုံးခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံအုပ်ချုပ်မှု ယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရုံးမတက်နိုင်ရေးအုပ်စုဖွဲ့၍ အကြမ်းဖက်ပိတ်ဆို့ဟန့်တားခြင်း၊ ဆူပူဆန္ဒပြခြင်း၊ အုပ်ချုပ်ရေးမှူးရုံးအချို့အား သော့အထပ်ထပ်ခတ်ခြင်း၊ ဝင်၊ ထွက် ပေါက်များကို နည်းမျိုးစုံဖြင့် ပိတ်ဆို့ခြင်းအပြင် ရွှေပြည်သာမြို့နယ်အတွင်း ညအချိန် အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ထားမှုအပေါ် ရုံးခန်းအတွင်းရှိ အုပ်ချုပ်ရေးမှူးနှင့် အရပ်သားအချို့အား NLD ထောက်ခံ သည့် ရန်လိုအကြမ်းဖက်အုပ်စုတစ်စုမှ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ဝင်ရောက်တိုက်ခိုက်ခြင်းများ ဖြစ်ပေါ် လာခဲ့သည်။ အလားတူ လူမှုကွန်ရက်များမှ ဖေဖော်ဝါရီ ၂၂ရက်တွင် အငြိမ်းစားလစာထုတ်ယူမည့် အငြိမ်းစားဝန်ထမ်းများအား ဘဏ်များသို့ မသွားရောက်နိုင်ရန်လမ်းတွင် ပိတ်ဆို့တားဆီးရေး၊ ဘဏ်တွင် ငွေမထုတ်နိုင်ရေးအတွက် နည်းမျိုးစုံဟန့်တားနှောင့်ယှက်ကြရေး လှုံ့ဆော်ဆောင်ရွက်လာသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သတိပေးချက်များ ထုတ်ပြန်တားမြစ်ခဲ့၍ အငြိမ်းစားဝန်ထမ်းများအနေဖြင့် အေးချမ်းစွာ ပင်စင်လစာများ ထုတ်ယူနိုင်ခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ငပုတောမြို့၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့၊ မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့နှင့် သံဖြူဇရပ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံသည့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြသူများကိုလည်း NLD ပါတီဝင်များ ဆူပူ အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုသူများ၊ ပြည်ပအားကိုး ပုဆိန်ရိုးများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်ခြင်း၊ အေးချမ်းစွာဆန္ဒဖော်ထုတ်ပြီးနောက် လူစုခွဲကြသည့် အချိန်များ၌ နေရာအချို့တွင် လူတစ်ဦးချင်း၊ ယာဉ်များအား တုတ်၊ ဓားများဖြင့် အနီးကပ် ရန်စတိုက်ခိုက်နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ လူတစ်ဦးချင်းစီ၏ အရှက်သိက္ခာကျဆင်းစေသည့် လူအုပ်စုအတွင်း အင်္ကျီ၊ လုံချည်၊ ဘောင်းဘီ

*စာမျက်နှာ ၉ သို့*



ရထားသံလမ်းကူးတွင် အန္တရာယ်ဖြစ်စေရန် ပြုလုပ်ထားသော သံချောင်းများကို ရဲတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းဆောင်ရွက်နေစဉ်။



ဆန္ဒပြသူများက လမ်းများပိတ်ဆို့ထားမှုကို တွေ့ရစဉ်။

*** ရှေ့ဖုံးမှ**

CDM ၌ မပါမဖြစ် ပါဝင်လာစေရန် တစ်ဖက်မှလည်း ဖြားယောင်းစည်းရုံးခြင်း တွေ့ရှိရသည်။

ဖေဖော်ဝါရီလတွင် CDM စတင်ချိန်မှစ၍ ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် တရားမဝင် အဖွဲ့အစည်းအသီးသီးက ဆိုရှယ်မီဒီယာများမှ တစ်ဆင့် CDM ၌ ပါဝင်ကြမည့် ဝန်ထမ်းများအား လစာပေးအပ်မည်၊ ဝန်ထမ်းအဖြစ် ထုတ်ပယ်ပါက လည်း အလုပ်ခန့်အပ်ပေးမည်၊ နေစရာ အစိုးရ ဝန်ထမ်းအိမ်ရာမှ ဖယ်ရှားခံရပါကလည်း နေစရာ အိမ်ပေးမည် စသည်ဖြင့်အမျိုးမျိုးသော မက်လုံးပေး ဆွဲဆောင်မှုများဖြင့် စည်းရုံးဆောင်ရွက်ခဲ့ရာ အစပထမအပိုင်း၌ နိုင်ငံ့ဝန်ထမ်းများ၏ ခန့်မှန်း ၃၀ ရာခိုင်နှုန်းမှာ CDM ၌ ပါဝင်ခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ CDM ၌ ပါဝင်သည့် ဝန်ထမ်းအချို့မှာလည်း မိမိတို့၏ မှားယွင်းသောလုပ်ရပ်ကို သိမြင်လာခြင်း၊ CDM ခေါင်းဆောင်ဆိုသူများ၏ အပြောနှင့်အလုပ် မညီမှုအပေါ် စိတ်ပျက်စိတ်ကုန်လာခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရုံးပြန်လည်တက်ရောက်ကြရေး သတိပေးနှိုးဆော်စာများ TV ၊ သတင်းစာများမှ တစ်ဆင့် ဖတ်ရှုရခြင်းတို့ကြောင့် မူလအလုပ်တာဝန်ဝတ္တရားများအား သတ်မှတ်အချိန်မီ ပြန်လည်ထမ်းဆောင်ခဲ့ကြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နိုင်ငံ့ဝန်ထမ်းများ လစာထုတ်ချိန်၌ CDM ၌ ဆက်လက်ပါဝင်နေကြသူများအနေဖြင့် မူလစည်းရုံးခံခဲ့ရချိန် ရရှိမည့်လစာနှင့် ပတ်သက်၍ သက်ဆိုင်ရာဖုန်းနံပါတ်များနှင့် တရားမဝင်အသင်းအဖွဲ့များထံ စုံစမ်းမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

CDM ပါဝင်သူ ဝန်ထမ်းများအား ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် အဖွဲ့အစည်းမျိုးစုံတို့က အံ့မခန်းမက်လုံးပေး၍ စည်းရုံးမှုကြောင့် ပါဝင်လာခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းများ၏ အဓိက အကျဆုံး မူရင်းလစာရရှိရေးကိစ္စ၌မူ CDM ပါဝင်သည့် ဝန်ထမ်းဟောင်းအချို့တို့မှာ ဖော်ပြပါ ပမာဏ ရရှိကြသော်လည်း CDM ဝန်ထမ်းများ အတွက် အလှူငွေကောက်ခံသူ အဖွဲ့အစည်းအသီးသီးအနက် အချို့သောအလှူခံပုဂ္ဂိုလ်၊ တရားမဝင်အဖွဲ့အစည်းများမှလည်း အလှူရှင်အသီးသီးမှ ပေးပို့လာသည့် CDM အတွက် ထောက်ပံ့နေမှုများကိုလည်း အလွဲသုံး ဆောင်ရွက်လျက်ရှိကြကြောင်း သိရှိရသည်။

| စဉ် | မြို့/ဌာန | ဝန်ထမ်းဦးရေ | တစ်ဦးချင်းရရှိနှုန်းထား(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | တောင်ငူမြို့ | ၁၅၂၀ | ၃၀၀၀၀ | |
| ၂ | ဝမ်းတွင်းမြို့ | ၅၀ | ၅၀၀၀၀ | |
| ၃ | နတ်မောက်မြို့ | ၈ | ၂၅၀၀၀ | |
| ၄ | ဖားကန့်မြို့ | ၇၃ | ၁၀၀၀၀၀ | |
| ၅ | စစ်ကိုင်းမြို့ | ၁၃၀၀ | ၂၀၀၀၀၀ | |
| ၆ | တာချီလိတ်မြို့ | ၈၇ | ၁၀၀၀၀၀ | |
| ၇ | ညောင်ရွှေမြို့ | ၃၂ | ၇၀၀၀၀ | |
| ၈ | တောင်တွင်းကြီးမြို့ | ၉ | ၂၀၀၀၀၀ | |
| ၉ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်(သန်လျင်) | ၁၈၀ | ၇၀၀၀ | |
| ၁၀ | မကွေးတက္ကသိုလ် | ၁၃၄ | ၇၀၀၀ | |
| ၁၁ | ရန်ကုန်အဝေးသင် တက္ကသိုလ် | ၆၃ | ၈၀၀၀ | |

နိုင်ငံ့ဝန်ထမ်း တစ်ဦးချင်းစီ၏ ရရှိသည့် အနိမ့်ဆုံး လစာနှုန်းထားမှာ တစ်သိန်း လေးသောင်း ဖြစ်ပြီး ကျန်ဝန်ထမ်းများမှာလည်း အဆင့်လိုက် သတ်မှတ်လစာနှုန်းထား ရရှိကြသူများ ဖြစ်ပါသည်။ အထက်ဖော်ပြပါဇယားတွင် ရရှိသည့် အနိမ့်ဆုံးထောက်ပံ့ကြေးမှာ CDM တစ်ဦးလျှင် သုံးသောင်းခန့်သာရှိရာ နိုင်ငံတော်မှ သတ်မှတ်ထားသည့် နေ့စားအလုပ်သမားတစ်ဦး တစ်ရက် လေးထောင့်ရှစ်ရာကျပ်နှုန်းဖြင့် နှိုင်းယှဉ်ပါက CDM ဆောင်ရွက်သူများ၏ စည်းရုံးမှု၊ ဝါဒဖြန့်မှုနောက် CDM တွင် လိုက်ပါဆောင်ရွက်သူများ၏ မိသားစု စားဝတ်နေရေး ဘဝအခြေအနေမှာ များစွာ စိတ်မကောင်းဖြစ်ဖွယ် ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

CDM ဆောင်ရွက်ရာတွင်လည်း ပါဝင်ပြီးပါက ပြန်လည်ထွက်ခွာမှု မရှိနိုင်စေရေး အချက် ၁၀ ချက်ပါ ဝန်ခံကတိအမျိုးမျိုး၊ CDM အဖွဲ့၏ သတ်မှတ်ပုံစံအမျိုးမျိုး ဖြည့်စွက်ရပြီး အထောက်အထားသိမ်းယူထားခြင်းဖြင့် CDM ပါဝင်သည့် ဝန်ထမ်းများအနေဖြင့် စုပ်လည်းဆူး၊ စားလည်းရူး ဖြစ်ရလျက် လတ်တလော မိသားစုစားဝတ်နေရေး၊ ဘဝရှင်သန်ရပ်တည်နေထိုင်ရေး၊ ရှေ့အနာဂတ်မှာ ပျက်သုဉ်းသွားမှုကိုလည်း စိတ်မကောင်းစွာ တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင် မိမိကိုယ်မိမိ ခန့်အပ်ထားသည့် လူပုဂ္ဂိုလ်တစ်ဦးမှ တရားဝင် နိုင်ငံ့ဝန်ထမ်းများအားCDM ၌ပါဝင်လာစေရေး တရားမဝင် ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင်မှုအပေါ် နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုမရှိကြစေရန် အသိပေးနှိုးဆော်ခြင်းဖြစ်ပြီး လာရောက်နှောင့်ယှက်ခြိမ်းခြောက်ပါက သက်ဆိုင်ရာရုံးဌာနနှင့် ရပ်ကွက်အလိုက် ရှိနေသည့် လုံခြုံရေးအဖွဲ့များနှင့် မူလတိုင်ကြားရန်သတ်မှတ်ထားသည့် ဖုန်းနံပါတ်များသို့ အချိန်မီ အသိပေး အကြောင်းကြားပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*စာမျက်နှာ ၈ မှ*

အဓမ္မဆွဲချတ်ခြင်း၊ အကြောင်းမဲ့ ရိုက်နှက်နှိပ်စက်ခြင်း၊ ကတုံးရိတ်ခြင်းစသည့် အကြမ်းဖက်မှုများအား ဆိုးရွားစွာ ပြုမူဆောင်ရွက်ခဲ့ကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဖြစ်စဉ်နေရာအလိုက် ဖြေရှင်းပေးခဲ့ရသည်။

**တရားဥပဒေကို ကြီးမားစွာ ဖောက်ဖျက်မှုများ**

NLD လိုလားထောက်ခံသူများနှင့် ပြည်ပအားကိုးပုဆိန်ရိုးများ အနေဖြင့် ဝန်ထမ်းများနှင့်ပြည်သူတို့အား CDM နှင့် လူထုလှုပ်ရှားမှု အသွင်ဆောင်ရွက်ရန် နည်းအမျိုးမျိုးဖြင့် ဖိအားပေးဆောင်ရွက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းဖြင့် ပူးပေါင်းပါဝင်စေခြင်း၊ ပါဝင်ခြင်းမရှိသူများအား အုပ်စုဖွဲ့လျက် လူတစ်ဦးစီ၏ ကိုယ်ပိုင် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးဆုံးရှုံးစေသော၊ ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေသော အပြုအမူများဖြင့် ဖိအားပေးခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ Public Punishment အဖြစ် အရှက်သိက္ခာကျစေခြင်းများ ပြုလုပ်လာခဲ့သည်။ နိုင်ငံတကာအဘိဓာန်များတွင် အဓိပ္ပာယ်ဖွင့်ဆိုမှုအရ CDM သည် မည်သည့်အစိုးရ၊ မည်သည့်ဌာန၊ မည်သည့် စီးပွားရေးအဖွဲ့အစည်းများတွင်မဆို အကြမ်းမဖက် လှုပ်ရှားမှုဖြစ်သော်လည်း ဥပဒေနှင့် မညီညွတ်သောလုပ်ရပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် CDM လှုပ်ရှားမှုကို လှုံ့ဆော်သူများ၊ အတင်းအဓမ္မ ဖိအားပေးသူများ၊ ဥပဒေဘောင်အတွင်းက လုပ်ဆောင်နေသည့် ဝန်ထမ်းများကို လူမှုဝန်းကျင်တွင် အပြစ်ရှိသူများအဖြစ် ဥပဒေမဲ့ထိုးနှက်ချက်များလုပ်ဆောင်နေမှုများသည် တရားဥပဒေကို ကြီးမားစွာ ဖောက်ဖျက်မှုများပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ CDM လှုပ်ရှားမှုနှင့် လုပ်ဆောင်မှုများကို အမှန်တရားအဖြစ်ပုံသွင်းပြီး တရားဝင်စေ့ဆော်နေမှုများကိုလက်မခံကြရန် တိုက်တွန်းအပ်ပါသည်။

**“ယနေ့ လက်ရှိအခြေအနေများကို သုံးသပ်ကြည့်မည်ဆိုပါကCDM ဆိုသည့် မျက်နှာဖုံးအောက်တွင် Protect ဆန္ဒဖော်ထုတ်ခြင်း၊ Riot အကြမ်းဖက် လှုံ့ဆော်ဆန္ဒပြခြင်း၊ ယင်းမှတစ်ဆင့် Anarchy Mob မင်းမဲ့စရိုက်အသွင် အကြမ်းဖက်အဖျက်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို အဆင့်ဆင့် လုပ်ဆောင်လာသည်ကို တွေ့ရှိရမည်ဖြစ်”**

ယနေ့ လက်ရှိအခြေအနေများကို သုံးသပ်ကြည့်မည်ဆိုပါက CDM ဆိုသည့် မျက်နှာဖုံးအောက်တွင် Protect ဆန္ဒဖော်ထုတ်ခြင်း၊ Riot အကြမ်းဖက်လှုံ့ဆော်ဆန္ဒပြခြင်း၊ ယင်းမှတစ်ဆင့် Anarchy Mob မင်းမဲ့စရိုက်အသွင် အကြမ်းဖက်အဖျက်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို အဆင့်ဆင့် လုပ်ဆောင်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဥပဒေချိုးဖောက်မှုများအပေါ် တရားဥပဒေစိုးမိုးရေးအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အချို့မြို့ကြီးများတွင် မီးကွင်းပစ်ခြင်း၊ အဆိပ်ခတ်ခြင်း စသော ကောလာဟလများဖြင့် အများပြည်သူကို ထိတ်လန့်တုန်လှုပ်စေ၍ နိုင်ငံကြီးအချို့တွင် ဖြစ်ပွားခဲ့သော အဓိကရုဏ်းကာလဖြစ်စဉ်များကဲ့သို့ ရပ်ရွာနှင့် လမ်းလုံခြုံရေးကို ရပ်ရွာအစီအစဉ်ဖြင့်သာ ဆောင်ရွက်နေရသည်ဟု လုံခြုံရေးယန္တရားကျိုးပျက်နေသည့်အသွင် ဖန်တီးလာခြင်းနှင့် မြို့ကြီးများတွင် ငြိမ်းချမ်းစွာဆန္ဒပြရာမှ မင်းမဲ့စရိုက်ဆန်သော ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာသဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ နှင့် အုပ်စုဖွဲ့အကြမ်းဖက်မှုတို့၏ ပြစ်မှုဆိုင်ရာ အကြောင်းခြင်းရာများနှင့် ကျခံရနိုင်သော ပြစ်ဒဏ်များကို ဖော်ပြလျက် ထုတ်ပြန်ထားသည့်ဥပဒေများကို လေးစားလိုက်နာကြရန်နှင့် မလိုက်နာပါက မလွှဲမရှောင်သာ အရေးယူရမည်ဖြစ်ကြောင်း သတိပေးချက်များကို MRTV နှင့် MWD တီဗွီသတင်း၊ နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်ပေးခဲ့သည်။

ထိုသို့ထုတ်ပြန်ခဲ့သော်လည်း ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်တို့တွင် အကြမ်းဖက်လူအုပ်စုများသည် သတိပေးချက်များကို လိုက်နာမှုမရှိဘဲ အကြမ်းဖက်လုပ်ရပ်များအပြင် လုံခြုံရေးတပ်ဖွဲ့များအား ထိပ်တိုက်ရင်ဆိုင်၍ အသက်အန္တရာယ်ဖြစ်စေသည်အထိ တုတ်၊ဓား၊ ဂျင်ကလိ၊ သံလက်သီးကွင်းများ၊ ဘော့စ်ဘောရိုက်တုတ်များ စသည်တို့ဖြင့် ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်သော ထိပ်တိုက်ရင်ဆိုင်အကြမ်းဖက်ခြင်း၊ အပြစ်မဲ့ပြည်သူအချို့၏ နေအိမ်၊ ဈေးဆိုင်များနှင့် နိုင်ငံပိုင်ယာဉ်ယန္တရား၊ ယာဉ်ထိန်း ကင်းရုံတို့အား ဖျက်ဆီးခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်မှုဆောင်ရွက်ခြင်းအပြင် တိုက်ခန်းများအပေါ်မှ ရေနွေးပူဖြင့် လောင်းချခြင်း စသည့်လုပ်ရပ်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ လူစုလူဝေးကြီးကြပ်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်မှ မိမိကိုယ်ကိုမိမိ ခုခံကာကွယ်ခွင့်အထိ အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များကို အသုံးပြု၍ ဆူပူအကြမ်းဖက်မှုများကို မလွှဲမရှောင်သာ အကြိမ်ကြိမ် သတိပေးပြီးမှသာ ဖြိုခွဲခဲ့ရသည်။ ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်တို့တွင် ဆူပူအကြမ်းဖက်သူအချို့ကို ထိန်းသိမ်းခဲ့ရပြီး ထားဝယ်မြို့တွင် ၄ ဦး၊ ပဲခူးမြို့တွင် ၂ ဦး၊ မကွေးမြို့တွင် ၁ ဦး၊ ရန်ကုန်တွင် ၃ ဦး နှင့် မန္တလေးတွင် ၁ ဦး သေဆုံးခဲ့ရသည်။ မန္တလေးတွင် ထိန်းသိမ်းထားသူများမှ တစ်ဦးမှာ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးခဲ့၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အချို့မြို့ကြီးများတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း ဖေဖော်ဝါရီ ၈ ရက်အထိ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုများအပေါ် စိတ်ရှည်သည်းခံစွာဖြင့် စောင့်ကြည့်ခြင်း၊ သတိပေးခြင်းများသာ ဆောင်ရွက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်း အများပြည်သူ၏ တည်ငြိမ်အေးချမ်းစွာ နေထိုင်စားသောက်ရေးအပေါ် ထိခိုက်စေသော အကြမ်းဖက်ဆူပူခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားနှင့် စီမံခန့်ခွဲရေးယန္တရားအား အဓမ္မနည်းဖြင့် အကျပ်ကိုင်ခြိမ်းခြောက်ဟန့်တားလာခြင်း၊ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် အရှက်သိက္ခာ၊ လူ့အခွင့်အရေးကို ဆုံးရှုံးထိခိုက်စေသော ဆိုးရွားသည့်အုပ်စုဖွဲ့အကြမ်းဖက်ခြင်း၊ ဖျက်ဆီးခြင်း၊ ထိပ်တိုက်ရင်ဆိုင်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် သတိပေးချက်ထုတ်ပြန်ခြင်း၊ အကြမ်းဖက်အုပ်စုအား ဖြိုခွဲရာတွင်လည်း အနည်းဆုံးအင်အားဖြင့်သာ လူစုခွဲခြင်း ဆောင်ရွက်ခဲ့ရသည်။

အရေးပေါ်ကာလသတ်မှတ်ပြီးချိန်မှစတင်၍ အကြမ်းဖက်ဆူပူမှုများကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံကြီးအချို့ဆူပူရမ်းကား အကြမ်းဖက်သည့်လူအုပ်စုများကို ဖြိုခွဲသည့်ပုံစံများထက် ပိုမိုပျော့ပျောင်းသည့် မလွှဲမရှောင်သာသော အခြေအနေမျိုးတွင်သာ အနည်းဆုံးအင်အားတို့ဖြင့် ထိခိုက်ဒဏ်ရာရမှု အနည်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ပြည်သူများအနေဖြင့် NLD ပါတီဝင်များ၊ ထောက်ခံဝန်းရံသူများနှင့် ပြည်ပအားကိုး ပုဆိန်ရိုးများ၏ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများကို လက်သင့်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား လေးစားလိုက်နာကြရန် ဖြစ်ပါသည်။

**သတင်းစဉ်**

● *ကျော့ဖုံးမှ*

မဲလက်မှတ်အရေအတွက်မှာ ၁၁၇၄၅ ဖြစ်ပြီး တရားမဝင်အပိုသုံး မဲလက်မှတ်အရေအတွက်မှာ ၅၉၉၃ ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### တာမွေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပိုသုံး | |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၂၇၀၅၀ | ၇၆၅၇၂ | ၅၀၄၇၈ | ၄၄၇၂၆ | ၁၁၇၄၅ | ၅၉၉၃ | |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၂၁၈၆ | ၂၁၈၆ | - | - | - | - | |
| ၃ | မြို့နယ် လက်ကျန် မဲလက်မှတ် | ၁၁၀၇၈ | - | ၁၁၀၇၈ | ၁၁၀၇၈ | - | - | |
| | စုစုပေါင်း | ၁၄၀၃၁၄ | ၇၈၇၅၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ | |

တာမွေမြို့နယ်တွင် မဲရုံအသုံးပြု ဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်သိမ်းဆည်းအပ်နှံပြီးနောက်ပိုင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများလက်ဝယ်၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် အသုံးပြုပြီး ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း ၁၅၃ စောင်နှင့် အသုံးမပြုရသေးသည့် မဲလက်မှတ် ၂၈၄၉ စောင်တို့အား ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ထပ်မံအပ်နှံလာသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရောနှောထုပ်ပိုးသိမ်းဆည်းထားသည့်အတွက် သီးခြားထိန်းသိမ်းလက်မှတ်များအဖြစ် မြေပြင်တွင် စိစစ်တွေ့ရှိရပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဇ)တွင် "မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီ ထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည်-

(၁) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊

(၂) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊

(၃) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

(၄) ပယ်မဲ ပုံစံ(၁၇)များ။" ဟု ပြဋ္ဌာန်းထားသည်။

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

ရပ်ကွက်မဲရုံ ၃၇ ရုံတို့တွင် ထုတ်ပေးထားသော မဲလက်မှတ် အရေအတွက်ထက် အသုံးပြုအရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မဲရုံများတွင် မဲလက်မှတ် အပိုသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပြီး အပိုမဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရပါသည်။

### တာမွေမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း

| စဉ် | ရပ်ကွက်အမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | အပိုရွက်ရေ |
|---|---|---|---|---|---|
| ၁ | မအူကုန်း | ၄ | ၁၇၀၀ | ၁၇၅၀ | ၅၀ |
| ၂ | မအူကုန်း | ၅ | ၁၆၀၀ | ၁၆၅၀ | ၅၀ |
| ၃ | ပုဏ္ဏားကုန်း | ၂ | ၁၃၅၀ | ၁၄၄၈ | ၉၈ |
| ၄ | အရိုးကုန်း | ၃ | ၇၀၀ | ၇၀၈ | ၈ |
| ၅ | အရိုးကုန်း | ၄ | ၈၀၀ | ၈၅၂ | ၅၂ |
| ၆ | အရိုးကုန်း | ၇ | ၆၀၀ | ၆၅၀ | ၅၀ |
| ၇ | နတ်မောက် | ၁ | ၇၀၀ | ၇၅၀ | ၅၀ |
| ၈ | နတ်မောက် | ၂ | ၈၀၀ | ၈၅၀ | ၅၀ |
| ၉ | ကျောက်မြောင်း(အရှေ့) | ၄ | ၉၅၀ | ၉၆၀ | ၁၀ |
| ၁၀ | ကျောက်မြောင်း(အရှေ့) | ၅ | ၇၀၀ | ၇၄၉ | ၄၉ |
| ၁၁ | ဗျိုင်းရေအိုးစင်ကွက်သစ် | ၁ | ၁၁၅၀ | ၁၂၀၀ | ၅၀ |
| ၁၂ | ဗျိုင်းရေအိုးစင်ကွက်သစ် | ၃ | ၇၅၀ | ၈၀၃ | ၅၃ |
| ၁၃ | ဗျိုင်းရေအိုးစင်ကွက်သစ် | ၄ | ၅၀၀ | ၇၀၀ | ၂၀၀ |
| ၁၄ | ဗျိုင်းရေအိုးစင်ရွာမ | ၁ | ၁၀၀၀ | ၁၀၇၃ | ၇၃ |
| ၁၅ | ဗျိုင်းရေအိုးစင်ရွာမ | ၄ | ၁၄၀၀ | ၁၄၆၃ | ၆၃ |
| ၁၆ | မလွကုန်းဈေးကွယ်(က) | ၄ | ၇၅၀ | ၁၄၈၅ | ၇၃၅ |
| ၁၇ | တာမွေကြီး(ခ) | ၅ | ၈၀၀ | ၈၀၉ | ၉ |
| ၁၈ | တာမွေကြီး(ခ) | ၆ | ၇၅၀ | ၈၆၅ | ၁၁၅ |
| ၁၉ | တာမွေကြီး(ခ) | ၇ | ၁၀၅၀ | ၁၁၅၀ | ၁၀၀ |
| ၂၀ | တာမွေကြီး(ခ) | ၈ | ၁၀၀၀ | ၁၀၅၃ | ၅၃ |
| ၂၁ | တာမွေကြီး(ခ) | ၉ | ၁၃၀၀ | ၁၅၁၂ | ၂၁၂ |
| ၂၂ | တာမွေကြီး(က+ဂ) | ၈ | ၇၀၀ | ၇၅၀ | ၅၀ |
| ၂၃ | မေတ္တာညွန့် | ၁ | ၉၅၀ | ၁၀၁၄ | ၆၄ |
| ၂၄ | မေတ္တာညွန့် | ၆ | ၄၅၀ | ၄၆၃ | ၁၃ |
| ၂၅ | မေတ္တာညွန့် | ၇ | ၁၄၅၀ | ၁၅၀၀ | ၅၀ |
| ၂၆ | မေတ္တာညွန့် | ၉ | ၇၀၀ | ၇၅၂ | ၅၂ |
| ၂၇ | မေတ္တာညွန့် | ၁၀ | ၁၁၀၀ | ၁၂၀၀ | ၁၀၀ |
| ၂၈ | မေတ္တာညွန့် | ၁၁ | ၅၀၀ | ၅၅၀ | ၅၀ |
| ၂၉ | မေတ္တာညွန့် | ၁၂ | ၁၃၅၀ | ၁၄၀၀ | ၅၀ |
| ၃၀ | မေတ္တာညွန့် | ၁၄ | ၁၀၅၀ | ၁၁၀၀ | ၅၀ |
| ၃၁ | မေတ္တာညွန့် | ၁၅ | ၅၀၀ | ၅၅၀ | ၅၀ |
| ၃၂ | မေတ္တာညွန့် | ၁၆ | ၁၁၀၀ | ၁၁၅၅ | ၅၅ |
| ၃၃ | မေတ္တာညွန့် | ၁၇ | ၁၅၀၀ | ၁၆၀၀ | ၁၀၀ |
| ၃၄ | နတ်ချောင်း | ၄ | ၁၀၅၀ | ၁၁၂၅ | ၇၅ |
| ၃၅ | တာမွေလေး | ၁ | ၃၀၀ | ၃၅၀ | ၅၀ |
| ၃၆ | တာမွေလေး | ၆ | ၄၅၀ | ၅၀၀ | ၅၀ |
| ၃၇ | မာန်အောင် | ၁ | ၈၀၀ | ၈၀၂ | ၂ |
| | ရပ်/ကျေး၊ မဲရုံမှူးမှ အပ် | | | | ၃၀၀၂ |
| | စုစုပေါင်း | | ၃၄၃၀၀ | ၃၇၂၉၁ | ၅၉၉၃ |


ရပ်ကွက်မဲရုံ ၇၂ ရုံတို့တွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### တာမွေမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ်ပျောက်ဆုံးစာရင်း

| စဉ် | ရပ်ကွက်အမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁ | မအူကုန်း | ၁ | ၁၇၀၀ | ၁၁၄၉ | ၅၅၁ |
| ၂ | မအူကုန်း | ၂ | ၁၈၅၀ | ၁၇၀၀ | ၁၅၀ |
| ၃ | မအူကုန်း | ၃ | ၁၇၅၀ | ၁၆၅၄ | ၉၆ |
| ၄ | ပုဏ္ဏားကုန်း | ၁ | ၁၇၀၀ | ၁၅၀၀ | ၂၀၀ |
| ၅ | အရိုးကုန်း | ၁ | ၆၅၀ | ၆၃၅ | ၁၅ |
| ၆ | အရိုးကုန်း | ၂ | ၈၀၀ | ၇၄၉ | ၅၁ |
| ၇ | အရိုးကုန်း | ၅ | ၈၅၀ | ၈၄၉ | ၁ |
| ၈ | အရိုးကုန်း | ၆ | ၁၀၅၀ | ၉၃၁ | ၁၁၉ |
| ၉ | အရိုးကုန်း | ၉ | ၆၅၀ | ၆၂၆ | ၂၄ |
| ၁၀ | နတ်မောက် | ၃ | ၇၀၀ | ၆၉၈ | ၂ |
| ၁၁ | ဘိုလိန်းအောင်မင်္ဂလာ | ၁ | ၁၂၀၀ | ၉၃၈ | ၂၆၂ |
| ၁၂ | ဘိုလိန်းအောင်မင်္ဂလာ | ၂ | ၁၅၀၀ | ၁၃၀၀ | ၂၀၀ |
| ၁၃ | ဘိုလိန်းအောင်မင်္ဂလာ | ၃ | ၅၀၀ | ၄၅၀ | ၅၀ |
| ၁၄ | ကျောက်မြောင်းကြီး | ၁ | ၇၀၀ | ၅၉၅ | ၁၀၅ |
| ၁၅ | ကျောက်မြောင်းကြီး | ၂ | ၁၁၀၀ | ၁၀၉၈ | ၂ |
| ၁၆ | ကျောက်မြောင်းကြီး | ၃ | ၁၃၀၀ | ၁၂၀၀ | ၁၀၀ |

*စာမျက်နှာ ၁၁ သို့*

# ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများ တက်ရောက်ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

| | | | | | |
|---|---|---|---|---|---|
| ၁၇ | ကျောက်မြောင်းကြီး | ၄ | ၁၃၅၀ | ၁၂၀၀ | ၁၅၀ |
| ၁၈ | ကျောက်မြောင်းကြီး | ၅ | ၁၆၀၀ | ၁၃၅၀ | ၂၅၀ |
| ၁၉ | ကျောက်မြောင်းကြီး | ၇ | ၁၁၅၀ | ၁၁၀၀ | ၅၀ |
| ၂၀ | ကျောက်မြောင်းကြီး | ၉ | ၈၅၀ | ၆၀၀ | ၂၅၀ |
| ၂၁ | ကျောက်မြောင်းကြီး | ၁၀ | ၈၀၀ | ၆၀၀ | ၂၀၀ |
| ၂၂ | ကျောက်မြောင်းအထက် | ၁ | ၁၁၀၀ | ၉၅၀ | ၁၅၀ |
| ၂၃ | ကျောက်မြောင်းအထက် | ၂ | ၁၄၅၀ | ၁၁၅၀ | ၃၀၀ |
| ၂၄ | ကျောက်မြောင်းအထက် | ၃ | ၁၁၀၀ | ၁၀၄၉ | ၅၁ |
| ၂၅ | ကျောက်မြောင်း(အရှေ့) | ၁ | ၈၅၀ | ၆၅၀ | ၂၀၀ |
| ၂၆ | ကျောက်မြောင်း(အရှေ့) | ၂ | ၉၅၀ | ၉၄၈ | ၂ |
| ၂၇ | ပုသိမ်ညွန့် | ၁ | ၁၁၀၀ | ၉၀၀ | ၂၀၀ |
| ၂၈ | ပုသိမ်ညွန့် | ၂ | ၁၀၀၀ | ၇၅၁ | ၂၄၉ |
| ၂၉ | ပုသိမ်ညွန့် | ၃ | ၁၁၅၀ | ၉၄၈ | ၂၀၂ |
| ၃၀ | ပုသိမ်ညွန့် | ၄ | ၆၀၀ | ၃၉၅ | ၂၀၅ |
| ၃၁ | ပုသိမ်ညွန့် | ၅ | ၉၅၀ | ၆၅၁ | ၂၉၉ |
| ၃၂ | ပုသိမ်ညွန့် | ၆ | ၁၀၀၀ | ၄၅၀ | ၅၅၀ |
| ၃၃ | ပုသိမ်ညွန့် | ၇ | ၇၅၀ | ၆၀၀ | ၁၅၀ |
| ၃၄ | ပုသိမ်ညွန့် | ၈ | ၉၅၀ | ၇၅၂ | ၁၉၈ |
| ၃၅ | ကျားကွက်သစ် | ၁ | ၈၀၀ | ၇၈၉ | ၁၁ |
| ၃၆ | ကျားကွက်သစ် | ၂ | ၁၁၀၀ | ၁၀၂၇ | ၇၃ |
| ၃၇ | ကျားကွက်သစ် | ၃ | ၁၃၀၀ | ၁၂၃၁ | ၆၉ |
| ၃၈ | ကျားကွက်သစ် | ၄ | ၁၁၀၀ | ၁၀၇၂ | ၂၈ |
| ၃၉ | ကျားကွက်သစ် | ၅ | ၈၀၀ | ၇၀၀ | ၁၀၀ |
| ၄၀ | ကျားကွက်သစ် | ၆ | ၁၄၀၀ | ၈၃၄ | ၅၆၆ |
| ၄၁ | ကျားကွက်သစ် | ၇ | ၁၃၅၀ | ၁၀၅၂ | ၂၉၈ |
| ၄၂ | ကျားကွက်သစ် | ၈ | ၈၀၀ | ၇၆၀ | ၄၀ |
| ၄၃ | ဗျိုင်းရေအိုးစင်ကွက်သစ် | ၂ | ၈၀၀ | ၇၀၀ | ၁၀၀ |
| ၄၄ | ဗျိုင်းရေအိုးစင်ကွက်သစ် | ၅ | ၆၀၀ | ၅၅၀ | ၅၀ |
| ၄၅ | ဗျိုင်းရေအိုးစင်ရွာမ | ၂ | ၇၅၀ | ၆၉၄ | ၅၆ |
| ၄၆ | ဗျိုင်းရေအိုးစင်ရွာမ | ၅ | ၁၀၀၀ | ၉၇၀ | ၃၀ |
| ၄၇ | မလွန်ကုန်းဌေးကြွယ်(က) | ၁ | ၁၁၅၀ | ၇၅၀ | ၄၀၀ |
| ၄၈ | မလွန်ကုန်းဌေးကြွယ်(က) | ၂ | ၁၀၅၀ | ၇၅၀ | ၃၀၀ |
| ၄၉ | မလွန်ကုန်းဌေးကြွယ်(က) | ၃ | ၁၀၅၀ | ၇၅၀ | ၃၀၀ |
| ၅၀ | မလွန်ကုန်းဌေးကြွယ်(က) | ၅ | ၈၅၀ | ၇၅၀ | ၁၀၀ |
| ၅၁ | မလွန်ကုန်းဌေးကြွယ်(က) | ၆ | ၁၃၀၀ | ၇၅၀ | ၅၅၀ |
| ၅၂ | မလွန်ကုန်းဌေးကြွယ်(က) | ၇ | ၁၁၅၀ | ၉၅၀ | ၂၀၀ |
| ၅၃ | တာမွေကြီး(ခ) | ၁ | ၁၆၅၀ | ၁၅၀၀ | ၁၅၀ |
| ၅၄ | တာမွေကြီး(ခ) | ၂ | ၁၃၀၀ | ၉၅၇ | ၃၄၃ |
| ၅၅ | တာမွေကြီး(ခ) | ၃ | ၁၂၀၀ | ၁၁၆၀ | ၄၀ |
| ၅၆ | တာမွေကြီး(ခ) | ၄ | ၁၆၅၀ | ၁၅၃၅ | ၁၁၅ |
| ၅၇ | တာမွေကြီး(က+ဂ) | ၁ | ၁၃၅၀ | ၁၁၄၉ | ၂၀၁ |
| ၅၈ | တာမွေကြီး(က+ဂ) | ၂ | ၁၂၅၀ | ၁၁၀၀ | ၁၅၀ |
| ၅၉ | တာမွေကြီး(က+ဂ) | ၃ | ၁၈၀၀ | ၁၇၅၀ | ၅၀ |
| ၆၀ | တာမွေကြီး(က+ဂ) | ၄ | ၁၉၀၀ | ၁၃၉၉ | ၅၀၁ |
| ၆၁ | တာမွေကြီး(က+ဂ) | ၅ | ၁၉၅၀ | ၁၇၀၀ | ၂၅၀ |
| ၆၂ | တာမွေကြီး(က+ဂ) | ၇ | ၈၅၀ | ၈၀၂ | ၄၈ |
| ၆၃ | မေတ္တာညွန့် | ၃ | ၁၁၅၀ | ၁၀၀၀ | ၁၅၀ |
| ၆၄ | မေတ္တာညွန့် | ၄ | ၆၅၀ | ၆၀၀ | ၅၀ |
| ၆၅ | မေတ္တာညွန့် | ၈ | ၁၃၀၀ | ၁၀၅၃ | ၂၄၇ |
| ၆၆ | မေတ္တာညွန့် | ၁၃ | ၁၂၀၀ | ၁၀၅၀ | ၁၅၀ |
| ၆၇ | နတ်ချောင်း | ၁ | ၁၂၀၀ | ၁၁၂၉ | ၇၁ |
| ၆၈ | နတ်ချောင်း | ၂ | ၇၅၀ | ၆၆၃ | ၈၇ |
| ၆၉ | နတ်ချောင်း | ၃ | ၁၃၀၀ | ၁၁၅၂ | ၁၄၈ |
| ၇၀ | တာမွေလေး | ၃ | ၆၅၀ | ၆၁၁ | ၃၉ |
| ၇၁ | တာမွေလေး | ၄ | ၅၀၀ | ၄၀၂ | ၉၈ |
| ၇၂ | မာန်အောင် | ၂ | ၉၅၀ | ၉၄၈ | ၂ |
| စုစုပေါင်း | | | ၇၉၆၀၀ | ၆၇၈၅၅ | ၁၁၇၄၅ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နီပွန်သံမဏိကုမ္ပဏီမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိရောက်အောင် ပြုလုပ်ရန် ရည်ရွယ်ထား

**တိုကျို မတ် ၅**

ဂျပန်နိုင်ငံ၏ အကြီးဆုံး သံမဏိကုမ္ပဏီကြီးဖြစ်သည့် နီပွန်သံမဏိကုမ္ပဏီသည် ၂၀၅၀ ပြည့်နှစ်ရောက်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်း အထိရောက်အောင် ပြုလုပ်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း သိရသည်။

ဂျပန်အစိုးရက ကာဗွန်ကင်းစင်သည့် လူမှုအဖွဲ့အစည်း ပြုလုပ်ရန်အတွက် ရည်ရွယ်ထားသည့် ကာလနှင့် ထပ်တူညီစွာ နီပွန်ကုမ္ပဏီကလည်း ရည်ရွယ်ထားခြင်းဖြစ်သည်။

သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများသည် ကျောက်မီးသွေး စွမ်းအင်အသုံးပြုကာ သတ္တုဖိုများကို လည်ပတ်စေသည့်အတွက် ကာဗွန်ဒိုင်အောက်ဆိုက် အမြောက်အမြား ထွက်ရှိသည်။

ပြည်တွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှု၏ ၁၅ ရာခိုင်နှုန်းမှာ အဆိုပါလုပ်ငန်းမှ ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသုံး သတ္တုဖိုများ လည်ပတ်စေခြင်းဖြင့် အရည်အသွေး ကောင်းမွန်သည့် သံမဏိများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနများနှင့် နည်းပညာများ တိုးတက်လာအောင် လုပ်ဆောင်သွားမည်ဟု နီပွန်ကုမ္ပဏီ၏ သတင်းအရင်းအမြစ်က ပြောသည်။

ဟိုက်ဒရိုဂျင်နှင့် ဆက်နွယ်သည့် နည်းပညာသစ်များကိုလည်း ရှာဖွေသွားမည်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို မြေအောက်တွင် သိုလှောင် ထားနိုင်ရေးအတွက်လည်း နည်းလမ်းများ ရှာဖွေသွားမည်ဟု ဆိုသည်။

အဆိုပါ ရည်မှန်းချက်အတိုင်း လုပ်ဆောင်နိုင်ရေးအတွက် နီပွန်ကုမ္ပဏီသည် ယန်း ၅ ထရီလီယံဝန်းကျင် ရင်းနှီးမြှုပ်နှံမှု လိုအပ်မည်ဖြစ်သည်။

အစိုးရထံက ကာလရှည် ဘဏ္ဍာရေးထောက်ပံ့မှုကို ရှာဖွေသွားရန်လည်း စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**



နီပွန်သံမဏိသတ္တုဖိုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# နယူးဇီလန်တွင် ငလျင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက်ထွက်ပေါ်


**ဝယ်လ်လင်တန် မတ် ၅**

တောင်ပစိဖိတ် ဒေသတွင် အင်အားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံမှ ထောင်နှင့်ချီသည့် လူများသည် မတ် ၅ ရက်တွင် ကုန်းမြင့်ပိုင်းဒေသများသို့ လျင်မြန်စွာ ပြောင်းရွှေ့နေကြရသည်။

နယူးဇီလန်နိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းတွင် ပြင်းအား ၈ ဒသမ ၁ မဂ္ဂနီကျုရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်။ ယင်းနောက် မက္ကဆီကိုနှင့် ပီရူးနိုင်ငံတို့တွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ကဲရီမက်ဒက် ကျွန်းနားတွင် ငလျင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးက ပြောသည်။ မတ် ၅ ရက် အစောပိုင်းတွင် လှုပ်ခတ်ခဲ့သည့် ငလျင်မှာ ကြီးမားသော လှုပ်ခတ်မှုတစ်ခုဖြစ်သည်။ နယူးဇီလန်မြောက်ပိုင်းကျွန်းတွင် နေထိုင်ကြသူများကို နေရာရွှေ့ပြောင်းရေးလုပ်ငန်းများ လုပ်ကိုင်ပေးခဲ့ကြသည်။ သေဆုံးဒဏ်ရာရရှိသူများ စာရင်းမရှိဟု ဒေသခံအာဏာပိုင်များက ပြောသည်။ ယခုအခါ တိုင်းပြည်ရှိ အာဏာပိုင်များသည် ဆူနာမီ သတိပေးချက်ထုတ်ပြန်ထားသည်။ အချို့နေရာများတွင် နေထိုင်ကြသူများကို ကမ်းခြေနှင့် ဝေးဝေးတွင် နေထိုင်ကြရန် အကြံပြုထားသည်။ ဗင်နွာတူကျွန်းနိုင်ငံတွင် တစ်မီတာမှ သုံးမီတာအထိ ဆူနာမီလှိုင်းလုံးများ ဖြစ်ပေါ်လာနိုင်သည်ဟု အမေရိကန်ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထု တိုင်းတာရေး အေဂျင်စီက သတိပေးချက် ထုတ်ပြန်ထားသည်။

သြစတြေးလျနိုင်ငံရှိ နော်ဖလော့ကျွန်းနှင့် နယူးဇီလန်နိုင်ငံရှိ ဂရိတ်ဘယ်ရီရာကျွန်းတို့တွင် ဆူနာမီလှိုင်းလုံးငယ်များ ဖြစ်ပေါ်သည်ဟု အဆိုပါ အေဂျင်စီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



အမြင့်ပိုင်းနေရာများသို့ ပြောင်းရွှေ့နေသည့်အတွက် ဝှမ်းကရေးမြို့တွင် ကားအသွားအလာများပြားနေသည်ကို တွေ့ရစဉ်။

## သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်ရှိ ကျောင်းများတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေး

**ဆစ်ဒနီ မတ် ၅**

သြစတြေးလျနိုင်ငံ ပြည်နယ်တစ်ခုဖြစ်သည့် နယူးဆောက်ဝေးပြည်နယ်ရှိ ကျောင်းများတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးသွားမည်ဟု သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့်အတွက် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ပုံမှန်လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် ထင်ရှားသည့် ခြေလှမ်းဖြစ်သည်။ ကပ်ရောဂါကာလအတွင်း ကျောင်းသားများ လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် မိဘ ဆရာများ၊ ကျောင်းအုပ်ကြီးများကို ကျေးဇူးတင်ကြောင်း နယူးဆောက်ဝေးပြည်နယ် ပညာရေးဝန်ကြီး ဆာရာ မစ်ချယ်က ပြောသည်။

ယခုအခါ ကျောင်းသားမိဘများ ကျောင်းပရဝဏ်အတွင်း ပြန်လည်ဝင်ရောက်နိုင်ပြီး ကျောင်းသားအားကစားပွဲများ ကျောင်းလှုပ်ရှားမှုများကို ကြည့်ရှုခွင့်ရတော့မည့်အတွက် ကျေနပ်မိကြောင်း ၎င်းက ပြောကြားခဲ့သည်။

သြစတြေးလျနိုင်ငံသည် ရှေ့တန်းမှ လုပ်ကိုင်နေကြသည့် လူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခဲ့ပြီး မတ် ၅ ရက်တွင်လည်း ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါမှ ရုန်းထွက်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်မှာ အဓိကကျသည်ဟု သြစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောသည်။

**ဆင်ဟွာ**

# အိုပက်အဖွဲ့ဝင်နိုင်ငံများ ရေနံထုတ်လုပ်မှုကို လျှော့ချသွားမည်

**ရီယာ့ဒ် မတ် ၅**

ရေနံအဓိကထုတ်လုပ်သည့်နိုင်ငံများသည် ရေနံထုတ်လုပ်မှုလျှော့ချရန်အတွက်လည်း ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ဝယ်လိုအား မြင့်တက်လာရန် သေချာမှုများ မရှိသေးသည့်အတွက် ယခုလို ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဆုံးဖြတ်ခဲ့သည့်အတွက် ရေနံဈေးတက်လာရန်တွင် အထောက်အကူဖြစ်စေနိုင်သည်။

ဆော်ဒီအာရေဗျဦးဆောင်သည့်ရေနံ တင်ပို့သည့်နိုင်ငံများအသင်းအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားအပါအဝင် ၎င်းတို့၏ မဟာမိတ်နိုင်ငံများသည် မတ် ၄ ရက်နေ့က အွန်လိုင်းပေါ်တွင် အစည်းအဝေးကျင်းပခဲ့ခြင်းဖြစ်သည်။ ဝယ်လိုအားမြင့်တက်လာစေရန် မျှော်လင့်ချက်ဖြင့်ရေနံထုတ်လုပ်မှု လျှော့ချရန် အလေးထားခဲ့ကြခြင်းဖြစ်သည်။ အဆိုပါမူဝါဒကို ပြီးခဲ့သည့်နှစ် မေလတွင် အဖွဲ့ကြီးအတွင်း မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ရေနံဈေးကျဆင်းခဲ့သည့်အတွက် ယင်းကဲ့သို့ မိတ်ဆက်လာခြင်းဖြစ်သည်။ အိုပက် မဟာမိတ်နိုင်ငံနှစ်ခုတို့သည် လက်ရှိထုတ်လုပ်မှုနှုန်းထားအတိုင်း ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါအုပ်စုသည် ရုရှားနှင့်ကာဇက် စတန်ကို ခြွင်းချက်ထားရန် ခွင့်ပြုပေးခဲ့သည်။ ရေနံထုတ်လုပ်မှုကို အနည်းငယ်မြှင့်တင်ရန် ခွင့်ပြုပေးခဲ့သည်။ နောက်ထပ် ရေနံထုတ်လုပ်မှုကို လျှော့ချရန်အတွက်လည်း ဆော်ဒီအာရေဗျက ကတိပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ပြန်လည်တိုးလာသည့်အတွက် ကန့်သတ်ပိတ်ဆို့မှုများ ထပ်မံတိုးမြှင့်

**ဘာလင် မတ် ၅**

ဂျာမနီနိုင်ငံတွင် ကန့်သတ်ပိတ်ဆို့မှုများဆက်လက်ပြုလုပ်နေသော်လည်း ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ဖြစ်ပွားမှုအဆင့်သည် လွန်ခဲ့သောသီတင်းပတ်ထက် အနည်းငယ်တိုးလာခဲ့ကြောင်းနှင့် တစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၁၁၉၁၂ ဦးရှိလာခဲ့ကြောင်း ရောဘတ်ကို့စ်အင်စတီကျူက မတ် ၄ ရက်က ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းနှင့် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ တိုးပွားလာသောကြောင့် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် ပြည်နယ်အဆင့်အစိုးရခေါင်းဆောင်များသည် မတ်လ ၂၈ ရက်အထိ ကန့်သတ်ပိတ်ဆို့မှုများကို တိုးမြှင့်သတ်မှတ်ရန် မတ် ၃ ရက်က သဘောတူခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အဆင့်ငါးဆင့်ရှိ ကိုရိုနာဗိုင်းရပ်စ်တားဆီးကာကွယ်ရေးနည်းဗျူဟာတွင် တဖြည်းဖြည်းပြန်လည်ဖွင့်လှစ်ပေးနိုင်မှုကို ဆွေးနွေးခဲ့ကြသည်။

မတ်လအစောပိုင်းတွင် ကျောင်းများနှင့် ဆံသဆိုင်များ ပြန်လည်ဖွင့်လှစ်ပြီးနောက် နောက်ထပ်အဆင့်နှစ်ခြေလှမ်းအဖြစ် နောက်တစ်ပတ်တွင် စာအုပ်ဆိုင်များ၊ ပန်းအရောင်းဆိုင်များနှင့် ဥယျာဉ်များကို တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကန့်သတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သော်လည်း လာရောက်ဝယ်ယူသည့် ဈေးဝယ်များကို တားဆီးကန့်သတ်ထားကြောင်း အစိုးရက ပြောကြားလိုက်သည်။

မာကယ်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန် နောက်ထပ်ခြေလှမ်းတစ်ရပ်ကို အသိဉာဏ်ရှိရှိ လုပ်ဆောင်သွားဖို့ လိုအပ်ကြောင်း ပြောကြားလိုက်သည်။ ဥရောပတွင် ကြောက်စရာကောင်းသည့် ကိုရိုနာဗိုင်းရပ်စ် တတိယအကျော့ဥပမာများဖြစ်ပွားခဲ့ကြောင်း၊ ယင်းအန္တရာယ်များသည် မိမိတို့အတွက်လည်း ဖြစ်လာနိုင်ကြောင်း မာကယ်က ပြောကြားလိုက်သည်။

သီးသန့်တွေ့ဆုံဆွေးနွေးမှုများအတွက် စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးထားကြောင်းနှင့် အိမ်ထောင်စုတစ်စုသည် တခြားအိမ်ထောင်စုတစ်စုနှင့် တွေ့ဆုံနိုင်ပြီဖြစ်ကြောင်း အနည်းဆုံး ငါးဦးအထိ ကန့်သတ်ထားကြောင်း သိရသည်။

ခုနစ်ရက်ကြာဖြစ်စဉ်သည် ဂျာမနီနိုင်ငံ၏ အဆင့်ငါးဆင့်ရှိ ကိုရိုနာဗိုင်းရပ်စ်တားဆီးကာကွယ်ရေးနည်းဗျူဟာအတွက် အရေးကြီးကြောင်းနှင့် ခုနစ်ရက်အတွင်း ပြည်နယ်သို့မဟုတ် ဒေသများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု ၁၀၀ ထက်ကျော်လျှင် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုကို တင်းကျပ်စွာ ပြန်လည်ကန့်သတ်သွားမည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ကြေညာလိုက်သည်။

၂၀၂၁ ခုနှစ်ဦးသည် ယမန်နှစ်နွေဦးရာသီနှင့် လုံးဝမတူဘဲ ကွဲပြားခြားနားလျက်ရှိကြောင်း မာကယ်က ပြောကြားလိုက်သည်။ ဂျာမနီအစိုးရသည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထိုးရေး လုပ်ဆောင်ချက်များကို အလျင်အမြန်ဆောင်ရွက်ရန် လုပ်ဆောင်လျက်ရှိသည်။ တစ်နေ့လျှင် ဂျာမနီနိုင်ငံတွင် ကာကွယ်ဆေးအလုံးရေ နှစ်သိန်းကျော်အထိ ထိုးနှံပေးနေကြောင်း သိရသည်။



ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဘရန်ဒန်ဘာ့ဂ်ဂိတ်ရှေ့တွင် လမ်းသွားလမ်းလာများ နှာခေါင်းစည်းတပ်ဆင်ပြီး ဓာတ်ပုံရိုက်နေသည်ကိုတွေ့ရစဉ်။

**ဆင်ဟွာ**

# ဗြိတိန်တွင် ကိုဗစ် - ၁၉ ကူးစက်သူ ၆၅၇၃ ဦးတိုးလာပြီး စုစုပေါင်း ၄၂၀၁၃၅၈ ဦးအထိ ရောက်ရှိလာ

**လန်ဒန် မတ် ၅**

ဗြိတိန်တွင်နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၆၅၇၃ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ယခုအခါတွင် ၄၂၀၁၃၅၈ ဦးရှိလာပြီ ဖြစ်ကြောင်း တရားဝင်စာရင်း ဇယားများအရ သိရသည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၄၂ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူပေါင်းသည် ၁၂၄၀၂၅ ဦး ရောက်ရှိလာပြီ ဖြစ်သည်။ အဆိုပါစာရင်းတွင် ၂၈ ရက်အတွင်း ဗိုင်းရပ်စ်ကြောင့် သေဆုံးသူများ ပါဝင်ကြောင်း သိရသည်။

ဗြိတိန်တွင် လူဦးရေ ၂၁ သန်းနီးပါး ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးပြီဖြစ်ကြောင်း သိရသည်။

မတ် ၄ ရက် အစောပိုင်းက ဒေါင်းနင်းလမ်းအိမ်တော်က ပြောရေးဆိုခွင့်ရှိသူက ပြည်သူလူထုကို ကန့်သတ်ပိတ်ဆို့မှုများကို ဆက်လက် လိုက်နာကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။ ပြည်သူလူထုအနေဖြင့် လမ်းညွှန်ချက်များကို ဆက်လက်လိုက်နာရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ် – ၁၉ စတင်ဖြစ်ပွားချိန် ကတည်းက ယခုအချိန်အထိ အင်္ဂလန်နိုင်ငံတွင် တတိယအကြိမ် အမျိုးသားအဆင့် ကန့်သတ်ပိတ်ဆို့မှုကို ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် စကော့တလန်၊ ဝေးလ်နှင့် မြောက်ပိုင်းအိုင်ယာလန်တို့တွင် ကိုရိုနာဗိုင်းရပ်စ်ကန့်သတ်ဆောင်ရွက်ချက်များကို ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက်က ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကန့်သတ်ပိတ်ဆို့မှုမှ ထွက်ခွာနိုင်မည့် လမ်းပြမြေပုံတစ်ခုကို ကြေညာလိုက်သည်။

လာမည့်သီတင်းပတ် တနင်္လာနေ့မှစပြီး အင်္ဂလန်နိုင်ငံရှိ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ပုံမှန်နေထိုင်မှုဘဝ ပြန်လည်ရောက်ရှိရန် ဗြိတိန်၊ တရုတ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကိုဗစ်–၁၉ ကာကွယ်ဆေးကို ထုတ်လုပ်ဖြန့်ဝေနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။




အင်္ဂလန်နိုင်ငံ လက်စတာမြို့ရှိ လမ်းတစ်ခုပေါ်တွင် ကိုဗစ်–၁၉ တားဆီးကာကွယ်ရန် လူမှုဝေးကွာသတိပေးဆိုင်းဘုတ်တစ်ခု စိုက်ထူထားသည်ကို တွေ့ရစဉ်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံတွင် ကိုဗစ် - ၁၉ စုစုပေါင်းအတည်ပြုလူနာ ခုနစ်သိန်းကျော် ရှိလာပြီး ၁၃၅၀၇ ဦး သေဆုံး

**ဘဂ္ဂဒက် မတ် ၅**

အီရတ်ကျန်းမာရေးဝန်ကြီးက မတ် ၄ ရက်တွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀၄၃ ဦးတိုးလာကြောင်းနှင့် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်–၁၉ အတည်ပြုလူနာပေါင်း ၇၁၃၉၉၄ ဦးအထိ ရှိလာကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသူများမှာ အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မှ ၁၇၂၉ ဦး၊ ဘော့စ်ရာမှ ၉၇၂ ဦး၊ နာဂျက်ဖ်မှ ၄၆၅ ဦး၊ ကာဒီစီယာ့မှ ၂၇၅ ဦး၊ ကာဘာလာမှ ၂၆၉ ဦးနှင့် ကျန်ရှိသူများမှာ တခြားပြည်နယ်များမှဖြစ်ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်တွင် ဆက်လက်ထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်–၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၂၄ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ သေဆုံးသူပေါင်းမှာလည်း ၁၃၅၀၇ ဦး တိုးလာသည်။ ကိုဗစ်–၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၃၃၉၆ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်းပြန်လည်ကောင်းမွန်လာသူ ၆၅၀၀၁၅ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ထို့အပြင် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ စစ်ဆေးမှုပေါင်း ၇၀၀၈၅၀၅ဦး စစ်ဆေးပေးခဲ့ပြီးပြီ ဖြစ်သည်။ လွန်ခဲ့သော နှစ်ရက်အတွင်း ကိုဗစ်–၁၉ ကူးစက်မှုသည် တစ်ရက်လျှင် ၅၀၀၀ ကျော်ခဲ့ကြောင်းနှင့် ဝန်ကြီးချုပ် မာစတာဖာအယ်လ်ခါဒီမီ ဦးဆောင်သော ကျန်းမာရေးနှင့်အမျိုးသားလုံခြုံရေးဆိုင်ရာ အီရတ်အဆင့်မြင့်ကော်မတီသို့ တင်းကျပ်သည့် ကိုဗစ်–၁၉ ဆိုင်ရာဆောင်ရွက်မှုများကို အကြံပြုခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆေအယ်ဘာ့ဒ်က ပြောကြား ခဲ့သည်။

မတ် ၂ ရက်က အီရတ်နိုင်ငံသည် တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်–၁၉ ကာကွယ်ဆေးကို ရရှိခဲ့သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိစဉ် ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၈ ဦး တိုးလာ

**ဆိုးလ် မတ် ၅**

တောင်ကိုရီးယားနိုင်ငံတွင် မတ် ၄ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၈ ဦးတိုးလာကြောင်း ဖော်ပြခဲ့သည်။ ယခုအခါတွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၉၁၆၃၈ ဦး တိုးလာခဲ့သည်။

သုံးရက်အတွင်း နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် ၄၀၀ အောက်သို့ ကျဆင်းခဲ့သည်။ သို့သော်လည်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် ဖေဖော်ဝါရီလလယ်မှစပြီး ၃၀၀ နှင့် ၄၀၀ ကြားတွင် ရပ်တည်နေကြောင်း သိရသည်။

ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် အစုလိုက် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများနှင့် ပြည်ပကိုဗစ်–၁၉ ကူးစက်မှုများကြောင့် နိုဝင်ဘာ ၈ ရက်မှစပြီး နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် ၁၀၀ ကျော်ခဲ့ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်–၁၉ အတည်ပြုလူနာများအနက် ၁၂၉ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ပြီး ၁၆၈ ဦးမှာ ချုံဂျီပြည်နယ်မှဖြစ်ကြောင်း သိရသည်။ ၁၇ ဦးမှာ ပြည်ပကူးစက်လူနာများ ဖြစ်ကြသည်။

ရှစ်ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူပေါင်းမှာလည်း ၁၆၂၇ ဦးအထိ တိုးလာခဲ့သည်။ ကိုဗစ်–၁၉ ကြောင့် စုစုပေါင်းသေဆုံးသည့်နှုန်းမှာ ၁ ဒသမ ၇၈ ရာခိုင်နှုန်း ရှိသည်။

ကိုဗစ်–၁၉ ကူးစက်မှုမှ ၃၉၈ ဦး ပြန်လည်ကောင်းမွန်လာပြီးနောက် စုစုပေါင်း ပြန်လည်ကောင်းမွန်လာသူပေါင်း ၈၂၅၆၀ဖြစ်သည်။ စုစုပေါင်း ပြန်လည်ကောင်းမွန်လာသည့် ရာခိုင်နှုန်းမှာ ၉၀ ဒသမ ၀၉ ရာခိုင်နှုန်း ဖြစ်သည်။

နိုင်ငံတစ်ဝန်းလူပေါင်း ၆ ဒသမ ၇၈ သန်းကျော် ကိုဗစ်–၁၉ စမ်းသပ်စစ်ဆေးပြီးကြောင်း သိရသည်။ ၎င်းတို့အနက် ၆၆၃၃၆၆၆ ဦးမှာ ကိုဗစ်–၁၉ ကင်းစင်ကြောင်းသိရပြီး ၆၃၇၀၇ ဦးကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ကာကွယ်ဆေးအမြောက်အမြား ထိုးနှံပေးခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ လူပေါင်း ၂၂၅၈၅၃ ဦးကို ပထမအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

**ဆင်ဟွာ**

# ဩစတြေးလျသို့ပေးပို့မည့် အက်စ်ထရာဇနီကာ ကိုဗစ် - ၁၉ ကာကွယ်ဆေးများကို အီတလီမှ ပိတ်ဆို့ထား

ကေကေစိုး

တစ်ကမ္ဘာလုံးတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ရရှိနိုင်ရေးအတွက် အသည်းအသန်ကြိုးပမ်းနေကြချိန် အီတလီနိုင်ငံသည် ဩစတြေးလျသို့ ပေးပို့မည့် ကိုဗစ် -၁၉ ကာကွယ်ဆေး ၂၅၀၀၀၀ ကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။



ဖေဖော်ဝါရီ ၂၂ ရက်က ရောမမြို့တွင် အမျိုးသမီးတစ်ဦးကို အက်စ်ထရာဇနီကာ ကာကွယ်ဆေး ထိုးပေးနေစဉ်။

**ကာကွယ်ဆေးတင်ပို့မှုပိတ်ပင်**

ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ကာကွယ်ဆေးဖြန့်ဝေနိုင်ရေးအတွက် မူလက သဘောတူညီထားသည့်အတိုင်း ပေးပို့နိုင်ခြင်းမရှိသည့်အတွက် အငြင်းပွားမှုများဖြစ်ပေါ်နေချိန်တွင် ယခုလို ကာကွယ်ဆေးများ ပိတ်ဆို့ထားလိုက်ခြင်းဖြစ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။ ယခုနှစ်အစောပိုင်းကာလအတွင်း ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းသို့ အက်စ်ထရာဇနီကာ ကာကွယ်ဆေးပမာဏကို လျှော့ချပေးပို့မည်ဟု ကုမ္ပဏီဘက်မှ ကြေညာခဲ့ပြီးနောက် ဥရောပသမဂ္ဂဘက်မှ ပထမဆုံးအကြိမ်အဖြစ် ယခုလို လှုပ်ရှားမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ကာကွယ်ဆေးတင်ပို့မှုပိတ်ဆို့ရန် အတည်ပြု**

ဩစတြေးလျသို့ ကာကွယ်ဆေးများပေးပို့မည့်အပေါ် ပိတ်ဆို့ရန်အတွက် အီတလီခေါင်းဆောင်များက အဆိုပြုခဲ့ကြသည်။ ဘရပ်ဆဲလ်ရှိ ဥရောပသမဂ္ဂခေါင်းဆောင်များက ယင်းအပေါ် အဆုံးသတ်ပေးခဲ့သည်ဟု အီတလီနိုင်ငံခြားရေးဝန်ကြီးရုံးက သတင်းထုတ်ပြန်ခဲ့သည်။ ကာကွယ်ဆေးပေးပို့မှု ပိတ်ဆို့ထားခြင်းမှာ ဥရောပသမဂ္ဂနှင့် အီတလီနိုင်ငံတို့သို့ ကာကွယ်ဆေးပေးပို့မှု ကာလရှည်ကြာပြတ်တောက်အောင်ပြုလုပ်ထားခြင်းနှင့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးများ အီတလီနှင့် အီးယူနိုင်ငံများသို့ ထောက်ပံ့ပေးမှု နှောင့်နှေးကြန့်ကြာမှုကြောင့်ဟု ထုတ်ပြန်ထားသည်။ ပိတ်ဆို့ခံထားရသည့် ကာကွယ်ဆေးများမှာ ရောမမြို့အပြင်ဘက်ရှိ နယူးဂျာစီ အခြေစိုက်ဆေးကုမ္ပဏီတစ်ခုပိုင်ဆိုင်သည့် စက်ရုံတွင် ထားရှိသည်။

**အန္တရာယ်များသည့်မူဝါဒရေးရာကစားကွက်**

အက်စ်ထရာဇနီကာမှ ပြောရေးဆိုခွင့်ရှိသူက အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မှတ်ချက်ပေးရန် ပျက်ကွက်ခဲ့သည်။ လုပ်ဆောင်ရမည့်ဝတ္တရားများအတိုင်း ပြုလုပ်ခြင်းမရှိသည့် ကုမ္ပဏီများကို ပစ်မှတ်ထားတာ လုပ်ဆောင်ချက်တစ်ခုဟု အရာရှိတစ်ဦးက ပြောသည်။ ယင်းသို့ ပြုလုပ်ခဲ့ခြင်းမှာ ကာကွယ်ဆေးရရှိရေးအတွက် အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာနိုင်ပြီး အပြည်ပြည်ဆိုင်ရာတင်းမာမှုကို ပိုမိုလောင်စာပေးသကဲ့သို့ ဖြစ်လာနိုင်သည်ဟု စိုးရိမ်နေကြသည်။ ပြည်တွင်း၌ ကာကွယ်ဆေးလုံလောက်စွာ ထောက်ပံ့ပေးနိုင်ရေးအတွက် ပြည်ပသို့တင်ပို့မည့် ကာကွယ်ဆေးများကို ပိတ်ဆို့ထားခြင်းမှာ အန္တရာယ်များသည့် မူဝါဒရေးရာကစားကွက်တစ်ကွက်ဟု ပါရီမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမှ အထွေထွေအတွင်းရေးမှူး ဂျွန်ဒန်တွန်က ပြောသည်။

**အနှောင့်အယှက်များဖြစ်လာနိုင်**

တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းထောက်ပံ့မှုမှာ အခြားနိုင်ငံတစ်ခုဟု လက်တုံ့ပြန်ခြင်းကြောင့် အနှောင့်အယှက်များ ဖြစ်လာနိုင်သည်ဟု သတိပေးပြောကြားခဲ့သည်။ မတ်လကုန်ပိုင်းရောက်မှ ဥရောပသမဂ္ဂသို့ ကိုဗစ် -၁၉ ကာကွယ်ဆေး သန်း ၄၀ ပေးပို့နိုင်မည်ဟု အက်စ်ထရာဇနီကာကုမ္ပဏီက ပြောသည်။ အဆိုပါ ပမာဏမှာ ကုမ္ပဏီဘက်မှ ကနဦးကတိပေးခဲ့သည့် အရေအတွက်၏ တစ်ဝက်နီးပါးရှိသည်။ ယခုနှစ်၏ ဒုတိယနှစ်ဝက်ကာလတွင်လည်း ယခုအရေအတွက်အတိုင်းပင် လျှော့နည်းဦးမည်ဟု မျှော်လင့်ထားရသည်။ အက်စ်ထရာဇနီကာဘက်မှ တာဝန်ရှိသူများကမူ ထုတ်လုပ်ရေးပိုင်းဆိုင်ရာ အခက်အခဲများကြောင့် ကာကွယ်ဆေးပေးပို့မှု နှောင့်နှေးရခြင်းဖြစ်သည်ဟု အက်စ်ထရာဇနီကာကုမ္ပဏီဘက်မှ ပြောသည်။

**ပွင့်လင်းမြင်သာမှုမရှိဟုဆို**

သို့သော်လည်း အက်စ်ထရာဇနီကာကုမ္ပဏီမှာ အပြည့်အဝပွင့်လင်းမြင်သာမှုမရှိဟု ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပြောသည်။ အခြားသောနိုင်ငံများမှာ ကာကွယ်ဆေးအမှာများကို ဖြည့်တင်းပေးနိုင်ရေးအတွက် ဥရောပသမဂ္ဂနိုင်ငံများသို့ ကာကွယ်ဆေးပေးပို့မှု ပမာဏကို လျှော့ချပစ်လိုက်ခြင်းဖြစ်သည်ဟု စွပ်စွဲထားသည်။ ကာကွယ်ဆေး ထုတ်လုပ်သူများအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ပြင်ပနိုင်ငံများသို့ ကာကွယ်ဆေးပေးပို့မည်ဆိုပါက အဖွဲ့ကြီးအတွင်းရှိ သက်ဆိုင်ရာအစိုးရများထံ ခွင့်ပြုချက် အရင်တောင်းခံရမည်ဟု ဥရောပကော်မရှင်က ဇန်နဝါရီလအတွင်း ကြေညာခဲ့သည်။ ပြီးခဲ့သည့် လအတွင်းကမှ အီတလီဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သူ မာရီယို ဒရာဂီက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ထုတ်လုပ်သည့် ကာကွယ်ဆေးများမှာ အဖွဲ့ဝင်နိုင်ငံများအတွက်သာ ဖြစ်သင့်သည်ဟု ပြောကြားခဲ့သည်။

**ပိုမိုတင်းကျပ်ပေးရန်ပြောဆို**

ပြီးခဲ့သည့်လအတွင်းက ပြုလုပ်သည့် ဥရောပထိပ်သီးအစည်းအဝေးသို့ ပထမဆုံးအကြိမ်အဖြစ် ၎င်းတက်ရောက်ခဲ့ပြီး ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ထိန်းချုပ်မှုများ ပိုမိုပြုလုပ်ရန် ၎င်းက တွန်းအားပေးခဲ့သည်။ ထို့ပြင် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့်တွေ့ဆုံစဉ်ကလည်း ဆေးကုမ္ပဏီများအနေဖြင့် ဥရောပသမဂ္ဂနှင့် စာချုပ်ချုပ်ဆိုထားသည့်အတိုင်း ကတိတည်ကြရန်အတွက် ပိုမိုတင်းကျပ်ပေးရန် ပြောဆိုခဲ့သည်။ ကာကွယ်ဆေးတင်ပို့မှုနှင့်ပတ်သက်ပြီး ထိန်းချုပ်မှုများကိုကြေညာပြီးသည့်နောက်ပိုင်းတွင် ယင်းကန့်သတ်ချက်မှာ ကိုဗစ် –၁၉ ကာကွယ်ဆေးကို အလိုအပ်ဆုံးနိုင်ငံများအပေါ်တွင် မသက်ရောက်ကြောင်း ဥရောပခေါင်းဆောင်များက ပြောကြားခဲ့ကြသည်။ သို့သော်လည်း အဆိုပါစာရင်းတွင် ဩစတြေးလျနိုင်ငံ မပါဝင်ခဲ့ပေ။

**ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေ**

ဥရောပတွင်ထုတ်လုပ်သည့် ဖိုက်ဇာကုမ္ပဏီထုတ် ကိုဗစ် –၁၉ ကာကွယ်ဆေး ၁၄၂၀၀၀ မှာ ပြီးခဲ့သည့် လအတွင်းက ဩစတြေးလျနိုင်ငံသို့ တင်ပို့ခဲ့သည်။ ထို့ပြင် အက်စ်ထရာဇနီကာ ကာကွယ်ဆေး သုံးသိန်းကိုလည်း ဩစတြေးလျသို့ တင်ပို့ခဲ့သည်။ ဩစတြေးလျနိုင်ငံသည် ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်ခဲ့သည်။ လူပေါင်း ၄၇၇၅၉ ဦးကို ကာကွယ်ဆေးထိုးပေးခဲ့ပြီဖြစ်သည်။ ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုများ ဆက်လက်ရှိနေသေးသည့်အတွက် အီတလီနှင့် ဥရောပနိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမည်ကို စိုးရိမ်နေကြရသည်။ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အစ္စရေးတို့တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေကြသည်။

**မေးခွန်းထုတ်**

အချို့သော ဥရောပတိုက်သားများမှာလည်း ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးရန် တွန့်ဆုတ်နေကြဆဲဖြစ်သည်။ အီတလီနိုင်ငံသည် အက်စ်ထရာဇနီကာ ကာကွယ်ဆေး ၁ ဒသမ ၅ သန်းကို လက်ခံရရှိခဲ့ပြီး ၎င်းတို့ထဲမှ ၃၂၃၀၀၀ ကိုသာ အသုံးပြုရသေးသည်ဟု တရားဝင်အချက်အလက်များအရ သိရသည်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် သက်ကြီးရွယ်အိုများတွင် အက်စ်ထရာဇနီကာ ကာကွယ်ဆေးအစွမ်းထက် မထက်ကို မေးခွန်းထုတ်သူများထဲမှ တစ်ဦးဖြစ်သည်။ ကာကွယ်ဆေးလူသားများတွင် စမ်းသပ်စဉ်ကာလက အသက်အရွယ်အပိုင်းအခြား အကန့်အသတ်ဖြင့် ဆောင်ရွက်ခဲ့ကြသည်ဟုထောက်ပြကာ ယခုလိုမေးခွန်းထုတ်ခဲ့ခြင်းဖြစ်သည်။ ။

**"ဩစတြေးလျသို့ ကာကွယ်ဆေးများပေးပို့မည့်အပေါ် ပိတ်ဆို့ရန်အတွက် အီတလီခေါင်းဆောင်များက အဆိုပြုခဲ့ကြသည်။ ဘရပ်ဆဲလ်ရှိ ဥရောပသမဂ္ဂခေါင်းဆောင်များက ယင်းအပေါ် အဆုံးသတ်ပေးခဲ့သည်ဟု အီတလီနိုင်ငံခြားရေးဝန်ကြီးရုံးက သတင်းထုတ်ပြန်ခဲ့သည်။ ကာကွယ်ဆေးပေးပို့မှု ပိတ်ဆို့ထားခြင်းမှာ ဥရောပသမဂ္ဂနှင့် အီတလီနိုင်ငံတို့သို့ ကာကွယ်ဆေးပေးပို့မှု ကာလရှည်ကြာပြတ်တောက်အောင်ပြုလုပ်ထားခြင်းနှင့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးများ အီတလီနှင့် အီးယူနိုင်ငံများသို့ ထောက်ပံ့ပေးမှု နှောင့်နှေးကြန့်ကြာမှုကြောင့်ဟု ထုတ်ပြန်ထား"**

ကိုးကား – ဝါရှင်တန်ပို့စ်

# COVID -19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၅–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၄–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၅–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၉,၁၀၅) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၁၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုဗစ် - ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ ပြည်တွင်း/ ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၃ ဒသမ ၇၁၇ သန်း ဖြစ်သည်။ မတ် ၄ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ကျပ် |
|---|---|
| ၂၆–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၁၁၅,၁၀၇,၁၁၅.၃၉ |
| (+) ၂၆–၂–၂၀၂၁ မှ ၄–၃–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၃,၇၁၇,၀၀၀.၀၀ |
| ၄–၃–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၁၁၈,၈၂၄,၁၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၆–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၂၆–၂–၂၀၂၁ မှ ၄–၃–၂၀၂၁ ရက်နေ့အထိ ရရှိငွေ | – |
| ၄–၃–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ**
**(COVID–19 Vaccination Fund) OA 013733 သို့**
**အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၂၆–၂–၂၀၂၁ ရက်နေ့မှ ၄–၃–၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၆–၂–၂၀၂၁ | ၃,၅၀၀,၀၀၀ |
| ၁ | ဦးဣန္ဒဝံသ ၊ ဆူးဖြူကုန်တိုက်သစ် (နွားထိုးကြီးမြို့) | ၁,၀၀၀,၀၀၀ |
| ၂ | ဒေါက်တာကျော်ကိုကို ၊ မဒွေးနန္ဒာခင်(နွားထိုးကြီးမြို့) | ၁,၀၀၀,၀၀၀ |
| ၃ | PGME မြန်မာ(နွားထိုးကြီးမြို့) | ၁,၂၀၀,၀၀၀ |
| ၄ | ဒေါက်တာခင်မောင်ညို(နွားထိုးကြီးမြို့) | ၃၀၀,၀၀၀ |
| | ၁–၃–၂၀၂၁ | ၂၁၇,၀၀၀ |
| ၁ | ဒေါ်ချိုဆင့်ဦး (မကွေးမြို့) | ၂၁၇,၀၀၀ |
| | (၂၆–၂–၂၀၂၁ ရက်နေ့မှ ၄–၃–၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၃,၇၁၇,၀၀၀ |

**မှတ်ချက်။**
(က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်း ဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

COVID – 19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ

## ၅-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၅၂၆၀၈၆ | ၂၀၀၉၃၄၄၂ | ၅၃၃၆၃၆ |
| ၂။ | အိန္ဒိယ | ၁၁၁၇၃၇၆၁ | ၁၀၈၃၉၈၉၄ | ၁၅၇၅၈၄ |
| ၃။ | ဘရာဇီး | ၁၀၇၉၆၅၀၆ | ၉၆၃၇၀၂၀ | ၂၆၁၁၈၈ |
| ၄။ | ရုရှား | ၄၃၀၁၁၅၉ | ၃၈၈၅၃၂၁ | ၈၈၂၈၅ |
| ၅။ | ဗြိတိန် | ၄၂၀၁၃၅၈ | ၃၀၉၆၅၆၄ | ၁၂၄၀၂၅ |
| ၆။ | ပြင်သစ် | ၃၈၃၅၅၉၅ | ၂၆၂၆၉၀ | ၈၇၈၃၅ |
| ၇။ | စပိန် | ၃၁၄၂၃၅၈ | ၂၇၂၂၃၀၄ | ၇၀၅၀၁ |
| ၈။ | အီတလီ | ၂၉၉၉၀၁၉ | ၂၄၅၃၇၀၆ | ၉၈၉၇၄ |
| ၉။ | တူရကီ | ၂၇၄၆၁၅၈ | ၂၆၀၁၁၃၇ | ၂၈၈၃၉ |
| ၁၀။ | ဂျာမနီ | ၂၄၈၄၃၀၆ | ၂၂၉၂၁၀၀ | ၇၂၀၀၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၅ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၆၈၀၆၉ | ၁၁၈၂၆၈၇ | ၃၇၀၂၆ |
| ဖိလစ်ပိုင် | ၅၈၇၇၀၄ | ၅၃၅၂၀၇ | ၁၂၄၂၃ |
| မလေးရှား | ၃၁၀၀၉၇ | ၂၈၆၉၀၄ | ၁၁၅၉ |
| မြန်မာ | ၁၄၂၀၁၇ | ၁၃၁၆၀၀ | ၃၂၀၀ |
| စင်ကာပူ | ၆၀၀၀၇ | ၅၉၈၅၇ | ၂၉ |
| ထိုင်း | ၂၆၂၄၁ | ၂၅၆၄၁ | ၈၅ |
| ဗီယက်နမ် | ၂၄၉၄ | ၁၉၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၉၃၂ | ၄၈၉ | ၀ |
| ဘရူနိုင်း | ၁၈၈ | ၁၈၂ | ၃ |
| လာအို | ၄၇ | ၄၂ | ၀ |

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့်**
**CRPH နှင့် CRPH ကဖွဲ့စည်းသည့်**
**အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း မရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင် ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH)အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင် ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့် ဥပဒေနှင့် ဆန့်ကျင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄- ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထား

**နေပြည်တော် မတ် ၅**

ဆေးတက္ကသိုလ် (၁) တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှုမရှိသည့် ဆေးပညာရှင် ဦးဇော်ဝေစိုးသည် ၎င်း၏ လူမှုကွန်ရက်၌ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနှင့် လက်အောက်ဝန်ထမ်းများအား ရုံးမတက်ဘဲ သပိတ်မှောက်ရာတွင် ပါဝင်ဆန္ဒပြရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လသာမြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ – က ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

ထို့ပြင် ၎င်းသည် နိုင်ငံတော် တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာ ဖောက်ဖျက်မှုကို ကျူးလွန်လျက်ရှိသည့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြောင်း တွေ့ရှိရသည့်အတွက် ၎င်းအား နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် အရေးယူရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းကိုကို သိန်း(ခ) သက္ကမိုးညိုသည် ၎င်း၏ လူမှုကွန်ရက်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောသတင်းများကို ရေးသားဖော်ပြခဲ့သဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်စေရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ – က ဖြင့် လည်းကောင်း အမှုများ ရေးဖွင့်ထားရှိသည်။

သို့ဖြစ်၍ ဖော်ပြပါ ဦးဇော်ဝေစိုးနှင့် ဒေါက်တာ ဝင်းကိုကိုသိန်း(ခ)သက္ကမိုးညို တို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တိုင်ကြားနိုင်ရန် ထုတ်ပြန်ထားသည့် တယ်လီဖုန်းနံပါတ်များသို့ သတင်းပေး တိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ထမ်းများသို့ အသိပေးကြေညာချက်

ဆေးတက္ကသိုလ်(၁)တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှုမရှိသော ဆေးပညာရှင်ဦးဇော်ဝေစိုးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့် မရှိသေးသူများက နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကိုကျူးလွန်လျက် တရားမဝင်ဖွဲ့စည်းထားသည့် "ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ" (CRPH) တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်း ၎င်းနှင့် ပူးပေါင်းဆောင်ရွက်လာစေရန် နည်းမျိုးစုံဖြင့် စည်းရုံးဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။ ဦးဇော်ဝေစိုး ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနက အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားကြောင်းနှင့် ၎င်းဆက်လက် ကျူးလွန်ခဲ့သည့် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ထိရောက်စွာ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ၎င်းအား အားပေးကူညီရာရောက်သည့် ပြုမူဆောင်ရွက်ခြင်းမျိုးကို မလုပ်ဆောင်မိကြစေရန်နှင့် ယင်းသို့ဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဗုံးပစ်လက်နက်ကိုင်ဆောင်ထားသူအုပ်စုများပါဝင်လာမှု တွေ့ရှိ

**နေပြည်တော် မတ် ၅**

ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဗုံးပစ်လက်နက်ကိုင်ဆောင်ထားသူအုပ်စုများ ပါဝင်လာမှု တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဖျာပုံလမ်းထောင့်တွင် မတ် ၃ ရက် နံနက် ၁၀ နာရီခန့်၌ ဆူပူအကြမ်းဖက် ဆန္ဒပြသူအုပ်စုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့မှုအခြေအနေကို နီးစပ်ရာ CCTV ကင်မရာများမှတစ်ဆင့် ခြေရာခံ ပြန်လည်စိစစ်ကြည့်ရှုရာတွင် ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ မီးခိုးဗုံးပစ်လက်နက်ဟု ယူဆရသည့် လက်နက်နှစ်ခု အသုံးပြုပစ်ခတ်နေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ သေနတ်အမျိုးအစားအနေဖြင့် ပုံသဏ္ဍာန်နှစ်မျိုးကွဲပြားနေပြီး ပစ်ခတ်ရာတွင် လူခြောက်ယောက်မှ အုပ်စုဖွဲ့ အသုံးပြုပစ်ခတ်နေသည်ကို CCTV ကင်မရာမှတ်တမ်းအရ ပီပြင် ထင်ရှားစွာ တွေ့မြင်ရကြောင်း။

ဖြစ်စဉ်အပေါ် သုံးသပ်ချက်အရ ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်တွင် မရှိတော့ဘဲ ပေါက်ကွဲစေတတ်သော လက်နက်များစွဲကိုင်ကာ အကြမ်းဖက်မှုဆောင်ရွက်လာသည့် အခြေအနေသို့ ရောက်ရှိလာသည်ကို တွေ့ရှိရပြီး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြုလုပ်မှုကြောင့်ဖြစ်ရသည်ဟူ၍ ပုံဖော်ဆောင်ရွက်လာနေသည်ကို တွေ့မြင်သုံးသပ်ရရှိကြောင်း သိရသည်။ **သတင်းစဉ်**



မီးခိုးဗုံးပစ်လက်နက်ဟု ယူဆရသည့် လက်နက်နှစ်ခုအသုံးပြုပစ်ခတ်နေသည့် CCTV ကင်မရာမှတ်တမ်းဓာတ်ပုံ။

# နေပြည်တော်တွင် ခွင့်ပြုချက်မရရှိဘဲ ဆန္ဒပြသူများအား ဖမ်းဆီးထိန်းသိမ်းစဉ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သုံးစွဲမှု ရှိ၊ မရှိစိစစ်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသော လူစုဝေးခွင့်ညွှန်ကြားချက်များအား ချိုးဖောက်ခဲ့သဖြင့် လိုက်နာမှုမရှိသူ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၅၇ ဦး၊ စုစုပေါင်း ၁၉၅ ဦးအား နယ်မြေခံ လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် ခေတ္တဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဦးစီးဦးဆောင်ပြုလုပ်သူ ၆ ဦးအား တရားဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်ခဲ့၍ ကျန်အမျိုးသား၊ အမျိုးသမီးများအား ပြန်လည်စေလွှတ်ပေးခဲ့သည်။

ထိုသို့ ခေတ္တထိန်းသိမ်းထားရှိစဉ် အချို့မှာ အမူအရာသွင်ပြင်ပုံမှန်မဟုတ်ဘဲ မူးယစ်ဆေးဝါး သုံးစွဲထားရှိသောသူများ၏ စရိုက်လက္ခဏာကဲ့သို့ တွေ့ရှိရသဖြင့် ယင်းလက္ခဏာရှိသူ ၃၈ ဦးအား (ဆီး) နမူနာရယူ၍ စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် သက်ဆိုင်ရာဆေးရုံ၏ ဆေးစစ်ချက်ပြန်ကြားမှုအရ ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြန်လည်စေလွှတ်ပေးခဲ့သူ အမျိုးသမီး ၁၇ ဦးသည် မူးယစ်ဆေးဝါးသုံးစွဲထားရှိကြောင်း ဆေးစစ်ချက်ပြန်ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရေး မြေပေါ်/ မြေအောက်အဖွဲ့အစည်းပေါင်းစုံမှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် ကွန်ရက်သဖွယ် လှုံ့ဆော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၅**
နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရေး မြေပေါ်/ မြေအောက်အဖွဲ့အစည်းပေါင်းစုံမှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် ကွန်ရက်သဖွယ် လှုံ့ဆော်ဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် လက်ရှိအချိန်၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း တစ်ဦးတစ်ယောက်၊ တစ်ပါတီ အဖွဲ့အစည်းအပေါ် သစ္စာခံကာ အမှန်တရားကို မျက်ကွယ်ပြုပြီး နိုင်ငံတော်မတည်မငြိမ် ဖြစ်စေရေးကို မြေပေါ်/ မြေအောက်အဖွဲ့အစည်းပေါင်းစုံမှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် (ကွန်ရက်)သဖွယ် လှုံ့ဆော်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

လူထုအနေဖြင့် (အေးချမ်းစွာ ဆန္ဒပြနေသည်)ဟူသည့် ခေါင်းစဉ်ကို နိုင်ငံတကာပုံရိပ်သို့ ပျံ့နှံ့ရောက်ရှိအောင် သတင်းမီဒီယာများဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း လက်တွေ့အခြေအနေတွင် ဖြစ်ပွားလျက်ရှိသည့် ဖြစ်ရပ်များအရ သာမန်ဆန္ဒပြသည့် အနေအထားမှ ဆူပူမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများမှတစ်ဆင့် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ရပ်များသို့ ပိုမိုဦးတည်ဆောင်ရွက်လာနေကြသည်ကို အမှန်တရားအား လိုလားသူ၊ အေးချမ်းသာယာမှုအား လိုလားသူ အများပြည်သူလူထုအနေဖြင့် သိမြင်နားလည်ကြသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်အတွင်း မတ် ၅ ရက်တွင် လူစုလူဝေးဖြင့် ဆန္ဒပြဖြစ်စဉ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များ ပြုလုပ်ခဲ့မှုအနေဖြင့်လည်းကောင်း၊ လူလူချင်း ထောက်ထားညှာတာမှု မရှိဘဲ အကြမ်းဖက် ဝါဒဆန်ဆန်ပြုမူမှုများ၊ အိမ်ဖောက်ထွင်းပစ္စည်းလုယက်မှုဖြစ်စဉ်များ၊ အဆောက်အဦ ဖျက်ဆီးမှုဖြစ်စဉ်များ ကျူးလွန်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များကို အသုံးပြုခြင်း၊ အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးများ အသုံးပြုပြီး ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။



မန္တလေးတိုင်းဒေသကြီးအတွင်း လူစုလူဝေးဖြင့် ဆန္ဒပြသူများကို တွေ့ရစဉ်။

မတ် ၅ ရက်တွင် ဆူပူအကြမ်းဖက်ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း၊ အလုံ၊ စမ်းချောင်းနှင့် သာကေတမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာသုံးသပ်ရာတွင် ဆူပူအုံကြွမှုနည်းပါးသောဒေသများရှိ လူငယ်ထုများအား နောက်ကွယ်ရှိ တိမ်းရှောင်ပုန်းခို နေသူများက ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကောလာဟလ နည်းမျိုးစုံဖြင့် မခံမရပ်နိုင်အောင်နှိုးဆွခြင်း၊ လူငယ်ထု၏ စိတ်ခံစားမှုကို တက်ကြွလာအောင် ငွေကြေးထောက်ပံ့မှုများ အပါအဝင် နည်းမျိုးစုံအသုံးပြုခြင်းများကို မပြတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး လူငယ်ထု၏ မိဘများအနေဖြင့် လွန်စွာပူပန်စိတ်သောကရောက်ရှိနေကြကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ဆူပူအကြမ်းဖက်မှုပြုလုပ်သူလူအုပ်စုအတွင်းမှ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် မတ် ၅**
မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ဆူပူအကြမ်းဖက်မှု ပြုလုပ်သူ လူအုပ်စု အတွင်းမှ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။


ဆူပူသူအုပ်စုက ကျောက်ခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံ။

ယင်းထုတ်ပြန်ချက်အရ ယနေ့ နံနက်ပိုင်းမှ စတင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက (မြတောင်)ဘုန်းတော်ကြီး ကျောင်းတစ်ဝိုက်တွင် ပိတ်ဆို့ထားသော အတားအဆီးများကို ဖယ်ရှားရှင်းလင်းခြင်း၊ လူစုလူဝေးပြုလုပ်မှုများကို တားဆီး ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်နေစဉ် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ် ခန့်တွင် ၃၅ လမ်း၊ (၈၆ – ၈၇) လမ်းကြားရှိ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး အဆောက်အဦကို ဆူပူသူလူအုပ်စုမှ ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းခဲ့ရကြောင်း။

ထိန်းသိမ်းစဉ် ဆူပူသူလူအုပ်စု ၂၀၀ ကျော်က အဆောက်အဦကို ဖျက်ဆီးခြင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုပါ ကုန်းသီး၊ သံဂေါ်လီ၊ ဖန်သီးများ အသုံးပြု၍ လောက်လေးခွများဖြင့် ပစ်ခတ်ခြင်း၊ ကျောက်ခဲများဖြင့် ပစ်ခတ်ခြင်း၊ ဂျင်ကလိဖြင့် ပစ်ခတ်ခြင်းများကို ပြုလုပ်ခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် ဒိုင်းများဖြင့် ကာကွယ်ခြင်းကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်နေစဉ် လူအုပ်စုအတွင်းမှ အမျိုးသားတစ်ဦး(စိစစ်ဆဲ)သည် တစ်ဟုန်ထိုးပြေး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓားဖြင့် ဝင်ရောက်ခုတ်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လာသူ၏ ပြုမူဆောင်ရွက်မှုကြောင့် မိမိတို့၏ အသက်အန္တရာယ်ကို သေဆုံးစေသည်အထိ ပြုမူလာချိန်တွင် (ရုန်းရင်းဆန်ခတ်မှု) လက်စွဲဥပဒေပါ နောက်ဆုံးဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အတိုင်း အန္တရာယ်ပြုမူ လာသူအား ခြောက်လှန့် ပစ်ခတ်ခဲ့ရရာမှ သေဆုံးခဲ့ကြောင်း။

ဖော်ပြပါဖြစ်စဉ်တွင် သေဆုံးခဲ့သူကို ဆေးရုံသို့ ပို့ဆောင်၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ (သေမှုသေခင်း) ရေးဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မုံရွာမြို့တွင် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို ဆန္ဒပြသူများက ဖမ်းဆီးခေါ်ဆောင် အကြမ်းဖက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၅**
မုံရွာမြို့တွင် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို ဆန္ဒပြသူများက ဖမ်းဆီးခေါ်ဆောင်အကြမ်းဖက်မှုဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**လမ်းပိတ်ဆို့အသုံးပြု**

ယင်းသတင်းထုတ်ပြန်ချက်တွင် မတ် ၃ ရက် နံနက် ၁၀ နာရီခန့်တွင် မုံရွာမြို့ မြဝတီရပ်ကွက်တွင် ဆူပူဆန္ဒပြသူများက လမ်းကို ပိတ်ဆို့ရန်နှင့် အတားအဆီးများ ချထားရန်အတွက် ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း(ဒေါင်းကျောင်း)မှ စာသင်ခုံများကို ၎င်းတို့သဘောဖြင့် သယ်ထုတ်ကာ လမ်းအားပိတ်ဆို့ အသုံးပြုခဲ့ကြကြောင်း။ ဆူပူဆန္ဒပြသူများ ယူဆောင်သွားခဲ့သည့် စာသင်ခုံများကို ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူတို့မှ ကျောင်းအဆောက်အဦအတွင်းသို့ ပြန်လည်သယ်ဆောင်ခဲ့ကြောင်း။

ယင်းကဲ့သို့ စာသင်ခုံများကို ပြန်လည်သယ်ဆောင်မှုအပေါ် ဆူပူဆန္ဒပြသူများက မကျေမနပ်ဖြစ်ကာ အော်ဟစ်ဆဲဆိုပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူကို မတရားဖမ်းဆီးခေါ်ဆောင်၍ ဆံပင်နှင့် မျက်ခုံးမွေးများကိုရိတ်ပြီး ထိုနေ့ညနေပိုင်းတွင် ပြန်လည်စေလွှတ် ပေးခဲ့ကြောင်း။

**နယ်မြေခံတပ်ရင်းသို့ ဆက်သွယ်နေထိုင်**

ထိုကဲ့သို့ အကြမ်းဖက်သူလူအုပ်စု၏ မတရားနိုင်ထက်စီးနင်း ပြုလုပ်မှုအား ကြောက်လန့်နေရသဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူမှာ နေအိမ်တွင် ဆက်လက်နေထိုင်နိုင်ခြင်းမရှိ၍ နယ်မြေခံတပ်ရင်းသို့ ဆက်သွယ်သွားရောက် နေထိုင်ခဲ့ရကြောင်း။

ထိုသို့ သွားရောက်နေထိုင်စဉ်အတွင်း ယင်းနေ့ ညနေ ၅ နာရီခန့် တွင် အကြမ်းဖက်သူ ၂၅ ဦးခန့်သည် ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်တံခါးသော့အား ချိုးဖျက်ဝင်ရောက်ကာ အိမ်တွင်းပစ္စည်းများကို ယူဆောင်ပြီး အိမ်ကိုဖျက်ဆီးခြင်းများ ထပ်မံပြုလုပ်ခဲ့သဖြင့် ဖြစ်စဉ်တွင် ပါဝင်သူများအား စုံစမ်းဖော်ထုတ်၍ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

**အကြမ်းဖက်အဖွဲ့အစည်းဆန်ဆန်**

နေရာဒေသအနှံ့အပြားတွင် ပုံသဏ္ဌာန်မျိုးစုံဖြင့် ဆန္ဒပြနေမှုများ အပေါ် (အေးချမ်းစွာ ဆန္ဒပြသူများ)ခေါင်းစဉ်ဖြင့် အမျိုးမျိုးသွေးထိုး လှုံ့ဆော်ကာ ပုံဖော်နေသူများ၏ ယခုကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်း ဆန်ဆန် ပြုမူဆောင်ရွက်မှုများကို သတင်းမီဒီယာများအနေဖြင့် ကျင့်ဝတ်နှင့်အညီ မျှတစွာ ရပ်တည်၍ ဖော်ပြသင့်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၅**
နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့သည်။ **မိုး/ဇလ**

# မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ

ကိုထွန်းခင်

“ ကျွန်မတို့ ကြီးကျယ်တဲ့အရာတွေကို လုပ်နိုင်ဖို့အတွက် အရင်ဆုံး သေးငယ်တဲ့ သာမန်ကိစ္စလေးတွေကို ကြီးမားတဲ့ချစ်ခြင်းမေတ္တာနဲ့ လုပ်ဆောင်ရပါမယ်”။ ဒီစကားကို ပြောခဲ့တဲ့ သူကတော့ ရိုမန်ကက်သလစ်သီလရှင်ကြီးတစ်ပါးဖြစ်တဲ့ မာသာထရီဇာပါ။ အရာအားလုံးမှာ ကြီးကျယ်ခမ်းနားဖို့ မျှော်လင့်ပြီး မလုပ်ဆောင်ဖို့၊ သာမန်သေးငယ်တဲ့ ကိစ္စလေးတွေက စတင်ပြီး ချစ်ခြင်းမေတ္တာအပြည့်နဲ့ စေတနာထားလုပ်ဆောင်ဖို့။ ဒါမှသာ ကြီးကျယ်ခမ်းနားတဲ့ မွန်မြတ်တဲ့ လုပ်ဆောင်ချက်ဖြစ်တယ်လို့ဆိုခဲ့တာ ဖြစ်ပါတယ်။

❖ ပုဂ္ဂလိက အပြင်စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ကိုင်သူဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းဖြစ်စေ ဘဝရပ်တည်ဖို့အတွက် ထိုက်သင့်တဲ့ လစာရနေတဲ့ အလုပ်အပေါ်မှာ စေတနာထားရမှာ ဖြစ်ပါတယ်။

❖ အလုပ်ရှင်၊ အလုပ်သမားစိတ်ဓာတ်၊ အထက်အောက်ဆက်ဆံရေးမျိုးမထားဘဲ မိသားစုစိတ်ဓာတ်၊ ကိုယ်ချင်းစာတရားနဲ့ ကိုယ်လုပ်တဲ့အလုပ်အပေါ် စေတနာထားလုပ်ဆောင်ကြမယ်ဆိုရင် ဘယ်နေရာမှာမဆို အောင်မြင်တိုးတက်မှာ ဖြစ်ပါတယ်။

**စိတ်ဓာတ်ခွန်အားတွေပေး**

နိုဗယ်ငြိမ်းချမ်းရေးဆုအပါအဝင် ဆုတံဆိပ်ပေါင်းများစွာကို ရရှိခဲ့သူ မာသာထရီဇာ ကို ၁၉၁၀ ပြည့်နှစ်မှာ မက်ဆီဒိုးနီးယားနိုင်ငံက မြို့တော်တစ်ခုမှာ မွေးဖွားခဲ့ပါတယ်။ အသက် ၁၈ နှစ် အရွယ်မှာတော့ မွေးဖွားရာဒေသကထွက်ခဲ့ပြီး ကမ္ဘာ့နိုင်ငံပေါင်းများစွာကို လှည့်လည်သွားလာခဲ့ကာ ကပ်ရောဂါကြောင့် ဝေဒနာခံစားနေရသူတွေ၊ စစ်ကြောင့် အတိဒုက္ခရောက်နေသူတွေ၊ အနာကြီးရောဂါသည်တွေ၊ တီဘီရောဂါသည်တွေ၊ မိဘမဲ့ကလေးတွေကို လိုအပ်တဲ့ဆေးဝါးပြုစုစောင့်ရှောက်မှုတွေအပြင် မေတ္တာတရားနဲ့ အကောင်းဆုံးစိတ်ဓာတ်ခွန်အားတွေ ပေးခဲ့ပါတယ်။ သူ့ရဲ့နှလုံးသားဟာ မွန်မြတ်ငြိမ်းအေးတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ပြည့်နေခဲ့ပြီး လူမှုအကျိုးပြု ပရဟိတလုပ်ငန်းတွေမှာ အကြင်နာ၊ မေတ္တာ၊ စေတနာတွေနဲ့ တစ်ဘဝလုံးစာ ပေးဆပ်မြှုပ်နှံခဲ့သူဖြစ်ပါတယ်။

**အများအကျိုးကို ဆောင်ရွက်ခြင်း**

မာသာထရီဇာရဲ့ စိတ်ဓာတ်နဲ့ စွန့်လွှတ်အနစ်နာခံမှု ပေးဆပ်နိုင်မှုကတော့ အံ့မခန်းပါ။ တစ်ကမ္ဘာလုံးကို မေတ္တာတရားလွှမ်းခြုံပြီး ပရဟိတစိတ်ဓာတ်တွေ မျိုးစေ့ချပေးခဲ့သူလည်း ဖြစ်ပါတယ်။ ပရဟိတဆိုတာကတော့ အများအကျိုးကို ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ပရဟိတဆိုတာ ပေးဖို့သက်သက်ဖြစ်ပြီး အယုတ် အလတ် အမြတ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ ဘယ်သူ ဘယ်ဝါမရွေး၊ အားလုံးရဲ့အကျိုးအတွက် မျှော်လင့်ချက်မထားဘဲ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

အတ္တဟိတနဲ့ ပရဟိတ နှစ်မျိုးရှိပါတယ်။ ကိုယ်တိုင်လည်း ကောင်းမှုဆောင်ရွက်ခြင်း အတ္တဟိတနဲ့ အများကိုလည်း ကောင်းမှုဆောင်ရွက်အောင် တိုက်တွန်းခြင်းဆိုတဲ့ ပရဟိတနှစ်မျိုးလုံးကို ဆောင်ရွက်ဖို့လိုတယ်လို့လည်း မှတ်သားဖူးပါတယ်။

“ဘယ်အရာကိုပဲလုပ်လုပ် စေတနာကောင်းရင် ‘ကံ’ကောင်းမယ်၊ ‘ကံ’ကောင်းရင် ဘဝအကျိုးပေးကောင်းလိမ့်မယ်၊ စေတနာ ညံ့ရင် ‘ကံ’ညံ့မယ်၊ ဘဝအကျိုးပေးလည်း ညံ့လိမ့်မယ်၊ စေတနာဟာ ကောက်ကွေ့ရင် ‘ကံ’ဟာ ကောက်ကွေ့လိမ့်မယ်၊ ဘဝအကျိုးပေးလည်း ကောက်ကွေ့လိမ့်မယ်၊ စေတနာဖြောင့်ရင် ‘ကံ’ဖြောင့်လို့၊ ဘဝအကျိုးပေးလည်း ဖြောင့်လိမ့်မယ်၊ စေတနာ ယုတ်ညံ့ရင် ‘ကံ’ ယုတ်ညံ့လို့ ဘဝအကျိုးပေးလည်း ယုတ်ညံ့လိမ့်မယ်။ စေတနာမြင့်မြတ်ရင် ‘ကံ’ မြင့်မြတ်လို့ ဘဝအကျိုးပေးလည်း မြင့်မြတ်လိမ့်မယ်”လို့ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တယ်။

ဒါကြောင့် ဘယ်အလုပ်ကိုပဲလုပ်လုပ် စေတနာလေးထည့်ပြီး လုပ်ရင် ဘဝမှာအကျိုးပေးလည်း ထက်သန်မှာ ဖြစ်ပါတယ်။ စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရတယ်ဆိုပေမယ့် စာသင်တာပဲဖြစ်ဖြစ်၊ ဆေးကုတာပဲဖြစ်ဖြစ်၊ သန့်ရှင်းရေးပဲလုပ်လုပ်၊ ဆိုက်ကားပဲနင်းနင်း၊ ဟင်းပဲချက်ချက် ကိုယ်လုပ်တဲ့အလုပ်မှာ စေတနာလေးထည့်ပေါင်းလိုက်ရင် အောင်မြင်မှာ ဖြစ်ပါတယ်။

ပုဂ္ဂလိက အပြင်စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ကိုင်သူဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းဖြစ်စေ ဘဝရပ်တည်ဖို့အတွက် ထိုက်သင့်တဲ့ လစာရနေတဲ့ အလုပ်အပေါ်မှာ စေတနာထားရမှာ ဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားစိတ်ဓာတ်၊ အထက်အောက်ဆက်ဆံရေးမျိုးမထားဘဲ မိသားစုစိတ်ဓာတ်၊ ကိုယ်ချင်းစာတရားနဲ့ ကိုယ်လုပ်တဲ့အလုပ်အပေါ် စေတနာထား လုပ်ဆောင်ကြမယ်ဆိုရင် ဘယ်နေရာမှာမဆို အောင်မြင်တိုးတက်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းအရေအတွက်က နိုင်ငံလူဦးရေရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့် ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ပြည်သူကချီးမြှင့်တဲ့ လစာကို ယူနေသူတွေဖြစ်တဲ့အတွက် ပြည်သူကို သစ္စာရှိရမှာဖြစ်ပါတယ်။ ပြည်သူကို စေတနာထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေတာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာတာ၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အလေးထားဆောင်ရွက်တာ၊ ပေးအပ်ထားတဲ့ တာဝန်နဲ့ ဝတ္တရားတွေကို ကျေပွန်စွာထမ်းဆောင်တာ၊ ပါတီနိုင်ငံရေးကင်းရှင်းတာ ၊ ပြည်သူကို ရိုသေလေးစားတာ စတဲ့ကျင့်ဝတ်တွေကို လိုက်နာပြီး အခြေအနေ၊ အချိန်အခါရွေးမနေဘဲ ထမ်းဆောင်ရမယ့် တာဝန်တွေကို မလစ်ဟင်းအောင် စေတနာထားထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ပြည်သူ့ဝန်ထမ်းဆရာဝန်တွေ အားလုံးဟာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်မှာ ဟစ်ပိုကရေးတစ်အုတ်သ် (Hippocratic Oath) လို့ခေါ်တဲ့ ပဋိညာဏ်ကို ရွတ်ဆိုပြီး လူနာတွေရဲ့ အကျိုးစီးပွားကို မိမိအကျိုးစီးပွားထက် ပိုမိုအလေးထားပါမယ်လို့ လူအများရဲ့ရှေ့မှာ ကတိသစ္စာပြုခဲ့တဲ့အတိုင်း ကျင့်ဝတ်နဲ့အညီ ဘယ်လိုအခြေအနေမျိုးမှာမဆို လူသားတို့ရဲ့ ဘဝနဲ့အသက်ကို တန်ဖိုးထားလေးစားပြီး စေတနာအပြည့်နဲ့ ပြုစုစောင့်ရှောက်ကုသမှု ပေးရမှာဖြစ်ပါတယ်။

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာဆိုတဲ့ သင်္ဂဇာဆရာတော်ဘုရားကြီးရဲ့ သင်္ဂါလောဝါဒဆုံးမစာပါအတိုင်း တပည့်တွေအပေါ်ထားရှိရမယ့် ကျင့်ဝတ်တွေကို မြတ်ဆရာတို့က လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အခြေအနေ၊ အချိန်အခါကိုလိုက်ပြီး ဆရာတို့ရဲ့ စိတ်ခံစားချက်တွေက ပြောင်းလဲသွားလေ့မရှိပါဘူး။ တပည့်လေးတွေကို ပညာတတ်၊ လူတော်လူကောင်းလေးတွေ ဖြစ်လာအောင် စေတနာ၊ ဝါသနာ၊ အနစ်နာ နာ သုံးနာ နဲ့ မြတ်ဆရာတို့က ပြုစုပျိုးထောင်ကြရပါတယ်။

သို့သော် လက်ရှိအချိန်မှာ အစိုးရယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်နဲ့ ရန်လိုဆန့်ကျင်လိုသူအချို့ဟာ နိုင်ငံ့ဝန်ထမ်းတွေကို ပစ်မှတ်ထားပြီး ရုံးမတက်ရအောင် နည်းအမျိုးမျိုးနဲ့ ဟန့်တားနှောင့်ယှက်တာ၊ သွေးဆောင်ဖြားယောင်းတာ၊ ဖိအားပေးအကျပ်ကိုင် ခြိမ်းခြောက်တာတွေကို လုပ်ဆောင်နေကြပါတယ်။

လူတစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ လွတ်လပ်ခွင့်အပေါ် ထိခိုက်စေတဲ့ လုပ်ရပ်တွေ၊ လူ့တန်ဖိုးနဲ့ ဂုဏ်သိက္ခာထိခိုက်စေတဲ့ အပြုအမူတွေကြောင့် နိုင်ငံ့ဝန်ထမ်းအချို့ကလည်း တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်နေကြပါတယ်။ ကိုယ်ပိုင်ဆန္ဒမပါဘဲ ခြိမ်းခြောက် အကျပ်ကိုင်မှုတွေကို မလွန်ဆန်နိုင်တဲ့အတွက် အချို့ကလည်း လိုက်ပါဆောင်ရွက်နေရတာလည်း ဖြစ်ပါတယ်။

❑ CDM ပြုလုပ်ဖို့ နည်းအမျိုးမျိုးနဲ့ လှုံ့ဆော်ဖိအားပေးသူတွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်တော့မယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။ အမှားကိုသိလျှင် အချိန်မီ အမှန်ပြင်လို့ ရနိုင်ပါတယ်။

**အမှားကိုသိလျှင် အမှန်ပြင်**

ဒါ့ကြောင့် CDM ပြုလုပ်ဖို့ နည်းအမျိုးမျိုးနဲ့ လှုံ့ဆော်ဖိအားပေးသူတွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်တော့မယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။ အမှားကိုသိလျှင် အချိန်မီ အမှန်ပြင်လို့ ရနိုင်ပါတယ်။

ပြည်သူ့ဝန်ကိုထမ်းတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ပညာပြည့်ဝပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းရှိတဲ့သူတွေဖြစ်တဲ့အတွက် ခေတ်စနစ်နဲ့ လိုက်လျောညီထွေစွာ သစ္စာရှိရှိ ၊ တာဝန်သိသိ၊ မေတ္တာ၊ ကရုဏာ အရင်းခံပြီး မြင့်မြတ်တဲ့စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတယ်။ ။

## ဘူးသီးတောင်မြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**ဘူးသီးတောင် မတ် ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပေါ့ဆမှု မရှိစေရေးအတွက် ဦးဥတ္တမခန်းမရှေ့၌ အသိပညာပေးရေး လှုပ်ရှားမှုအဖြစ် ယမန်နေ့က နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုနှင့် နှာခေါင်းစည်းများ (အခမဲ့)ဖြန့်ဝေကြကြောင်း သိရသည်။**(အောက်ပုံ)**

ထိုသို့ အခမဲ့ဖြန့်ဝေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော အဖွဲ့သည် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့၌ မြို့နယ်စည်ပင်သာယာဈေးသို့ ဈေးရောင်း/ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ အသိပညာမြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် နှာခေါင်းစည်း ၅၀၀၀ ကို အခမဲ့ဖြန့်ဝေကာ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

**လှကျော် (ပြန်/ဆက်)**



## လွိုင်လင်မြို့နယ်၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်

**လွိုင်လင် မတ် ၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်အတွင်းရှိ ကုန်းမယ်ဇလီ၊ ဒုံတန်၊ ခဲလောင်း၊ ပါဟုတ် ကျေးရွာလေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW)နှင့် ကျေးရွာပြည်သူများ၏ ပူးပေါင်းထည့်ဝင်ငွေများဖြင့် တစ်အိမ်သုံးဆိုလာစနစ် မီးလင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာလေးရွာတွင် ဝပ် ၆၀ ဆိုလာ ၉၇လုံး၊ ဝပ် ၁၀၀ ဆိုလာ ၆၆ လုံး၊ ကျေးရွာဆေးပေးခန်းအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းတစ်စုံ၊ မူလတန်းကျောင်းသုံးကျောင်းအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်း သုံးစုံ၊ ဘာသာရေး အဆောက်အအုံ သုံးခုအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်း သုံးစုံနှင့် လမ်းမီးတိုင် ၁၈ တိုင်တို့အား တပ်ဆင်ဆောင်ရွက်ပေးထားပြီး တစ်အိမ်သုံးဆိုလာများကို ဝပ်၆၀ ဆိုလာစနစ်အတွက် ငွေကျပ် ငါးသောင်းနှင့် ဝပ် ၁၀၀ ဆိုလာစနစ်အတွက် ငွေကျပ် ၁၅၀၀၀၀ တို့ကို ပြည်သူ့အချိုးကျ အရစ်ကျစနစ်ဖြင့် နှစ်ကြိမ်ခွဲ၍ ထည့်ဝင်ရမည်ဖြစ်ပြီး ဆိုလာစနစ်တစ်စုံစာအတွက် ကျန်ရှိသည့် တန်ဖိုးကို စီမံကိန်းရန်ပုံငွေမှ ကျခံပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာရှိ အများပြည်သူပိုင် အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေး အဆောက်အအုံနှင့် လမ်းမီးတိုင်များကို စီမံကိန်းရန်ပုံငွေမှ ရာနှုန်းပြည့် အခမဲ့ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုကို ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် ဝန်ထမ်းများမှ ယမန်နေ့က ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ငြိမ်းသူ**




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၃ - ၂၀၂၁

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၇၀/၆၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၂၅/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၇၅၀/၇၈၀ ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၅ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၅၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၄၉ | ၄၅၅၇၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၆၁ | ၂၁၆၅၅၀ |
| MCB | – | – | – | – |
| FPB | – | – | – | – |
| TMH | – | – | – | – |
| EFR | ၃၂၅၀ | ၃၂၅၀ | ၅၀ | ၁၆၂၅၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# မြန်မာသမိုင်းစာပေ (၄)

**မောင်ခင်မင် (ဓနုဖြူ)**

"ကျောက်စာတွေကတော့ ခေတ်ပြိုင်မှတ်တမ်းတွေမို့ ရေးထိုးတဲ့ကုသိုလ်ရှင်ရဲ့ ခေတ်အကြောင်းကို အနည်းနဲ့အများ ဖော်ပြနေတာပေါ့။ ဒါကြောင့် မြန်မာသမိုင်းစာပေကို ခြေရာခံမယ်ဆိုရင် ကျောက်စာတွေက စပြီး ခြေရာခံရတာပေါ့ကွယ်"

"နားလည်ပါပြီ ဆရာ"

"စာပေနဲ့ဆိုင်တဲ့ အချက်တစ်ချက်ကို ပြောရရင်ပုဂံမင်းတွေဟာ အင်မတန်ခမ်းနားတင့်တယ်တဲ့ ဘွဲ့တွေကို ခံယူလေ့ရှိကြတယ်။ ဘွဲ့တွေက သက္ကတဘာသာနဲ့ ရှည်ရှည်လျားလျားစီကုံးထားတဲ့ ဘွဲ့တွေပဲကွဲ့"

"ဟုတ်ကဲ့ ဆရာ"

"ဆရာကတော့ သမိုင်းဆရာအမြင်နဲ့ အဲဒီဘွဲ့တွေရဲ့ထူးခြားမှုကို ပြောပြတာပါ။ ဘွဲ့တွေရဲ့ အဓိပ္ပာယ်ကိုတော့ မြန်မာစာ ဆရာကြီးကိုပဲ မေးရမှာပဲ၊ ဟုတ်တယ်မဟုတ်လား အောင်အောင်"

"ကျန်စစ်သားမင်းရဲ့ဘွဲ့ကစပြီး နောက်မင်းတွေအထိ ဘွဲ့မည်တွေဟာ ဆင်တူတွေပဲ။ အရင်တစ်ပတ်ကပြောတဲ့ ကျစွာမင်းကြီးရဲ့ ဘွဲ့တော်က 'ရှရီတြိဘဝနာဒိတျာပဝရ ပဏ္ဍိတာဓမ္မရာဇာ' တဲ့"

"အရှည်ကြီးပဲနော်"

"ကျန်စစ်သားမင်းရဲ့ဘွဲ့တုန်းကတော့ 'ပဝရ' နဲ့ 'ပဏ္ဍိတ' မပါဘူး။ မင်းတို့ ရာဇကုမာရ်ကျောက်စာသင်ဖူးသားပဲ"

"ဟုတ်ပါတယ် ဆရာ"

"အဲ… အဓိပ္ပာယ်ဖွင့်ရရင်တော့ 'ရှရီ'ဆိုတာ 'သိရီ'ဆိုတဲ့ ပါဠိစကားနဲ့တူတယ်။ ရေးရင် ဂငယ် အလယ်မှာ အစက်ကလေးပါတဲ့ အက္ခရာနဲ့ရေးတယ်။ 'သျှ'လို့ အသံထွက်တယ်။ ဒီတော့ 'သျှီ' ပေါ့။ ရှရီလို့ အသံထွက်တယ်။ 'ကျက်သရေ'လို့ အဓိပ္ပာယ်ရတယ်။ 'တြိ'က 'နှ'ပေါ့။ 'ဘဝန'ဆိုတာ 'လောက' 'အာဒိတျ' ဆိုတာ 'နေမင်း'၊ 'ပဝရ' ဆိုတာ မြတ်သော၊ 'ပဏ္ဍိတ'ဆိုတာ ပညာရှိ၊ 'ဓမ္မရာဇာ'ဆိုတာတရားမင်း၊ ဒီတော့ ဘွဲ့ရဲ့အဓိပ္ပာယ်ကို စုပေါင်းလိုက်ရင် 'ကျက်သရေရှိသော၊ လောကသုံးပါးတွင်နေမင်းကဲ့သို့ ဘုန်းတန်ခိုးထွန်းတောက်သော၊ မြတ်သော၊ ပညာရှိသော၊ တရားနှင့်ညီသောမင်း' ဆိုတဲ့ အဓိပ္ပာယ်ရတာပေါ့ကွာ"

"အင်မတန်ကောင်းမွန်တဲ့ အဓိပ္ပာယ်ပါပဲ။ ဘုရင်မင်းမြတ်ရဲ့ ဂုဏ်ကို ကြည်ညိုလေးစားစရာကောင်းအောင် ဖော်ညွှန်းထားတဲ့ဘွဲ့ပဲနော်"

"ဟုတ်တယ်။ မြန်မာစာပါမောက္ခ ဆရာမကြီးဒေါ်သန်းဆွေက 'ပုဂံခေတ်ဘွဲ့မည်များ၊ ပင်းယခေတ်ဘွဲ့မည်များ' ဆိုတဲ့ သုတေသနစာတမ်းတွေ ပြုစုခဲ့တာရှိတယ်။ အသေးစိတ်လေ့လာနိုင်တာပေါ့။ ပင်းယခေတ်ကျတော့လဲ ပင်းယမင်းတွေဟာ အဲဒီလို ခံ့ညားတဲ့ဘွဲ့တွေကို ဆက်လက်ခံယူကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"ပင်းယခေတ်က မင်းတွေရဲ့ဘွဲ့တွေမှာ 'သေတကုဉ္ဇရပတိ' ဆိုတဲ့စကား ပါလာတယ်"

"အဓိပ္ပာယ်ကဘာလဲ အောင်အောင်"

" 'သေတ' ဆိုတာ 'ဖြူသော'၊ 'ကုဉ္ဇရ' ဆိုတာ 'ဆင်'၊ 'ပတိ' ဆိုတာ 'အရှင်' တဲ့"

"ဩော်… ဆင်ဖြူရှင်လို့ ဆိုလိုတာပေါ့နော်"

"ဟုတ်တယ်။ ဆင်ဖြူရှင်ဆိုတဲ့ အဓိပ္ပာယ်ကို ပါဠိစကားနဲ့ ခံ့ခံ့ညားညား ခေါ်ထားတာလေ။ ပြီးတော့'တန်ခိုးသတင်း၊ ရဲခြင်းသဒ္ဓါ၊ ပညာကြီးသော' ဆိုတဲ့ ဝိသေသစကားမျိုးတွေလဲပါသေးတယ်။ ဘုရင်ရဲ့ဂုဏ်ကို စာပေအရာမြောက်အောင် တခမ်းတနားဖွဲ့ထားတာပေါ့ကွယ်"

"မှတ်သားထားပါ့မယ် ဆရာ"

"ဒီတော့ ခေတ်အဆက်ဆက် ပေါ်ပေါက်တဲ့ ကျောက်စာတွေထဲက 'သမိုင်းစာပေ' အဖြစ် မှတ်ယူနိုင်တဲ့ ကျောက်စာတွေကို မင်းတို့နှစ်ယောက် ရှာဖွေလေ့လာကြပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ပင်းယခေတ်မှာပေါ်တဲ့ ကာချင်းကဗျာဆိုရင်လဲ ကိုယ့်နိုင်ငံရဲ့အလှ၊ ကိုယ့်နိုင်ငံရဲ့ဂုဏ်ကို ဇာတိမာန်နိုးကြားစရာ ဖွဲ့ထားတဲ့ ဝီရ ရသမြောက်တဲ့ သမိုင်းနောက်ခံ ကဗျာလို့ဆိုရမှာပေါ့"

"ဟုတ်တာပေါ့ အောင်အောင်"

"တစ်ခုသိချင်လို့ပါ ဆရာ။ ရာဇဝင်ကျမ်းတွေကို သမိုင်းစာပေအဖြစ် သတ်မှတ်နိုင်ပါသလား"

"သတ်မှတ်ရမှာပေါ့။ ရာဇဝင်ကျမ်းတွေဟာ အကြောင်းအရာက သမိုင်းဆိုင်ရာအကြောင်းအရာတွေကို ရေးထားတာလေ။ အရေးအသားကလဲ စာပေအရာမြောက်တဲ့ အရေးအသားတွေပါ"

"အေး…ရာဇဝင်တွေနဲ့အတူ အရေးတော်ပုံကျမ်းတွေ၊ လျှောက်ထုံးကျမ်းတွေ ပြီးတော့ ကဗျာတွေထဲက မော်ကွန်းတွေ၊ ချေင်းတွေဟာ မြန်မာသမိုင်းစာပေတွေပဲပေါ့"

> **"ရာဇဝင်ကျမ်းတွေဟာ အကြောင်းအရာက သမိုင်းဆိုင်ရာ အကြောင်းအရာတွေကို ရေးထားတာလေ။ အရေးအသားကလဲ စာပေအရာမြောက်တဲ့ အရေးအသားတွေပါ"**
>
> **"အေး…ရာဇဝင်တွေနဲ့အတူ အရေးတော်ပုံကျမ်းတွေ၊ လျှောက်ထုံးကျမ်းတွေ ပြီးတော့ ကဗျာတွေထဲက မော်ကွန်းတွေ၊ ချေင်းတွေဟာ မြန်မာသမိုင်းစာပေတွေပဲပေါ့"**

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"အေး…အင်းဝခေတ်မှာ ရာဇဝင်ကျမ်း တစ်ကျမ်း ပေါ်ပေါက်တယ်။ ရှင်မဟာသီလဝံသ ရေးသားပြုစုတဲ့ မဟာသမ္မတဝံသ ကျမ်းတဲ့။ ဒီကျမ်းကို'ရာဇဝင်ကျော်' လို့ အခေါ်များတယ်။ ခုအထိ တွေ့ရသမျှ အစောဆုံး မြန်မာရာဇဝင်ကျမ်းပဲ"

"ဒါဆိုရင် အဲဒီကျမ်းအရင်က ရာဇဝင်ကျမ်းတွေ ရှိနိုင်တာပေါ့နော် ဆရာ"

"ဒါကြောင့် ခုအထိတွေ့ရသမျှ အစောဆုံးလို့ စကားခံပြောတာလေ။ ဒီကျမ်းကို မဟာဝင်ပိုင်းနဲ့ မြန်မာရာဇဝင်ပိုင်းဆိုပြီး နှစ်ပိုင်းခွဲနိုင်တယ်။ မဟာဝင်ပိုင်းကို မဟာသမ္မတမင်းဆက်နဲ့ သိဃ်ိဳဌကျွန်းမင်းဆက်ဆိုပြီး နှစ်ပိုင်းထပ်ခွဲနိုင်တယ်"

"ဟုတ်ကဲ့ပါ"

"မဟာဝင်ပိုင်းမှာ မဟာဝံသအဋ္ဌကထာကို နိဿယပြန်တာရော မြန်မာဘာသာ ပြန်တာရော ပါတယ်။ ကမ္ဘာဦးအစ မဟာသမ္မတမင်းကစပြီး သီရိဓမ္မာသောကမင်းလက်ထက်အထိ တစ်ပိုင်းပေါ့၊ ပြီးတော့ ဝိဇယမင်းကစတဲ့ သီဟိုဠ်ရာဇဝင်က တစ်ပိုင်းပေါ့"

"ဒါဆိုရင် မြန်မာရာဇဝင်သက်သက်မဟုတ်ဘူး ပေါ့နော် ဆရာ"

"အေး… အမှန်ပဲကွဲ့။ မဟာဝင်ပိုင်းက မြန်မာရာဇဝင်ပိုင်းထက် ခုနစ်ဆလောက်ကို ရှည်တယ်။ ဒီတော့ 'မဟာသမ္မတဝံသကျမ်း' ဆိုတဲ့ နာမည်အတိုင်း၊ မဟာသမ္မတမင်းဆက်ကို ပဓာနထားပြီး ရေးတာလို့ ယူဆရတယ်"

"ဩော်… ဟုတ်ကဲ့"

" မြန်မာမင်းဆက်ကိုတော့ အကျဉ်းပဲဖော်ပြတယ်။ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်းမင်းဆက်တွေကို အကျဉ်းချုပ်ပြီး ဖော်ပြတယ်။ အင်းဝမင်းဆက်ကိုတော့ ရှင်မဟာသီလဝံသလက်ထက်အထိ ရွှေနန်းကြော့ရှင်အထိပေါ့။ ဒါလဲ အကျယ်မဟုတ်ဘူး။ လိုရင်းလောက်ပဲ ဖော်ပြတယ်"

"ဟုတ်ကဲ့"

"စိတ်ဝင်စားစရာတစ်ခုက 'ဘုရင်'ကို 'ဘုရားရှင်'လို့ သုံးတဲ့အသုံးပဲ။ ဘုရင်ဆိုတဲ့ ဝေါဟာရဟာ ဘုရားရှင်ဆိုတဲ့ ဝေါဟာရကို အတိုချုပ်ပြီးခေါ်ရာက 'ဘုရင်'ဖြစ်လာတာပေါ့။ ဘုရင်ကို ဘုရားရှင်အဖြစ် အထွတ်အမြတ်ထားပြီး ခေါ်တာပဲလေ"

"ဟုတ်ကဲ့၊ မှတ်သားစရာပါပဲ ဆရာ"

"ဒီတော့ ရာဇဝင်ကျော်ဟာ အင်းဝခေတ်မှာ ပေါ်ပေါက်တဲ့ မြန်မာသမိုင်းစာပေ တစ်ခုပဲပေါ့။ အရေးအသားကလဲ အင်မတန်ကောင်းပါတယ်။ ရှင်းလင်းပြေပြစ်တယ်။ စာပေအရာမြောက်တဲ့ အရေးအသားပေါ့"

"ပညာရှင်တွေကတော့ မြန်မာရာဇဝင်ပိုင်းမှာ အားနည်းတယ်လို့ သုံးသပ်ကြပါတယ်"

"ဟုတ်ကဲ့ပါ"

"ရာဇဝင်ကျော် ပေါ်ပေါက်ပြီးတဲ့နောက် စာပေအရာမြောက်တဲ့ ရာဇဝင်ကျမ်းတစ်စောင် ပေါ်ပေါက်တယ်။ အဲဒီကျမ်းကတော့ တောင်ငူရာဇဝင်ပဲ"

"တောင်ငူရာဇဝင်ကို သမီးတို့ကြားတော့ ကြားဖူးပါတယ် ဆရာ။ မလေ့လာဖူးပါဘူး"

"ရှင်ဉာဏသည်းခံကြီးဆိုတဲ့ ရဟန်းတော်တစ်ပါးပြုစုတဲ့ ရာဇဝင်ပါ။ တောင်ငူမင်းတွေရဲ့ လက်ထက်မှာပဲ ပြုစုတာမို့ ခေတ်ပြိုင်ရာဇဝင်ကျမ်းတစ်ကျမ်းပေါ့။ အရေးအသားလဲကောင်းတယ်။ သမိုင်းဘက်ကရော၊ စာပေဘက်ကရော လေ့လာ စရာတွေရှိပါတယ်။ ဆရာသိသလောက် ကိုလိုနီခေတ်မှာ တစ်ကြိမ်ပုံနှိပ်ပြီး တိမ်မြုပ်နေတာ ကေတုမတီ တောင်ငူ နှစ်ငါးရာပြည့်ပွဲလုပ်တော့မှ တောင်ငူရာဇဝင်အကြောင်း စာတမ်းဖတ်တာတို့၊ စာအုပ်ပြန်ထုတ်တာတို့ ဖြစ်လာတယ်။ ဆက်ပြောကြသေးတာပေါ့" ။ ။

---

## မကွေးမြို့နယ်မှ ရေလိုအပ်သောနေရာများသို့ ရေဂါလန် ၆၀၀၀ လှူဒါန်း



**မကွေး မတ် ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာတွင် ရေလိုအပ်နေသော ထန်းတောတိုက်များနှင့် နေအိမ်များသို့ ရေဂါလန် ၆၀၀၀ ကို မတ် ၂ ရက်က အိမ်တိုင်ရာရောက်သွားရောက် လှူဒါန်းကြောင်း သိရသည်။

"ကြာကန်ကျေးရွာမှာ သုံးရေလိုအပ်တဲ့နေရာအချို့ကို ရေဖြန့်ဝေလှူဒါန်းနိုင်ဖို့ ဒီကနေ့ ရေအလှူရှင်ကတော့ မြဝတီမြို့မှာနေတဲ့ ဦးအောင်ချမ်းသာ-ဒေါ်နှင်းအိဖြိုး မိသားစုက သောက်သုံးရေဂါလန် ၆၀၀၀ ကို လှူဒါန်းရေ ၅၂၅ အိမ်ခြေ ၁၀၅ အိမ်ထောင်စု ၁၃၄ စုစာ အတွက် ဖြန့်ဝေလှူဒါန်းပေးတာပါ"ဟု ဦးဆောင်စီစဉ်သူ ကိုဇော်မင်းထိုက်က ပြောသည်။

မကွေး၊ နတ်မောက်၊ မြို့သစ်မြို့နယ်တို့၌ ရေတွင်းရေကန်များတွင် ယမန်နှစ်က မိုးရွာသွန်းမှု နည်းပါးကာ ရေဝင်နည်းပြီး အချို့ရေကန်များ၊ ရေတွင်းများ ခန်းခြောက်လျက်ရှိသည်ကိုတွေ့ရသည်။ နွေရာသီ ရေပြတ်လပ်မှုများရှိနိုင်ကြောင်း စိုးရိမ်မှုများလည်း ရှိနေကြကြောင်း ဒေသခံများထံမှ သိရသည်။

မကွေး၊ နတ်မောက်၊ မြို့သစ် ဆုံရာနယ်စပ် တြိဂံနယ်မြေရှိ ကျေးရွာများ၌ ရေလှူဒါန်းလို၍ဖြစ်စေ၊ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျှင်ဖြစ်စေ ဇော်မင်းထိုက် (ကျေးလက်မြေ) ဖုန်းနံပါတ် ၀၉-၄၅၅၂၉၄၄၄၂ ထံသို့ ဆက်သွယ်အကူအညီ တောင်းနိုင်ပါကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**

# နိုင်ငံရဲ့ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကို ရှုံ့ပြီး CDM လှုပ်ရှားမှုနဲ့ အဖျက်အမှောင့် လုပ်ရပ်တွေကို မြန်မြန်အဆုံးသတ်စေချင်ပါပြီ

ဦးမြရွှေ

## အင်တာဗျူး - မြင့်မိုရ်

နိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံရေးအမြတ်ထုတ်သော ဦးဆောင်သူများ၏ CDM (Civil Disobedience Movement) လှုပ်ရှားမှုမှသည် ပြည်သူအများ လိုလားတောင့်တသော ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့်လုပ်ရပ်များကိုသာ ဦးတည်နေသည်။ CDM လှုပ်ရှားမှုသည် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံရေးအမြတ်ထုတ်ကာ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သွေးထိုးပေးနေခြင်းဖြစ်သည်။ ယခုအခါ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူအများ သွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ရုံးတက်နေသော ဝန်ထမ်းအများစုနှင့် ပြည်သူများအား အနှောင့်အယှက်ပေးနေခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ လတ်တလောကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသားဖော်ပြလိုက်ပါသည်။

"ကျွန်တော်က ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီတစ်ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ အင်ဂျင်နီယာတစ်ဦးပါ။ ကိုဗစ်- ၁၉ ကပ်ရောဂါကာလ ပထမအကျော့ရော၊ ဒုတိယအကျော့မှာပါ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ယာယီရပ်နားထားခဲ့ရတယ်။ အလုပ်တွေ ရပ်နားထားတော့ လစာကလည်း အပြည့်အဝမရရှိဘူးပေါ့။ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးတွေလည်းပေါ်လို့ ဇန်နဝါရီလကုန် ဖေဖော်ဝါရီလဆန်းပိုင်းလောက် အလုပ်တွေပြန်စမယ်လို့ ကုမ္ပဏီက ရည်ရွယ်ထားကာမှ မျှော်လင့်မထားတဲ့ နိုင်ငံရေးဆူပူလှုပ်ရှားမှုက ပေါ်ပေါက်လာပြန်တယ်။ ဒီ CDM ဆူပူလှုပ်ရှားမှုက အခုဆိုရင် တစ်လလောက်တောင် ကြာမြင့်နေပြီ။ အခုချိန်ထိ အရှိန်က သိပ်မကျသေးဘူး။ တကယ်တော့ ဆူပူလှုပ်ရှားမှုနောက်ကွယ်က ကြိုးကိုင်တွေ၊ မြှောက်ထိုးမှုတွေကြောင့် အခုလိုလူငယ်အများစု လမ်းမတွေပေါ် ရောက်လာနေကြတာ။ သူတို့တစ်တွေရဲ့ နိုင်ငံရေးခံယူမှုက မပြင်းထန်သလို နိုင်ငံရေးနဲ့ပတ်သက်ပြီး နားလည်တတ်ကျွမ်းမှုကလည်း အဲဒီလောက် မဟုတ်ပါဘူး။ အွန်လိုင်းပေါ်မှာ ဘယ်သူကရေးတင်လို့ တင်မှန်းမသိဘဲ ခိုင်မာမှုမရှိတဲ့ သတင်းတွေဖတ်ပြီးအဟုတ်ထင်နေကြတာ။ ဖြစ်နိုင်၊ မဖြစ်နိုင် / အမှန်နဲ့ အမှားကိုကောင်းကောင်း ဝေဖန်ပိုင်းခြားနိုင်မှုမရှိသေးတော့ အယုံလွယ်ကြတာပေါ့။ တချို့ဆို လူကြီးပိုင်းတွေကပါ အခုနောက်ပိုင်း လူငယ်တွေကို အနာဂတ်မျိုးဆက်သစ်တွေ ဦးဆောင်ရမှာ၊ မင်းတို့ ခေါင်းငုံ့ခံရင် နှစ်ပေါင်းဘယ်လောက်အထိ ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုပြီး အယုံလွယ်အောင် သိမ်းသွင်းနေကြတာ တွေ့ရတယ်။ ဒါကြောင့်လည်း အခုလောက်အထိ ကြာသွားတာပါ။ တကယ်ဆို ခုလိုအချိန်မျိုးမှာ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ ပတ်သက်လို့လည်း စိုးရိမ်စရာ အရင်လောက်အထိမရှိ တော့ဘူးဆိုတော့ လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်နေပြီ။ ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ နောက်ကျကျန်နေတဲ့ နိုင်ငံရဲ့ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကို ရှုံ့ပြီး CDM လှုပ်ရှားမှုနဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကို မြန်မြန်အဆုံးသတ်စေချင်ပါပြီ" ဟု ရန်ကင်းမြို့နယ်အတွင်းနေထိုင်သည့် အင်ဂျင်နီယာ ဦးမြရွှေ (နာမည်လွှဲ)က ပြောကြားသည်။

"ဒီ CDM လှုပ်ရှားမှုကို အမြန်ဆုံးပြီးဆုံးစေချင်ပြီ။ နယ်ကနေအိမ်ကိုလာနေတဲ့ တူလေးကလည်း အထည်ဆိုင်က လောလောဆယ်ပိတ်ထားတော့ နေ့တိုင်းလမ်းထွက်လွန်းလို့ မနည်းပြောနေရတယ်။ ဘာရယ်မဟုတ်ဘူး။ သူများတွေအော်တာနဲ့ နားလည်တာလည်း မဟုတ်ဘူး။ လူငယ်ဆိုတော့ သူများတွေပြောသံကြား နားယောင်ပြီး သူငယ်ချင်းတွေနဲ့ လိုက်လိုက်သွားတာ။ နင့် အမေပြောပြီး နယ်ပြန်ပို့မယ်ဆိုလို့ ခုရက်ပိုင်းတော့ ငြိမ်နေတယ်။ ဘယ်ရက် ပြန်ဖောက်မယ် မသိဘူး။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အထည်ဆိုင်ကလည်း ပိတ်ထားရတာ အခုဆိုရင် တစ်နှစ်တောင် ကျော်နေပြီ။ သူများတွေလို ဆိုင်ခန်းငှားပြီး ဖွင့်ရရင်တော့ မလွယ်ဘူး။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းပိုင်းတုန်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနရဲ့ ကြီးကြပ်မှုနဲ့ မင်္ဂလာမွန်ဈေးကြီးကို ပြန်ဖွင့်လိုက်သေးတယ်။ အဲဒီဈေးတွေပြန်ဖွင့်တဲ့နေ့မှာပဲ အခုလို တိုင်းပြည်ဆူပူမှုကစခဲ့တော့ အထည်ဆိုင်ကို ချက်ချင်းပြန်ပိတ်လိုက်ရတယ်။ အခုလည်း အခြေအနေက ပုံမှန်မဟုတ်သေးတော့ ဆိုင်ကို ပြန်ဖွင့်လို့ မရသေးဘူးဖြစ်နေတယ်။ ဈေးကတော့ ဖွင့်ထားတယ်။ တချို့ဆိုင်တွေကတော့ ဖွင့်ကြတယ်။ အစ်မကတော့ တစ်နှစ်လုံးလုံးတောင် ပိတ်လာခဲ့ပြီးမှ ဒီအခြေအနေမျိုးကြီးမှာ ပြန်မဖွင့်ချင်သေးလို့ လောလောဆယ်တော့ ယာယီပိတ်ထားသေးတယ်။ ဖောက်သည်တွေလည်း မှတ်ရောမှတ်မိသေးလား မသိတော့ပါဘူး။ လုပ်ကိုင်စားသောက်ရတာကလည်း ကိုဗစ်-၁၉ ကပ်ရောဂါက တစ်မျိုး၊ ဒီ CDM လှုပ်ရှားမှုက တစ်မျိုးနဲ့ အတော်လေးကို စိတ်ကုန်လာပြီ။ ဒီကြားထဲ CDM လှုပ်ရှားမှုအောင်မြင်ရင် ဘာဖြစ်မယ်၊ ညာ ဖြစ်မယ်နဲ့ ဟိုအသံကြားရ၊ ဒီသံကြားရနဲ့။ ညညဆိုလည်း သံပုံးတီးသံတွေနဲ့ ဆူညံနေတာပဲ။ တစ်သက်နဲ့တစ်ကိုယ် ခုလိုကြီး တစ်ခါမှမကြုံဖူးပါဘူး" ဟု မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်ပြီး မင်္ဂလာမွန်ဈေး၌ အထည်ဆိုင်ဖွင့်လှစ်ထားသည့် ဒေါ်မေကြည် (အမည်လွှဲ)က ပြောကြားသည်။

"ကျွန်တော်က YBS ယာဉ်မောင်းတစ်ဦးပါ။ ခုရက်ပိုင်းတွေမှာ ရန်ကုန်မြို့ပေါ် ကားဆွဲရတာ အတော်လေးကို စိတ်ညစ်ရတယ်။ အရင်ကထက် စိတ်ကိုထိန်းပြီးလည်း မောင်းနေရတယ်။ CDM လှုပ်ရှားမှုစတင်တဲ့ ရက်တွေတုန်းက ခုလောက်ထိ စိတ်မညစ်ရသေးဘူး။ ခုနောက်ပိုင်း ကားလမ်းတွေကို ပိတ်ထားတာ တော်တော်များများ ကြုံတွေ့နေရတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေလည်း လိုက်လံရှင်းလင်းမှုတော့ လုပ်ကြတာပဲ။ ကျွန်တော်တို့နိုင်ငံမှာ လူတော်တော်များများက နိုင်ငံရေးလုပ်စားကြတဲ့သူတွေရဲ့ မှိုင်းမိနေတော့ အတော်လေးကို ပြောရခက်တယ်။ သူတို့လုပ်ရပ်တွေနဲ့ သူတို့လိုချင်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းနဲ့က ပြောင်းပြန်။ ဟိုနေ့ကဆို အများသူငါ သွားလာနေတဲ့ ဗညားဒလလမ်းမကြီးပေါ်မှာ သစ်ကိုင်းတွေချပိတ်ထားလို့ ကားပေါ်လိုက်ပါလာတဲ့ ခရီးသည်တွေပါ အောက်ဆင်းပြီး ဖယ်ရတယ်။ ဒီကြားထဲ လမ်းပေါ်က သစ်ကိုင်းတွေဖယ်ရမလားဆိုပြီး လူတစ်ယောက်က လာပြောလို့ ခရီးသည်တွေပါ အချေအတင်ဝိုင်းပြောမှ နောက်ဆုံး အဆင်ပြေသွားတယ်။ အဲဒီနေ့ကဆို အတော်လေးကို စိတ်ညစ်ရတယ်။ ဝန်ထမ်းတွေရဲ့ CDM လှုပ်ရှားမှု အကြောင်းပြပြီး နိုင်ငံရေးသမားတွေက နိုင်ငံရေးအမြတ်ထုတ်နေတယ်လို့မြင်တယ်။ ဒါတွေကို ပြည်သူတွေအနေနဲ့ သဘောပေါက် နားလည်သင့်ပါပြီ။ အထူးသဖြင့် လှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွပါဝင်နေတဲ့ လူငယ်တွေကို အဓိကထား ပြောချင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အောက်ရှိ YBS ခရီးသည်တင်ယာဉ်လိုင်း ၄၃ မှ ယာဉ်မောင်း ဦးစောအောင်(အမည်လွှဲ)က နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုများကို အကြောင်းပြုကာ အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ ကြုံတွေ့ခဲ့မှုများကို ရင်ဖွင့်ပြောကြားခဲ့သည်။

"လောလောဆယ် ကျောင်းက ပိတ်ထားတော့ အိမ်မှာ အိပ်လိုက်စားလိုက်နဲ့ ပျင်းနေပြီ။ တချို့ သူငယ်ချင်းတွေကတော့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ တစ်လျှောက်လုံးလည်း အိမ်မှာပဲနေနေရတာ။ ရောဂါတွေ တည်ငြိမ်စပြုလို့ ကျောင်းတွေပြန်မဖွင့်ခင် အေးအေးချမ်းချမ်းနဲ့ မိသားစုလိုက် ခရီးလေးထွက်ဖို့ ရည်ရွယ်ထားပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ခရီးစဉ်ပျက်ပြီး မသွားရတော့ပြန်ဘူး။ အိမ်မှာနေရတာ ပျင်းလို့ဆိုပြီး သူငယ်ချင်းတွေနဲ့ CDM လှုပ်ရှားမှုမှာ တစ်ရက်လိုက်သွားလိုက်တာ။ နေတွေကလည်းပူ၊ ခြေတွေလည်းညောင်း၊ တစ်နေ့လုံး အော်ဟစ်နေရတာ။ မအော်ပြန်ရင်လည်း သူငယ်ချင်းက ဇွတ်အော်ခိုင်းပြန်ရော။ ညနေလည်းရောက်ရော အသံက မထွက်တော့ဘူး။ ညကျတော့ ဖျားပါလေရော။ ဒါနဲ့ အမေကသူများယောင်လို့ လိုက်ယောင်တာ၊ ဘာအကျိုးခံစားရလဲ၊ ငါတို့က အရေးအခင်းမျိုးစုံ ကြုံခဲ့ပြီးပြီ ဆူတာနဲ့ နောက်ရက်တွေ မလိုက်တော့ပါဘူးလို့ အိမ်ကို ကတိပေးလိုက်ရတယ်။ တကယ်လည်း ကျွန်မက CDM လှုပ်ရှားမှုမှာ ထပ်ပါဖို့ စိတ်ကူးမရှိတော့တာပါ။ တစ်ရက်တည်းနဲ့ လန့်သွားတယ်။ တကယ်တော့ ကျွန်မတို့လို ပညာသင်ဆည်းပူးနေတဲ့ လူငယ်တွေအနေနဲ့က ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ။ တကယ်ကို မပါဝင်သင့်ဘူးလို့ ကျွန်မမြင်မိပါတယ်။ ဒါက သမီးတစ်ဦးတည်းရဲ့ အမြင်ပါ။ တချို့သူငယ်ချင်းတွေကတော့ ဆက်လုပ်နေကြတာ တွေ့ရတယ်။ သူငယ်ချင်းအများစုကတော့ CDM လှုပ်ရှားမှုမှာ ထပ်မလုပ်ကြတော့ပါဘူး။ မြန်မြန်လည်း အဆုံးသတ်ပြီး ကျောင်းတွေ ပြန်ဖွင့်စေချင်ပါပြီ" ဟု တက္ကသိုလ်ဂုဏ်ထူးတန်းတွင် တက်ရောက်ပညာဆည်းပူးနေသော မနှင်းပွင့်(အမည်လွှဲ)က CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ ပြောကြားသည်။

ယခုအခါ နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုမှ ဆင့်ပွားလာသော အဖျက်အမှောင့်လုပ်ရပ်များသည် ပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီလမ်းကြောင်းနှင့် မျဉ်းပြိုင်သဖွယ် ဆန့်ကျင်ဘက်ဖြစ်နေသည်။ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ လူဦးရေ ထူထပ်များပြားသော မြို့ကြီး၏ လမ်းမများပေါ် တားဆီးပိတ်ပင်မှုလုပ်ရပ်များသည် ခရီးသွားပြည်သူအများစုကိုသာ ကြီးမားသော ဂယက်ရိုက်ခတ်မှုဖြစ်စေကြောင်း ရေးသားလိုက်ရပါသည်။

# ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ပဲခူး မတ် ၅**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများဖြင့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါသည် ဝေါမြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့်အတူ မတ် ၄ ရက်က ပြည်ထောင်စုရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အဗျားအောက်စုကျေးရွာကုန်ထုတ်မြေသားလမ်း ရေထုတ်ပြွန်ခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တာစုကျေးရွာ ကုန်ထုတ်မြေသားလမ်း၊ ရေထုတ်ပြွန်နှစ်စင်း၊ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာကော်မတီများကို လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ဘာပဲဖြစ်ဖြစ် ငြိမ်းငြိမ်းချမ်းချမ်း အမြန်ဆုံး ဖြစ်သွားစေချင်တယ်။ CDM အကြမ်းဖက်လှုပ်ရှားမှုတွေကို ဆန့်ကျင်တယ်။

ကိုထွန်းထွန်း (အမည်လွှဲ)

- “ဝန်ထမ်းတွေ CDM လုပ်နေလို့ ပြည်သူ့အတွက် ဝန်ဆောင်မှုလုပ်ငန်းတွေ နှောင့်နှေးနေတယ်ဆိုတာမျိုးတွေ မဖြစ်စေချင်ဘူး။ ကျွန်တော်တို့ စားဝတ်နေထိုင်ရေးအတွက်လည်း အချိန်ပေးရဦးမှာမို့ တန်ဖိုးရှိတဲ့အချိန်တွေ အချည်းအနှီးမကုန်ဆုံးစေချင်ဘူး။ ဒါကြောင့် CDM လှုပ်ရှားမှုကို မရှိစေချင်ဘူး။ CDM ကို ဆန့်ကျင်တယ်”
- “အသိနဲ့ သတိ တရားရှိဖို့ လိုတယ်။ အတည်ပြုချက်ကင်းမဲ့တဲ့ ပြောဆိုချက်တိုင်းကို မယုံကြည်သင့်ဘူး။ ဗဟုသုတများများရှိဖို့ လိုအပ်ပြီး အဲဒီဗဟုသုတတွေထဲက အချက်အလက်တွေဟာ မှန်ကန်မှု ရှိ၊ မရှိ စဉ်းစားဆင်ခြင်သုံးသပ်ကြရမှာ ဖြစ်တယ်။ အလားတူ CDM လှုပ်ရှားမှု ဆိုရင်လည်း ဝန်ထမ်းတစ်ဦးအနေနဲ့ ပါဝင်သင့် မပါဝင်သင့်ဆိုတာကို လက်တွေ့ဆန်ဆန် ရှေ့ရေးမျှော်တွေးကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် CDM အားမပေးဘူး။ CDM ကို ကန့်ကွက်တယ် ”

CDM (Civil Disobedience Movement) တွင် လူအများစုပါဝင်စေရန်အလို့ငှာ လူမှုကွန်ရက်ကို လွဲမှားစွာ အသုံးချခြင်းဖြင့် လည်းကောင်း၊ နောက်ကွယ်မှ တစ်ခဏတာ ထောက်ပံ့ကူညီခြင်းဖြင့်လည်းကောင်း မက်လုံးအမျိုးမျိုးပေး၍ သွေးထိုးလှုံ့ဆော်တွန်းအားပေး ဆောင်ရွက်နေကြသည်ကို တွေ့ရှိနေရသည်။

ထို့ကြောင့် CDM လှုပ်ရှားမှုနှင့်စပ်လျဉ်းသည့် ပြည်သူအချို့၏ အမြင်များကို တွေ့ဆုံမေးမြန်း စုစည်းဖော်ပြလိုက်ပါသည်။

“CDM လုပ်တဲ့ဝန်ထမ်းတွေကို စာအိတ်တွေထဲမှာ ပိုက်ဆံတွေထည့်ပြီး ထောက်ပံ့ ပေးနေတယ်။ CDM မလုပ်တဲ့သူတွေကိုလည်း ဆန်နဲ့ ဆီတွေ ထောက်ပံ့ပေးပြီး စည်းရုံးနေတာ တွေ့ရတယ်။ လစဉ်ထောက်ပံ့မယ်ဆိုတဲ့ ပြောဆိုမှုတွေနဲ့ စည်းရုံးကြတာတွေ့ရတယ်။ ဒါပေမယ့် ထောက်ပံ့သူတွေက ဘယ်သူတွေဆိုတာမသိရဘူး။ မေးကြည့်တဲ့အခါ လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်မှာပါတဲ့ လိပ်စာတွေကို CDM မှာ ပါဝင်နေတဲ့ ဝန်ထမ်း ဘယ်သူဖြစ်ကြောင်း၊ ဝန်ထမ်းမဟုတ်ရင်လည်း CDM လုပ်နေတဲ့ ဦး ဘယ်သူ၊ ဒေါ် ဘယ်သူဖြစ်ကြောင်း မက်ဆေ့ချ်ကနေတစ်ဆင့် သတင်းပို့ပေးရတယ်လို့ အကြမ်းဖျင်း ပြောနေကြတယ်။

**CDM တွေကို ဆန့်ကျင်တယ်**

“ဒီလုပ်ရပ်ဟာ ဘယ်လိုသဘောကို ဆောင်သလဲ။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ယန္တရားရပ်တန့်သွားမယ်ဆိုတဲ့ လွဲမှားတဲ့ အယူအဆကြောင့် ဖြစ်ပါတယ်။ အဲဒီလို နောက်ကွယ်က အားပေးကူညီထောက်ပံ့ခြင်းတွေဟာ လက်ရှိတည်ဆဲဥပဒေတွေနဲ့ ညီညွတ်ပါရဲ့လားလို့ မေးချင်တယ်။ ဘာပဲဖြစ်ဖြစ် ငြိမ်းငြိမ်းချမ်းချမ်း အမြန်ဆုံး ဖြစ်သွားစေချင်တယ်။ CDM အကြမ်းဖက်လှုပ်ရှားမှုတွေကို ဆန့်ကျင်တယ်။ ဝန်ထမ်းဘဝနဲ့ တည်ဆောက်နေရတဲ့ မိသားစုအတွက်ရေရှည်အကျိုးကိုမျှော်တွေးပြီး CDM မှာ မပါဝင်ဘူး။ ကျွန်တော် ရုံးတက်နေပါတယ်” ဟု CDM တွင် မပါဝင်သည့် ဒုတိယဦးစီးမှူးအဆင့်ရှိသူ ကိုထွန်းထွန်း(အမည်လွှဲ) က ပြောသည်။

**ဒီမိုကရေစီစနစ်နဲ့ဆန့်ကျင်တဲ့လုပ်ရပ်**

“CDM မှာ မပါဝင်တဲ့သူတွေကို အင်တာနက်စာမျက်နှာတွေမှာ Social Bullying လုပ်ဖို့လှုံ့ဆော်တာတွေ၊ ဆဲဆိုတာတွေကို လုံးဝမလုပ်စေချင်ပါဘူး။ ဖြစ်လည်း မဖြစ်သင့်ဘူး။ ဒီမိုကရေစီစနစ်အရ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိတယ်ဆိုပေမယ့် ခံယူချက်ယုံကြည်ချက်မတူလို့ဆိုပြီး သူတစ်ပါးရဲ့ ကိုယ့်ကျင့်တရားကို စော်ကားတဲ့ လုပ်ရပ်တွေကို ရှုတ်ချတယ်၊ ဆန့်ကျင်တယ်။ CDM လုပ်သူအချို့က CDM မှာမပါဝင်ဘဲ ရုံးတက်တဲ့သူတွေကို ပေါ်ပေါ်တင်တင်စော်ကားပြစ်တင်ပြောဆိုတာတွေတွေ့ရတယ်။ CDM မှာ မပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ သည်းခံနိုင်မှု အတိုင်းအတာကိုလည်း ချီးကျူးရမှာဖြစ်တယ်။ ဒီလို လုပ်ရပ်တွေဟာ ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးနေတာ မဟုတ်ပါဘူး။ ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်တဲ့လုပ်ရပ်တွေသာဖြစ်တယ်။ လူမှုကွန်ရက်မှာ စော်ကားခံရတဲ့သူတွေက အမှန်တရားအတွက် တရားစွဲခဲ့ရင် အခက်အခဲမဖြစ်ပေဘူးလား။

“တစ်ဖက်စွန်းရောက်သူတွေက ဘာပဲဖြစ်ဖြစ်ဆိုပြီး လူဆိုးလူမိုက်အတွေးတွေနဲ့ CDM မှာ ပါဝင်လှုပ်ရှားနေကြတာ အကြောင်းမဟုတ်ပေမယ့် အမှန်တကယ် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို ရေးရှုလုပ်ဆောင်နေကြတဲ့ ဝန်ထမ်းတွေက CDM လုပ်ကြမှာ မဟုတ်ဘူးဆိုတာ ယုံကြည်တယ်။ လူကောင်းသူကောင်းနဲ့ပေါင်းဖော်မှ လူကောင်းသူကောင်းဖြစ်မယ်။ လူဆိုးလူမိုက်နဲ့ပေါင်းဖော်ရင် လူဆိုးလူမိုက်ပဲ ဖြစ်သွားမယ်။ ငယ်စဉ် ကျောင်းတက်တုန်းက သင်ကြားခဲ့ရတဲ့ ကျေးညီနောင်ဥပမာသင်ခန်းစာလိုပဲပေါ့။ ဒါကြောင့် လူမှုကွန်ရက်တွေမှာ သူတစ်ပါးအခွင့်အရေးကို စော်ကားတဲ့အကြောင်းအရာတွေ မတင်စေချင်ဘူး။ ဘဝရှေ့ရေးကို မျှော်တွေးခြင်းမရှိတဲ့သူတွေရဲ့ လုပ်ရပ်တွေကို အတုမြင်အတတ်သင်မလုပ်စေချင်ဘူး” ဟု ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာအသုံးပြုသူ မမို့မို့ (အမည်လွှဲ) က သူမ၏ ယုံကြည်ချက်ကို ပြောပြသည်။

ယခု CDM လှုပ်ရှားမှုများအား ယခင် ၁၉၈၈ ခုနှစ် အရေးအခင်းတွင် တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်သင်ခန်းစာများနှင့် နှိုင်းယှဉ်၍ ငြိမ်းချမ်းစွာ ရုံးတက်စေလိုကြသည့် အငြိမ်းစားဝန်ထမ်းများလည်း ရှိနေသေးသည်။

**တိုင်းပြည်တည်ငြိမ်အေးချမ်းရေး**

“အခု CDM လှုပ်ရှားမှုတွေကို ၁၉၈၈ အရေးအခင်းနဲ့ နှိုင်းယှဉ်ပြီး ပြောချင်တယ်။ အခု CDM လှုပ်ရှားမှုတွေက ၁၉၈၈ ခုနှစ်တုန်းကလို ပြင်းထန်မှုမရှိသလို တစ်ဖက်ကလည်း ပြင်းပြင်းထန်ထန် နှိမ်နင်းတာ မတွေ့ရဘူး။ ဥပဒေမဲ့လုပ်ရပ်တွေနဲ့ အကြမ်းဖက်မှုတွေ လုပ်ဆောင်လာပြီဆိုရင်တော့ တရားဥပဒေစိုးမိုးရေးနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ဆောင်သင့်တာတွေကိုလုပ်ဆောင်ကြရမှာဖြစ်တယ်။ သွေးထိုးလှုံ့ဆော် စည်းရုံးတာတွေနဲ့ သဘောထားဆန္ဒ မတူညီတဲ့သူတွေကို အန္တရာယ်ပြုချင်တဲ့အပြုအမူတွေကို ရှောင်ရှားကြစေချင်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် ကျွန်တော် အသက် ၆၁ နှစ်ရှိပြီဖြစ်တဲ့အတွက် ၁၉၈၈ အရေးအခင်းကိုကောင်းကောင်းကြီးမီခဲ့တယ်။ အဲဒီအရေးအခင်းရဲ့ မြင်ကွင်းစုံတွေကနေ သင်ခန်းစာတွေ ကောင်းကောင်းကြီးရခဲ့တယ်” ဟု ဝန်ကြီးဌာနတစ်ခုမှ အငြိမ်းစားဝန်ထမ်း ဦးကျော်စွာ (အမည်လွှဲ) က ပြောပြသည်။

**ပုံမှန်ပဲ ရုံးတက်စေချင်တယ်**

“ကျွန်တော့်ဇနီးက နေပြည်တော်က ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်ဇနီး ရုံးတက်ဖို့ ရုံးကို ဆိုင်ကယ်နဲ့ ကိုယ်တိုင်မောင်းပြီးလိုက်ပို့ပါတယ်။ လမ်းမှာ CDM လှုပ်ရှားသူ အချို့က ဆိုင်ကယ်ကိုတားပြီး ဘယ်သွားမလို့လဲလို့မေးတဲ့အခါ ကျွန်တော်က အငြိမ်းစားဝန်ထမ်းဖြစ်တဲ့အကြောင်း၊ ဇနီးသည်က လက်ရှိဝန်ထမ်းဖြစ်တဲ့အကြောင်း ယဉ်ကျေးစွာ ပြောပြလိုက်ပါတယ်။ ဒါပေမယ့် CDM လှုပ်ရှားသူတွေက အငြိမ်းစားပဲဖြစ်ဖြစ်၊ လက်ရှိ ဝန်ထမ်းပဲဖြစ်ဖြစ် CDM မှာ ပါဝင်စေချင်တယ်လို့ စည်းရုံးပါတယ်။ CDM မှာ မပါဝင်နိုင်ကြောင်းပြောဆိုတောင်းပန်ပြီး ဇနီးသည်ကို ရုံးကို လိုက်ပို့လိုက်တယ်။ ဘာပဲဖြစ်ဖြစ် CDM မှာ မပါဝင်လိုသူတွေကို အဓမ္မမစည်းရုံးစေချင်ပါဘူး။ အတိတ် ကာလအဖြစ်အပျက်တွေ ကို လေ့လာသုံးသပ်ပြီး CDM မလုပ်စေချင်ဘူး။ အားလုံးကို ငြိမ်းချမ်းစေချင်ပါတယ်။ ပုံမှန်ပဲ ရုံးတက်သွားကြစေချင်ပါတယ်” ဟု ၎င်းက ဆိုသည်။

အလားတူ ငြိမ်းချမ်းစွာ ဘဝရပ်တည်မှုကို ဆောင်ရွက်လိုသည့် ဈေးသည်များနှင့် နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် နေထိုင်သူမှီခိုသူများ၏ စကားသံများကို CDM တွင် ပါဝင်လှုပ်ရှားနေကြသူများ ကြားသိစေလိုသည်။

**စိုးရိမ်သောကနဲ့ဈေးမရောင်းချင်**

“အခုတစ်လော ဈေးဝယ်ဈေးရောင်းလုပ်ရတာ ငြိမ်းချမ်းတဲ့ကာလတွေတုန်းကလို သိပ်အဆင်မပြေဘူး။ ပျဉ်းမနားမြို့က ကင်ပွန်းတန်း (ဘောဂသီရိ) ဈေးကို နံနက်စောစော ဈေးဝယ်သွားပြီး နေပြည်တော် ဝန်ထမ်းအိမ်ရာတွေကို လှည့်လည်ရောင်းချပါတယ်။ CDM ပါဝင်ဖို့ စည်းရုံးလာမှာနဲ့ မပါဝင်ရင် အန္တရာယ်ပြုမလားဆိုတဲ့ အတွေးတွေကြောင့် အိမ်ပြန်မရောက်မချင်း စိုးရိမ်ကြောင့်ကြနေရတယ်။ တစ်ဖက်မှာ စားဝတ်နေရေးဖြေရှင်းဖို့ကလည်း ရှိနေပြန်တယ်။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ဈေးရောင်းရတာ အဆင်မပြေဖြစ်နေရတဲ့အချိန်မှာ ဒီ CDM လှုပ်ရှားမှုက ပေါ်လာတော့ ဈေးရောင်းစားရတာ ပိုပြီးအဆင်မပြေဖြစ်ရတယ်။ အရင်က နေ့လယ်ပိုင်းလောက်ဆိုရင် အိမ်ပြန်ရောက်ခဲ့ပေမယ့် အခု ညနေ ၅ နာရီခွဲလောက်မှပဲ အိမ်ပြန်ရောက်တော့တယ်။ အရင်လို အေးအေးချမ်းချမ်းနဲ့ အိမ်ပြန်ရောက်ချင်တယ်။ စိုးရိမ်သောကတွေနဲ့ ဈေးလှည့်မရောင်းချင်ဘူး။ အိမ်နဲ့ ပတ်သက်လို့ ရုံးလုပ်ငန်းကိစ္စတွေ ဆောင်ရွက်ဖို့သွားတဲ့အခါ အမြန်ဆုံးအဆင်ပြေ ချောမွေ့စေချင်တယ်။ ဝန်ထမ်းတွေ CDM လုပ်နေလို့ ပြည်သူ့အတွက် ဝန်ဆောင်မှုလုပ်ငန်းတွေ နှောင့်နှေးနေတယ်ဆိုတာမျိုးတွေ မဖြစ်စေချင်ဘူး။ ကျွန်တော်တို့ စားဝတ်နေထိုင်ရေးအတွက်လည်း အချိန်ပေးရဦးမှာမို့ တန်ဖိုးရှိတဲ့အချိန်တွေ အချည်းအနှီး မကုန်ဆုံးစေချင်ဘူး။ ဒါကြောင့် CDM လှုပ်ရှားမှုကို မရှိစေချင်ဘူး။ CDM ကို ဆန့်ကျင်တယ်” ဟု သုံးဘီးဆိုင်ကယ်ဖြင့် ဈေးလှည့်လည်ရောင်းချရင်း ဘဝကို မှန်ကန်စွာရပ်တည်နေသူ ဦးမြင့်ရွှေ (အမည်လွှဲ) က ပြောသည်။

**ရှေ့မျှော်မှန်းချက်တွေ အများကြီးရှိ**

“ကျွန်တော့်ဇနီးက ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ အမျိုးသမီးကလည်း CDM မှာ ပါဝင်ဖို့ ဆန္ဒမရှိသလို ကျွန်တော်ကိုယ်တိုင်ကလည်း အားမပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ ရှေ့ရေးမျှော်မှန်းချက်တွေ အများကြီးရှိပါသေးတယ်။ အခုကာလမှာ ဘာမှ ထိခိုက်ခံလို့ မဖြစ်ပါဘူး။ လာရောက် စည်းရုံးမှုတွေ ရှိနေပေမယ့် CDM မှာ မပါဝင်လိုဘူးဆိုတဲ့ ကျွန်တော်တို့ရဲ့ ရပ်တည်ချက်ကို ရှင်းလင်းစွာ ပြန်လည်ပြောပြလိုက်ပါတယ်။

“အသိနဲ့ သတိ တရားရှိဖို့ လိုတယ်။ အတည်ပြုချက်ကင်းမဲ့တဲ့ ပြောဆိုချက်တိုင်းကို မယုံကြည်သင့်ဘူး။ ဗဟုသုတများများရှိဖို့လိုအပ်ပြီး အဲဒီဗဟုသုတတွေထဲက အချက်အလက်တွေဟာ မှန်ကန်မှုရှိ၊ မရှိ စဉ်းစားဆင်ခြင်သုံးသပ်ကြရမှာ ဖြစ်တယ်။ အလားတူ CDM လှုပ်ရှားမှုဆိုရင်လည်း ဝန်ထမ်းတစ်ဦးအနေနဲ့ ပါဝင်သင့် မပါဝင်သင့်ဆိုတာကို လက်တွေ့ဆန်ဆန် ရှေ့ရေးမျှော်တွေးကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် CDM အားမပေးဘူး။ CDM ကို ကန့်ကွက်တယ် ” ဟု နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် ကံ့ကော်အိမ်ရာတွင်နေထိုင်သည့် ကိုမြင့်ဦး (အမည်လွှဲ) က ပြောသည်။

မိမိ၏ယုံကြည်ချက်သည် မိမိ၏ဆန္ဒသဘောထားသာဖြစ်သည်။ မိမိနှင့် ခံယူချက်မတူကြသူများကိုလည်း လေးစားကြရမည်ဖြစ်သည်။ မိမိတို့၏ ရေရှည်အကျိုးဖြစ်ထွန်းရေးကို မျှော်တွေးကြစေလိုသည်။ ထို့ကြောင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး ဒီမိုကရေစီနည်းလမ်းတကျ မိမိတို့၏ ဆန္ဒသဘောထားများကို မိမိတို့၏ ယုံကြည်ချက် ခံယူချက်များအတိုင်း အများသူငှာ၏ ကိုယ်ကျင့်တရားနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမရှိဘဲ ငြိမ်းအေးစွာသာ ဆန္ဒထုတ်ဖော်သင့်ပါကြောင်း။

**ကိုမေတ္တာ (နေပြည်တော်)**

# မြန်မာမှု အနုလက်ရာ ကျောင်းတော်ကြီးများ (၂)

*ကိုကျော်စွာ(ကျိုက်ပီ)*

**စာရေးသူတို့နိုင်ငံ၏ မြန်မာမှုအနုလက်ရာများကို ရေးသားမည်ဆိုလျှင် ကုန်နိုင်မည် မဟုတ်ပေ။ ဤမျှ များပြားလှပေသည်။ စာရေးသူသည် မြန်မာမှုအနုလက်ရာ ကျောင်းတော်ကြီးများ၏ ဗိသုကာအနုပညာလက်ရာနှင့် ပတ်သက်၍ အနုလက်ရာမြောက်သော ကျောင်းတော်ကြီးအချို့အကြောင်းကို ဖော်ပြရေးသားခဲ့ဖူးပါသည်။ သို့သော် ရေးသားစရာ ကျောင်းကြီးအချို့ ကျန်ပါသေးသည်။**

ယခုရေးသားဖော်ပြမည့် ကျောင်းတော်ကြီးများသည် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာများသည် မည်မျှအဆင့်အတန်းမြင့်သည်ကို ဖော်ပြနေပေသည်။ ထိုခေတ် ထိုအချိန်က မြန်မာဗိသုကာပညာရှင်တို့၏ စိတ်ကူးစိတ်သန်းနှင့် အနုပညာ ဖန်တီးနိုင်မှုကို မချီးကျူးလို့ မရပေ။ ချီးလည်း ချီးကျူးထိုက်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ကမ္ဘာ့အလယ်မှာ မြန်မာဟူ၍ ဝင့်ကြွားနိုင်လောက်အောင် အမွေအနှစ်အဖြစ် ပေးထားခဲ့သောကြောင့် ဖြစ်ပေသည်။ ထိုအနုပညာလက်ရာမြောက် ကျောင်းတော်ကြီးများ ဆက်လက်၍ ဖော်ပြပါဦးမည်။

**မဟာခမ္မိကာရာမ ရွှေကျင်ကျောင်းတော်ကြီး**

မဟာခမ္မိကာရာမ ရွှေကျင်ကျောင်းကြီးကို မင်းတုန်းမင်းတရားကြီးက ခရစ်သက္ကရာဇ် ၁၈၅၈ ခုနှစ် မန္တလေးမြို့တည်ပြီး နောက်တစ်နှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မန္တလေးမြို့ တည်ပြီးနောက် ရွှေဘိုမြို့တွင် သီတင်းသုံးလျက်ရှိသော ၁၉ ဝါရ အရှင်ဇာဂရအား မန္တလေးသို့ပင့်၍ ကျောင်းတော်ကြီးကို လှူဒါန်းခဲ့သည်ဟု သိရပါသည်။ ထိုကျောင်းတော်ကြီးတွင် ရွှေကျင်တိုက်မကြီး အပါအဝင် အရံကျောင်းတိုက်လေးတိုက် ရှိသည်ဟု ဆိုပါသည်။ ယင်းကျောင်းတိုက်လေးတိုက်မှာ (၁) ထရံကာတိုက်၊ (၂) ရမည်းသင်းတိုက်၊ (၃) မင်းကင်းတိုက်၊(၄) မြတောင်တိုက်တို့ ဖြစ်သည်။

ရွှေကျင်ကျောင်းကြီးသည် မန္တလေးမြို့၏ မြောက်ဘက်တွင် ရှိပါသည်။ ခမ္မိကာရာမ ရွှေကျင်ကျောင်းတော်ကြီးတွင် ကျွန်းတိုင်ပေါင်း ၂၆၂ တိုင်ရှိ၍ သစ်သားခြေတံရှည်ကျောင်းကြီး ဖြစ်သည်။ ကျောင်းကြီး၏ တောင်ဘက်မှာ အုတ်လှေကား သုံးစင်း၊ မြောက်ဘက်မှာ အုတ်လှေကား သုံးစင်း၊ အရှေ့ဘက်ကျောင်းဦးမှာ အုတ်လှေကားတစ်စင်း စုစုပေါင်း ခုနစ်စင်းရှိပါသည်။ ကျောင်းကြီးတွင် ပြာသာဒ်ကြီးဆောင်၊ စနုဆောင်၊ သုံးထပ်စမြင်ပါလေးထောင့်ကျောင်းကြီးနှင့် ဘောဂဆောင် စုစုပေါင်း အဆောင်လေးဆောင်ရှိ၍ အရှေ့၊ အနောက် တန်းလျက်တည်ဆောက်ထားသည်ဟု မှတ်သားရပါသည်။ ပြာသာဒ်ဆောင်မှာ ဘုရားထားရာ အဆောင်ဖြစ်၍ ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးကို စနုဆောင်ဖြင့် ဆက်ထားသည်။ ဆောင်မကြီးသည် ဧည့်ပရိသတ်လက်ခံရာ အဆောင်အဖြစ်လည်းကောင်း၊ ရဟန်းသာမဏေများ နေထိုင်ရာ အဆောင်အဖြစ်လည်းကောင်း အသုံးပြုသည်။ ဘောဂဆောင်သည် ပစ္စည်းထားသိုရာအဆောင်ဖြစ်ပါသည်။ ကုန်ကျငွေမှာ ၂၂၂၃၅၅ ကျပ်ဟု သိရပြီး လက်သမား ဦးစိုးက တာဝန်ယူတည်ဆောက်သည်ဟု ဆိုပါသည်။

ပြာသာဒ်ဆောင်တစ်ခုလုံးတွင် ခြသေ့်ရုပ်များ၊ သစ်သားကနုတ်ပန်းများဖြင့် ထွင်းထုထားပြီး ဝရန်တာပတ်လည်ကို သစ်သားပွတ်လုံးဖြင့် ကာရံထားပါသည်။ ဆောင်မကြီးသို့ဝင်ရာ တံခါးများတွင်လည်း သစ်သားကနုတ်ပန်းများ ထွင်းထုထားပြီး တံခါး၏ အထက်တွင် ၄က်နှစ်ကောင်မျက်နှာချင်းဆိုင်သော ပုံကို ထွင်းထုထား၍ တံခါးရွက်များ၏ တစ်ဖက်တစ်ချက်စီတွင် ကြာပွတ်ခံသော နတ်ရုပ်များထွင်းထုထားပါသည်။ မဟာခမ္မိကာရာမ ရွှေကျင်ကျောင်းတော်ကြီးသည်လည်း ရတနာပုံခေတ် အနုပညာဗိသုကာလက်ရာမြောက် ကျောင်းတစ်ကျောင်းပင်ဖြစ်ပါသည်။

**ရွှေနန်းတော်ကျောင်း**

ရွှေနန်းတော်ကျောင်းကို ဘဝရှင်မင်းတရားကြီး (မင်းတုန်းမင်း)နတ်ရွာစံပြီး နောက်တွင် သားတော်ဖြစ်သူ သီပေါမင်းက ဖခမည်းတော်အား ရည်စူး၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ မဟာအတုလဝေယန်ကျောင်းတော်ကြီး၏ အရှေ့ဘက်တွင် တည်ရှိသည့် သစ်သားကျောင်းကြီးဖြစ်ပါသည်။ ခမည်းတော် နတ်ရွာစံသော မှန်နန်းဆောင်နှင့် ရွှေနန်းဆောင် ခေါ် စနုဆောင်ကိုဖျက်၍ ကျောင်းအဖြစ် ဆောက်လုပ်ထားခြင်းကြောင့် ရွှေနန်းတော်ကျောင်းဟုခေါ်ကြောင်း သိရပါသည်။ "စနုဆောင်" ဟူသည်ကား နန်းတော်ဦးတွင် အဆောင်ကြီးနှစ်ဆောင်ကြားဆက်လျက် ခရုသင်းထားရန် ဆောက်လုပ်ထားသော အဆောင်ဟူ၍လည်းကောင်း၊ ဘုန်းကြီးကျောင်း၊ နန်းတော်တို့တွင် အဆောင်ကြီးနှစ်ဆောင်ကို ဆက်၍ ဆောက်ထားသော အဆောင်ကို ခေါ်ခြင်းဖြစ်ပါသည်။ ရွှေနန်းတော်ကျောင်းကြီးကို မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့တွင် ဆောက်လုပ်ခဲ့သည်။

ရွှေနန်းတော်ကျောင်းမှာ အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင် ဖြစ်ပါသည်။ "စမြင်" ဟူသည်ကား အဆောင်မကြီးဘေးပတ်လည်တွင် ထုတ်ထားသော အမိုးကို ဆိုလိုခြင်း ဖြစ်ပါသည်။ ကျောင်းတော်ကြီး တစ်ဆောင်လုံးတွင် အရှေ့အနောက် တိုင် ၁၅ တိုင်နှင့် တောင်မြောက် တိုင် ၁၈ လုံးရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀ ရှိသည်ဟု ဆိုပါသည်။ ထိုအထဲမှာမှ နရားရုပ်ဒေါက်တိုင်ပေါင်း ၅၄ တိုင်ရှိ၍ သရက်ကင်းအုတ်လှေကား ငါးစင်းဖြင့် တည်ဆောက်ထားပြီး ရွှေနန်းတော်ကျောင်းကြီး၏ ပတ်ပတ်လည်ကို လှည့်ပတ်၍ သွားနိုင်ရန် စင်္ကြံပတ်လမ်း ထည့်သွင်းတည်ဆောက်ထားသည်။

ကျောင်းတော်ကြီးတစ်ခုလုံး၏ လေးဘက်လေးတန်တွင် ခြူးပန်းခြူးနွယ်များ၊ လူပုံတော်ရုပ်ကြွများဖြင့် တန်ဆာဆင်ထားသော တံခါးပေါက်ကြီးများ ရှိပါသည်။ ထို့အပြင် ကျေးငှက်တိရစ္ဆာန်ရုပ်ပုံများ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင် (ကွန်းစက်တိုင်-ခေါင်တိုင်) ခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်စသည့် ဇာတ်တော်များကို အနုစိတ်ထွင်းထုထားသည်ကို တွေ့ရပေမည်။



မယ်နုအုတ်ကျောင်း။

ရွှေကျောင်းဟု လူသိများသော ရွှေနန်းတော်ကျောင်းကြီးသည် နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိပြီး ရတနာပုံခေတ် မြန်မာ့အနုပညာဗိသုကာလက်ရာမြောက် စံပြုစံထားစရာ ကျောင်းကြီးပင်ဖြစ်ပါသည်။

**ဣန္ဒကာရာမယောမင်းကြီး အုတ်ကျောင်း**

ယောမင်းကြီးသည် မြန်မာ့သမိုင်းတွင် ထင်ရှားသူ ဖြစ်ပါသည်။ ယောမင်းကြီးကို မြန်မာသက္ကရာဇ် ၁၁၉၁ ခုနှစ်မှာ မွေးဖွားခဲ့ပါသည်။ လောကီရေးရာ၊ လောကုတ္တရာရေးရာတို့တွင် နှံ့စပ် ကျွမ်းကျင်သူဖြစ်ပြီး စွယ်စုံရပညာရှင်တစ်ယောက် ဖြစ်ပေသည်။

ဣန္ဒကာရာမယောမင်းကြီး အုတ်ကျောင်းကို ယောမင်းကြီး ဦးဖိုးလှိုင်သည် ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ယောမင်းကြီးသည် ထိုကျောင်းကြီး၏ ပုံသဏ္ဌာန်ကို သူကိုယ်တိုင် တီထွင်ရေးဆွဲခဲ့သည်ဟု သိရသည်။ အုတ်ကျောင်းကြီး တည်ဆောက်ပုံ၊ အခန်းဖွဲ့စည်းပုံနှင့် ပန်းတော့(အင်္ဂတေ) လက်ရာများသည် အတုမရှိကျောင်းတော်ကြီး၏ အုတ်လှေကား ပန်းတော့(အင်္ဂတေ)လက်ရာများနှင့် တထေရာတည်းတူညီ၍ ရတနာပုံခေတ် မြန်မာ့ဗိသုကာအမြင်နှင့် မြန်မာ့အနုပညာလက်ရာများကို ဖော်ဆောင်ထားခြင်းလည်း ဖြစ်ပါသည်။

ကျောင်းကြီး၏ ပုံစံသည် အိန္ဒိယနှင့် ဥရောပပုံစံများ ရောယှက်ကာ မြန်မာ့ဟန်ဖြင့် တည်ဆောက်ထားသော အုတ်ကျောင်းကြီး ဖြစ်ပါသည်။ အုတ်ကျောင်းကြီးတည်ဆောက်စဉ်က အိန္ဒိယ ပန်းရန် ပညာရှင်များလည်း ပါဝင်ခဲ့သည်ဟု သိရပါသည်။ ထို့ကြောင့် အတွင်းတိုင်လုံးပုံ၊ ဖရုံလုံးပုံ အပြင်တိုင်လုံးများသည် အိန္ဒိယရှိ အာသောကခေတ်တိုင်လုံးများ၏ လက်ရာနှင့်ဆင်တူသည်။ ကျောင်းကြီးတည်ဆောက်ရာတွင် ထိုခေတ်အခါက ငွေကျပ် ၉၀၀၀၀ (ကိုးသောင်း) ကုန်ကျသည်ဟု သိရသည်။

ယောမင်းကြီးအုတ်ကျောင်း၏ အလယ်ဗဟိုရှိ တံခါးပေါက်သည် တစ်ဖြောင့်တည်းဖြစ်၍ ရှေ့နောက် လှမ်းမြင်ရသည်။ တံခါးပေါက်ကြီးရဲ့ အတွင်းအပြင် ပေါင်းကူးတိုင်တွင် ဖောင်းကြွပန်းခက်၊ ပန်းတော့အနုလက်ရာများရှိသည်။ ကျောင်းနံရံပတ်လည်ရှိ ပြတင်းပေါက် ပေါင်းကူးနံရံများတွင် ပန်းနွယ်၊ ပန်းခက်၊ ပန်းကနုတ် လက်ရာအပြင် ဒေါင်းမြီးကွက် အင်္ဂတေပန်းများဖြင့် တန်ဆာဆင်ထားပါသည်။ ထို့အပြင် တစ်ဆစ်ချိုး ကြောင်လိမ် အုတ်လှေကားကိုလည်း တပ်ဆင်ထားသည်။ အပေါ်ထပ်၊ အောက်ထပ် အတွင်းနံရံများတွင်မူ လိုဏ်မုခ်ငယ်များ ထည့်သွင်းတည်ဆောက်ထားသည်။

*စာမျက်နှာ ၂၄ သို့*

**"မြန်မာ့အနုပညာ လက်ရာဆန်းများ၊ အပြောက်အမွမ်းများဖြင့် လှပထည်ဝါ တင့်တယ်လျက်ရှိပါသော ရှေးဟောင်းမြန်မာမှု အနုလက်ရာကျောင်းတော်ကြီးများသည် ရှေးရှေးက မြန်မာတို့၏ အနုပညာကို ဖန်တီးနိုင်မှုစွမ်းအားနှင့် ဉာဏ်ပညာအတွေးအခေါ် အဆင့်အတန်းမြင့်မားသည်ကို သိနိုင်ပါသည်။ ထိုအရည်အသွေးများကပင် ကမ္ဘာ့အလယ်မှာ မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခြင်းကို ဖော်ထုတ်ပြသနိုင်ခဲ့ခြင်းပင်ဖြစ်"**

# ကချင်ပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မတ် ၅**

ကချင်ပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းနှင့် ညှိနှိုင်းဆုံးဖြတ်ခြင်း လုပ်ငန်းများကို ယမန်နေ့က ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**




ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များအား ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းမြင့်က ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ် လျှောက်ထားလာသည့် စိုက်ပျိုးမွေးမြူရေးနှင့်ဆိုင်သည့် လုပ်ငန်းများ၊ လယ်ယာမြေ၊ အခြားနည်းလမ်း အသုံးပြုခွင့်များနှင့် ပတ်သက်၍ စိစစ်ခွင့်ပြုနိုင်မှုအခြေအနေ၊ စိစစ်ဆဲအမှုတွဲ အခြေအနေများနှင့် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက ပြည်နယ်အတွင်းရှိ လျှောက်ထားတင်ပြလာသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် လယ်ယာမြေယာ စီမံခန့်ခွဲရေးအဖွဲ့များ၏ စိစစ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဗဟိုကော်မတီနှင့် ပြည်နယ်ကော်မတီတို့မှ စိစစ်ခွင့်ပြုရန် ကိစ္စရပ်များကို အကြံပြုဖြည့်စွက် ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေး အကြံပြုချက်များအပေါ် ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ ကောင်စီအဖွဲ့အနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်နေသကဲ့သို့ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်သူ/ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက်ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ပြီး မြေယာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်ပါက အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်နယ်အတွင်း လျှောက်ထားတင်ပြလာသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာများ၊ လယ်ယာမြေ အခြားနည်းလမ်း အသုံးပြုခွင့်ရရှိရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြည်နယ်မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့၏ အစည်းအဝေးဆုံးဖြတ်ချက် တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပေးကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၂၃ မှ*

ကျောင်းကြီး၏ အနုပညာလက်ရာများသည် ရတနာပုံခေတ် မြန်မာ့ပန်းရန်အတတ်နှင့် ပန်းတော့ (အင်္ဂတေ)အတတ်ကို ဖော်ကျူးထားခြင်းပင် ဖြစ်ပါသည်။ နှစ်ပေါင်း ၁၃၂ နှစ်တွင် အုတ်အင်္ဂတေ ပန်းတော့ လက်ရာများကို မီးလောင်ခံခဲ့ရပေမယ့် မပျက်စီးဟု သိရသည်။ ထိုခေတ်က ပန်းတော့အတတ်ပညာသည် အံ့သြဖွယ်ကောင်းလှပေသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၁၅၄ နှစ်ခန့်ရှိခဲ့ပြီဖြစ်ပါသည်။

**နန်းမတော် မယ်နုအုတ်ကျောင်း**

နန်းမတော်မယ်နုကို သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် ဖလံခုံရွာဇာတိ သီဟကျော်စွာ ဘွဲ့ခံ ဦးလှုပ်၊ ဒေါ်ငယ်တို့က အင်းဝနေပြည်တော်တွင် ဖွားမြင်ခဲ့ပါသည်။ နန်းမတော်မယ်နု အုတ်ကျောင်းသည် အင်းဝတွင် တည်ရှိ၍ ကျောင်းမှာ ပြာသာဒ်အုတ်ကျောင်း ဖြစ်သည်။ ၁၁၈၁ ခုနှစ်တွင် ဘကြီးတော် (စစ်ကိုင်းမင်းသား)နှင့် နန်းမတော်မယ်နုတို့ အကြောင်းပါခဲ့ကြသည်။ ဘကြီးတော်(စစ်ကိုင်းမင်း)သည် အမရပူရ(မသေသောမြို့)မှာ ထီးနန်းစံနေရာမှ အင်းဝသို့ ပြောင်းရွှေ့စံလိုသဖြင့် အင်းဝရွှေနန်းတော်သစ်ကို ဆောက်လုပ်ရာ သက္ကရာဇ် ၁၁၈၅ ခုနှစ် တပေါင်းလဆန်း ၃ ရက် ဗုဒ္ဓဟူးနေ့တွင် နန်းတော်သစ်ကြီးကို ဆောက်လုပ်ပြီးစီးခဲ့သည်။

တစ်ဖက်မှာ အင်းဝရွှေနန်းတော်ကြီးကို တည်ဆောက်နေစဉ် တစ်ဖက်မှာလည်း မိဖုရားခေါင်ကြီး နန်းမတော်မယ်နုသည် အင်းဝရွှေစေတီတိုက် အတွင်း အုတ်ကျောင်းကြီးတစ်ဆောင်ကို သက္ကရာဇ် ၁၁၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်နေ့တွင် တည်ဆောက်စေခဲ့ရာ သက္ကရာဇ် ၁၁၈၉ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်နေ့တွင် ပြာသာဒ်အုတ်ကျောင်းကြီး ပြီးစီးခဲ့ပါသည်။ မိဖုရားခေါင်ကြီးမယ်နုသည် ထိုကျောင်းတော်ကြီးကို “မဟာအောင်မြေဘုံစံ”ဟု ကမ္ပည်းတပ်ပြီး ညောင်ကန်ဆရာတော် (ပုညာဘိသီရိသဒ္ဓမ္မဓဇမဟာရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ) ဆရာတော် ဦးဗုဓ်အား လှူဒါန်းခဲ့ပါသည်။

ထိုကျောင်းကြီးသည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် တန်ခူးလဆန်း ၇ရက်နေ့နှင့် ၈ ရက်နေ့တွင် ငလျင်ပြင်းစွာ လှုပ်ခဲ့ရာ နန်းဦးပြာသာဒ်နှင့် နံရံအချို့ ပြိုပျက်ခဲ့ရသည်ဟု ဆိုပါသည်။ ထိုအပျက်အစီးများကို သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် မင်းတုန်းမင်း၏ အလယ်နန်းမိဖုရား၊ နန်းမတော်မယ်နု၏ သမီးတော်ဆင်ဖြူရှင်မက မိခင်တည်ဆောက်ခဲ့သည့် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပါသည်။ ပြာသာဒ်မှာ ဘုံခုနစ်ဆင့်ဖြစ်သည်။

အုတ်ကျောင်းကြီးသည် မြန်မာ့ယဉ်ကျေးမှုအနုလက်ရာဖြစ်သည့် ပန်းချီ၊ ပန်းပု၊ ရုပ်လုံးရုပ်ကြွများဖြင့် ဆန်းကြယ်လှပလျက်ရှိပါသည်။ ကျောင်းကြီး၏ ထုထည်သည်လည်း ကြီးမားလှပါသည်။ မြန်မာတို့၏ ရှေးဟောင်းကျောင်းတော်ကြီးဖြစ်သလို မြန်မာလူမျိုးတို့၏ သဒ္ဓါတရားထက်သန်ပုံကိုလည်း ဖော်ညွှန်းပြသရာ ရောက်ပါသည်။

အချုပ်အားဖြင့် ဤကဲ့သို့သော မြန်မာ့အနုပညာလက်ရာဆန်းများ၊ အပြောက်အမွမ်းများဖြင့် လှပထည်ဝါတင့်တယ်လျက်ရှိပါသော ရှေးဟောင်းမြန်မာမှုအနုလက်ရာ ကျောင်းတော်ကြီးများသည် ရှေးရှေးက မြန်မာတို့၏ အနုပညာကို ဖန်တီးနိုင်မှုစွမ်းအားနှင့် ဉာဏ်ပညာအတွေးအခေါ် အဆင့်အတန်းမြင့်မားသည်ကို သိနိုင်ပါသည်။ ထိုအရည်အသွေးများကပင် ကမ္ဘာ့အလယ်မှာ မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခြင်းကို ဖော်ထုတ်ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ထိုယဉ်ကျေးမှု အနုပညာကျောင်းတော်ကြီးများသည် အဖိုးထိုက်ပေစွ။ ထို့ကြောင့်မို့ စာရေးသူအပါအဝင် မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးက ကောင်းမြတ်သော အမွေအနှစ်အဖြစ် ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**ကိုးကား – မြန်မာမှုအနုလက်ရာအဆင်တန်ဆာများနှင့် ရှေးဟောင်းအဆောက်အအုံများ ဆောင်းပါး– ခင်မောင်တင်။**
**– မြန်မာ့သမိုင်းကျောင်းသုံးစာအုပ် (ဒသမတန်း)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်–

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသောပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်းစသည့် အန္တရာယ်ရှိသည့်အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီစသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# လူငယ်တွေကို လမ်းပေါ်ထွက်ဖို့ လှုံ့ဆော်မှုတွေရပ်တန့်ပေးပါ

နေခြည်သွေး

မန္တလေးက ဆယ်ကျော်သက် အမျိုးသမီးလေးတစ်ဦး ဆန္ဒပြပွဲအတွင်း သေဆုံးသွားတဲ့သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ ထို့အတူ အနယ်နယ်အရပ်ရပ်က လူငယ်မျိုးဆက်သစ်ကလေးတွေ သေဆုံးတဲ့သတင်းတွေကို မြင်တွေ့ရတဲ့အခါ ပြည်သူတစ်ဦးအနေနဲ့ ဝမ်းနည်းယူကျုံးမရဖြစ်မိပါတယ်။ ကိုယ့်သားအရွယ်၊ သမီးအရွယ်၊ တူ၊ တူမလေးတွေ အရွယ်တွေမို့ ကရုဏာလည်း သက်မိပါတယ်။

မန္တလေး လမ်း ၃၀ ထိပ်မှာ ဆန္ဒပြပွဲအကြောင်း ရိုက်ကူးထားတဲ့ သတင်းဗီဒီယိုမှတ်တမ်းတွေကို ကြည့်ရှုမိတဲ့အခါ လုံခြုံရေးတာဝန်ယူသူတွေက မျက်ရည်ယိုဗုံးတွေနဲ့ လူစုခွဲလို့ တဖြည်းဖြည်းဆုတ်ခွာလာကြတယ်။ ဗိုက်ကို ကျည်မှန်ပြီးသေဆုံးတဲ့ လူငယ်ဆိုရင် လမ်းရဲ့အနောက်ဘက်မှာ သစ်ပင်ကိုလည်း ကွယ်ထားတယ်။ လူအုပ်ကြီးကိုကျော်ပြီး သေနတ်မှန်သွားတယ်လို့ မျက်မြင်တွေ့သူတွေက ဖြေထားကြပါတယ်။

အသက် ၁၉ နှစ် အရွယ်သာရှိသေးတဲ့ မကြယ်စင်လေးဟာ ဆန္ဒပြလူအုပ်ကြီးထဲမှာ တစ်သားတည်းရှိနေခဲ့သူပါ။ သူ့ပတ်ပတ်လည်မှာ အမျိုးသားတွေ အများကြီးရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ မျက်နှာချင်းဆိုင် မကြယ်စင်ရဲ့ အရှေ့မှာလည်း ရှေ့တန်းလူအုပ်ကြီး ရှိနေပါတယ်။ သံပီပါတွေနဲ့ ကာရံထားတဲ့ ခံစစ်တွေရဲ့ နောက်တန်းမှာရှိနေတဲ့ သမီးလေးဟာ ဦးခေါင်းအနောက်ဘက်ကနေ ဝင်သွားတဲ့ကျည်ဆန်ကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်လို့ သိရပါတယ်။

မနေ့က အပစ်ခံရတဲ့ သမီးငယ်ရဲ့မသေဆုံးမီက ဓာတ်ပုံတွေဟာ ရှုထောင့်မျိုးစုံကနေ ချက်ချင်းအွန်လိုင်းမှာ ပျံ့နှံ့လာခဲ့တာကိုလည်း သတိထားမိပါတယ်။ မန္တလေးက သမီးလေးတင်မကဘူး၊ နေပြည်တော်မှာ ပစ်ခတ်မှုကြောင့် ဦးခေါင်းထိပြီး သေဆုံးတဲ့ သမီးငယ်တစ်ဦးဆိုရင်လည်း ဦးခေါင်းကို ကျည်ဆန်ထိမှန်ပြီး သေဆုံးခဲ့ရသူဖြစ်ပါတယ်။ အဲဒီကျည်ဆန်ကို စစ်ဆေးတဲ့အခါ ရဲတပ်ဖွဲ့ဝင်တွေ သုံးတဲ့ ကျည်ဆန်မဟုတ်ဘဲ ညိုပုပ်ပုပ်ခဲကျည်ဆန် ဖြစ်နေတယ်ဆိုပြီး သိရပါတယ်။ ဒါပေမဲ့ ရဲတပ်ဖွဲ့ကချိန်ပြီး ပစ်တဲ့ပုံတွေနဲ့ မမြသွဲ့သွဲ့ခိုင်လဲကျသွားပုံတွေကို အချိန်ကိုက်အွန်လိုင်းပေါ်တင်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။

### တွေးမိတာတစ်ခု

စာရေးသူအနေနဲ့ တွေးမိတာတစ်ခုက တစ်ယောက်ယောက်၊ အဖွဲ့အစည်းတစ်ခုခုကများ လူငယ်တွေထဲကို ပစ်မှတ်ထားပြီး ကြိုတင်စီမံထားတာများဖြစ်မလားဆိုပြီးတောင် သံသယရှိလာပါတယ်။ လူအုပ်ကြီးကြားထဲမှာ တစ်သားတည်းရှိနေတဲ့ ကလေးတစ်ယောက်ရဲ့ မသေဆုံးမီကပုံတွေကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား Emotional ပါပါ သေသေချာချာ မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ကလေးသေဆုံးသွားတဲ့ အချိန်ကိုက်အွန်လိုင်းမှာ မြင်တွေ့ရတာဟာ စိတ်ပူနေတဲ့ ပြည်သူတွေအားလုံးကို အမုန်းတရားတွေ၊ နာကြည်းမှုတွေ၊ ဝမ်းနည်းမှုတွေ ရိုက်သွင်းလိုက်တာနဲ့ အတူတူပဲလို့ စာရေးသူတော့ ရှုမြင်မိပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပထမအဆင့် သေနတ်ထောင်ဖောက်ချိန်မှာ လူတွေထိကြတယ်ဆိုပြီး မြေပြင်မှာ ပြောဆိုကြသံတွေအပြင် အချို့လူတွေဟာ စီစီတီဗွီမှတ်တမ်းတွေကို လိုက်လံဖျက်ဆီးခိုင်းတယ်ဆိုတာတွေလည်း မြင်တွေ့နေရတာ၊ သပိတ်လူအုပ်စုရဲ့ ရှေ့ဆုံးခံတပ်တွေမထိဘဲ အတွင်းထဲက လူငယ်တွေမှ သေနတ်ကျည်ထိတာ၊

**“စာရေးသူအနေနဲ့ တွေးမိတာတစ်ခုက တစ်ယောက်ယောက်၊ အဖွဲ့အစည်းတစ်ခုခုကများ လူငယ်တွေထဲကို ပစ်မှတ်ထားပြီး ကြိုတင်စီမံထားတာများ ဖြစ်မလားဆိုပြီးတောင် သံသယရှိလာပါတယ်။ လူအုပ်ကြီးကြားထဲမှာ တစ်သားတည်းရှိနေတဲ့ ကလေးတစ်ယောက်ရဲ့ မသေဆုံးမီကပုံတွေကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား Emotional ပါပါ သေသေချာချာ မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ကလေးသေဆုံးသွားတဲ့ အချိန်ကိုက် အွန်လိုင်းမှာ မြင်တွေ့ရတာဟာ စိတ်ပူနေတဲ့ ပြည်သူတွေအားလုံးကို အမုန်းတရားတွေ၊ နာကျည်းမှုတွေ၊ ဝမ်းနည်းမှုတွေ ရိုက်သွင်းလိုက်တာနဲ့ အတူတူပဲလို့ စာရေးသူတော့ ရှုမြင်မိပါတယ်”**

စစ်ဆေးဖို့ကို ခွင့်မပြုတာနဲ့ ပစ်ပြီးတိုင်း အချိန်တောင် မကြာလိုက်ဘဲ ကျည်ခွံတွေရဲ့ ပုံတွေ အွန်လိုင်းမှာ ချက်ချင်းပျံ့နှံ့လာတာတွေအပြင် အဆိုးဆုံးကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ မဟုတ်တဲ့လူတွေဆီမှာ သေနတ်ကိုင်ဆောင်တဲ့၊ ပါလာတဲ့ ဖြစ်စဉ်တွေကို မြင်တွေ့လာရတာပါပဲ။

### ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေပြီ

ဘယ်လောက်ကြီးမားတဲ့ သစ်တုံးဖြစ်စေကာမူ ခွဲခြမ်းစိတ်ဖြာတဲ့အခါ သပ်လျှိုသွင်းလိုက်တာနဲ့ ခွဲစိတ်ရ လွယ်ကူသွားပါပြီ။ သပ်တစ်ချောင်းဟာ ဘယ်လောက်ထုထည်ကြီးကြီး ပြိုကွဲစေနိုင်တဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ ထောက်ကြန့်မှာ တူမီးသေနတ်ထွက်ကျလို့ ဗိုင်းဖမ်းကြတာ၊ မန္တလေးက ၇၃ လမ်းနဲ့ ၃၆ လမ်းထောင့်မှာ ဆိုင်ကယ်မှောက်ရာကနေ ပစ္စတို အမျိုးအစားသေနတ်တွေ တွေ့လာတာ၊ ဒေါသထွက်ပြီး ယူကျုံးမရတဲ့ လူအုပ်ကြီးက သေနတ်တွေ လိုချင်ပါတယ်၊ ပြည်သူ့စစ်မှုထမ်းချင်ပါတယ် ပြောဆိုလာခြင်းတွေကို ထောက်ချင့်ရရင် မိမိတို့နိုင်ငံ ပိုမိုဆိုးရွားတဲ့အခြေအနေကို တွန်းပို့သူတွေက ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေပြီလို့ပဲ သတိပေးပါရစေ။

**“ဘယ်လောက်ကြီးမားတဲ့ သစ်တုံးဖြစ်စေကာမူ ခွဲခြမ်းစိတ်ဖြာတဲ့အခါ သပ်လျှိုသွင်းလိုက်တာနဲ့ ခွဲစိတ်ရလွယ်ကူသွားပါပြီ၊ သပ်တစ်ချောင်းဟာ ဘယ်လောက်ထုထည်ကြီးကြီး ပြိုကွဲစေနိုင်တဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ ထောက်ကြန့်မှာ တူမီးသေနတ်ထွက်ကျလို့ ဗိုင်းဖမ်းကြတာ၊ မန္တလေးက ၇၃ လမ်းနဲ့ ၃၆ လမ်းထောင့်မှာ ဆိုင်ကယ်မှောက်ရာကနေ ပစ္စတိုအမျိုးအစား သေနတ်တွေ တွေ့လာတာ၊ ဒေါသထွက်ပြီး ယူကျုံးမရတဲ့ လူအုပ်ကြီးက သေနတ်တွေ လိုချင်ပါတယ်၊ ပြည်သူ့စစ်မှုထမ်းချင်ပါတယ် ပြောဆိုလာခြင်းတွေကို ထောက်ချင့်ရရင် မိမိတို့နိုင်ငံ ပိုမိုဆိုးရွားတဲ့အခြေအနေကို တွန်းပို့သူတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေပြီလို့ပဲ သတိပေးပါရစေ”**

အခုအချိန်မှာ ဆန္ဒပြပွဲတွေ ရက်ရှည်လာတာနဲ့အမျှ ပြည်သူတွေ ပင်ပန်းဆင်းရဲလာကြပြီ၊ ငွေကြေးအခက်အခဲတွေ ကြုံတွေ့လာရပြီ၊ အသက်နဲ့ဘဝတွေ ထိခိုက်လာကြရပြီ၊ နိုင်ငံတည်ငြိမ်ရေးနဲ့ ပြည်သူတွေရဲ့ နေ့စဉ်ဘဝလုံခြုံရေးတွေ ထိခိုက်လာကြပြီဆိုတာ အားလုံးသိမြင်ခံစားရတဲ့ အချက်တွေဖြစ်ပါတယ်။ သွေးထိုးလှုံ့ဆော်သူတွေဟာ အကြောင်းကြောင်းကြောင့် ဆန္ဒပြပွဲတွေ လူအားကောင်းအောင်၊ အရှိန်ပြန်မြင့်အောင် သွေးထိုးလှုံ့ဆော်မှုတွေ ဖန်တီးလာနိုင်တယ်လို့ ယူဆမိပါတယ်။ ပြည်သူတွေ သွေးမြေကျမှ သွေးဆူမယ်၊ သွေးဆူမှ အရှိန်တက်လာပြီး ပေါက်ကွဲအားပိုပြင်းလာမယ်ဆိုပြီး သွေးထိုးမြှောက်ပင့်နေခြင်းတွေကို မြင်တွေ့လာရပြီ ဖြစ်ပါတယ်။

### လူထုစိုးရိမ်မှုကို ပိုမိုမြင့်တက်စေ

ပရဟိတကားတွေနဲ့ ဓာတ်ဆီလောင်စာတွေ သယ်တာ၊ အမေရိကန်နဲ့ ကုလလာရောက်ဖို့ အသက်တွေ ဘယ်လောက်စတေးရမလဲဆိုပြီး ဖိတ်ခေါ်တာတွေဟာ အပြုသဘောထက် အပျက်သဘောကို ဦးတည်လာနေကြပြီ ဖြစ်ပါတယ်။ လူမှုကွန်ရက်မှာ နေ့စဉ်မြင်တွေ့နေရတဲ့ သတင်းတွေထဲမှာ အတုအယောင် သတင်းမျိုးစုံဟာလည်း လူထုစိုးရိမ်မှုကို ပိုမိုမြင့်တက်စေလာနေပါတယ်။

လူငယ်တွေ သွေးဆူလာတဲ့အခါ မြှောက်ထိုးပင့်ကော်လုပ်သူတွေ အားရကျေနပ်ကြပါတယ်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံတုန်းက စာရေးသူတို့ အတွေ့အကြုံအရ အခုလိုပဲ ဖြို့ခွဲခံရခဲ့ဖူးပါတယ်။ အဲဒီအခါ သွေးထိုးသူတွေရဲ့ အကြိုက်ဖြစ်လာပြီး လက်နက်ရောင်းချင်တဲ့ လက်နက်ပွဲစားတွေအကွက် ဆိုက်ခဲ့ရဖူးပါတယ်။ အခုလည်း လူငယ်တွေ မခံချင်အောင် လုပ်မယ်၊ လက်နက်ထုတ်ပေးမယ် မခံချင်တဲ့ လူငယ်တွေဟာ တိုက်ခိုက်ကြမယ်။ ဒါပေမယ့် လေ့ကျင့်သင်ကြားဖို့ အချိန်မလုံလောက်တဲ့အတွက် ထိခိုက်ခံစားကြသူတွေက ပြည်သူတွေဖြစ်ပြီး စစ်ဘေးသင့်ကြရပါလိမ့်မယ်။

ဒီနေရာမှာ ဆန္ဒပြလူငယ်လေးတွေအားလုံးကို မေတ္တာရပ်ခံလိုတာက ထိပ်တိုက်ရင်ဆိုင်ဖို့ မကြိုးစားသင့်တော့ပါဘူး။ လူငယ်တွေကို အဆုံးအထိ တိုက်ကြဖို့ဆိုပြီး မြှောက်ပင့်ပေးနေသူတွေက လမ်းပေါ်ထွက်မလာကြပါဘူး။ သေနတ်နဲ့ ပစ်တဲ့အခါ ရှေ့က မားမားမတ်မတ် ကာကွယ်ပေးတာ မဟုတ်ပါဘူး။ ဒါကြောင့် ကျည်ဆန်တွေဟာ အရှေ့ကလာနိုင်သလို လူငယ်တွေရဲ့အနောက်က မမြင်ရတဲ့ လက်ပိုင်ရှင်တွေဆီကလည်း ရောက်လာနိုင်တယ်ဆိုတာကို သတိပြုကြဖို့ လိုနေပြီဖြစ်ပါတယ်။ ပြည်သူက အစိုးရကိုမုန်းတီးအောင်၊ အစိုးရက ပြည်သူတွေကို ချေမှုန်းအောင်ဆိုပြီး အကွက်ကျကျ သပ်လျှိုမြှောက်ပင့်ပေးသူတွေကို ကန့်ကွက်ရှုတ်ချပါတယ်။ လူငယ်တွေအသိတရားနဲ့ ဆင်ခြင်ပြီး ဝေဖန်ပိုင်းခြားဆုံးဖြတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ။

## သာသနာအကျိုးသယ်ပိုးနေသော သံဃာတော်တစ်ပါးအား ဆူပူဆန္ဒပြသူလူတစ်စုက ဝိုင်းဝန်းရိုက်နှက်မှုကြောင့် ရရှိဒဏ်ရာများပြင်းထန်သဖြင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပင့်ဆောင်ဆေးကုသမှုများ ဆောင်ရွက်

နေပြည်တော် မတ် ၅

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ သာသနာ့ဂုဏ်ရည် ပခုက္ကူကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တနရပတိသည် မြင်းခြံမြို့သို့ သွားရောက်၍ ပြန်လည်ထွက်ခွာလာစဉ် မြင်းခြံမြို့ရှိ ဆူပူ ဆန္ဒပြသူလူတစ်စုက ဆရာတော်အား ရိုက်နှက်လူဝတ်လဲကာ ဖမ်းဆီးထိန်းသိမ်းထားပြီး မြင်းခြံ-နွားထိုးကြီးသွား ကားလမ်းဘေးရှိ သစ်ခြေပင်ရွာအနီးသို့ ကားဖြင့် လာရောက်ပစ်ထားကြောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြားသိရသဖြင့် သွားရောက်ပင့်ဆောင်ခဲ့ပြီး နယ်မြေခံတပ်တွင် ခေတ္တထားရှိကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးသည်။

အဆိုပါသံဃာတော်၌ ရရှိဒဏ်ရာများမှာ ပြင်းထန်သဖြင့် မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံသို့ ပင့်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ စိုးရိမ်ဖွယ်အနေအထားရှိသဖြင့် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ထပ်မံပင့်ဆောင်ကာ ဆေးကုသမှု ခံယူစေလျက်ရှိရာ တပ်မတော်မှ ပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူးများ၊ သူနာပြုများက အထူးကြပ်မတ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆရာတော်အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု ဖူးမြော်၍ ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM တွင် ပါဝင်လှုပ်ရှားမှုအပေါ် ဒေသခံပြည်သူများက ငြိမ်းအေးစွာဆန္ဒထုတ်ဖော်

နေပြည်တော် မတ် ၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံ မှ ဒေါက်တာရဲဝင်း အပါအဝင် ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၂၂ ဦးသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ ဖေဖော်ဝါရီ ၃ ရက်မှစ၍ CDM တွင်ပါဝင်ပြီး တာဝန်ပျက်ကွက်လျက်ရှိသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် ဒေသခံပြည်သူများက ယနေ့တွင် CDM ပြုလုပ်သော "လက်ပံတန်းပြည်သူ့ဆေးရုံ အမြန်ဆုံးပြန်ဖွင့်ပေးရေး၊ သော့ခတ်ထားတဲ့ ဆေးရုံကြီး မြန်မြန်ဖွင့်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ပေး" စသည့် စာသားပါဆိုင်းဘုတ်များ၊ ကြွေးကြော်သံများဖြင့် ရှုတ်ချဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၅

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀ မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၃၉ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၀၀၃<br>၀၄၂-၂၀၂၃၀၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကို အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် မတ် ၅**

သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ် နှစ်စဉ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ငွေကြေးနှင့်ပစ္စည်းများ လက်ခံရယူခဲ့သည့်အပေါ် အရေးယူပေးပါရန် တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ်ရစ်မျိုးကို နှစ်စဉ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်တွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံမှ ငွေကျပ်သိန်း ၁၀၀နှင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၁ ရက်တွင် ငွေကျပ်သိန်း ၃၀၀ တန် Blank Cheque တစ်စောင်ကို လက်ခံရယူ၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်တွင် ငွေသားထုတ်ယူခဲ့ခြင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် လုပ်ငန်းရှင်တစ်ဦးမှ လုပ်ငန်းများ ရေရှည်အဆင်ပြေစေရန်အတွက် ပေးအပ်သည့် ငွေကျပ် ၁၀၀၅ သိန်းတန်ဖိုးရှိ Ford Everest Titanium မော်တော်ယာဉ်တစ်စီးကို လက်ခံရယူခဲ့ခြင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့မရဲစခန်းနှင့် မင်္ဂလာဒုံမြို့မရဲစခန်းတို့တွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**



ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) သန်လျင်ဘက်ခြမ်းတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

❒ *ကျောဖုံးမှ*

ဒီတံတားကြီးသာ ပြီးစီးသွားရင် လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာမှာ” ဟု YBS 31 ကားပေါ်တွင် စီးနင်းလိုက်ပါလာသည့် သန်လျင်မြို့နယ်နေ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

လက်ရှိ သန်လျင်တံတားဟောင်းမှာ ယာဉ်သွားလမ်းအနေဖြင့် အသွားတစ်လမ်း၊ အပြန်တစ်လမ်း ဖြင့် နှစ်လမ်းသွားဖြစ်ပြီး အလယ်၌ ရထားလမ်းတစ်လမ်း ပါဝင်တည်ဆောက်ထားခြင်းဖြစ်သည်။ ယခုအသစ်တည်ဆောက်လျက်ရှိသော ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)မှာ ယာဉ်သွားလမ်းအနေဖြင့် အသွားနှစ်လမ်း၊ အပြန်နှစ်လမ်းဖြင့် လေးလမ်း သွားလာနိုင်မည့် တံတားတစ်စင်းဖြစ်၍ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နယ်၌ သီလဝါ အထူးစီးပွားရေးဇုန်နှင့် Myanmar International Terminals Thilawa(MITT) သီလဝါဆိပ်ကမ်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှု အဝင်အထွက်များကို အထောက်အကူပြုစေမည်ဖြစ်သကဲ့သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ထို့အတူ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ ဒေသခံပြည်သူများစွာတို့၏ လူမှုစီးပွားဘဝများ တိုးတက်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

**နိုင်လင်းကျော်(IPRD)**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်း သတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

မြန်မာ့အလင်း
အယ်ဒီတာ့ထံ ပေးစာ

## နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ပြီး နိုင်ငံ့ဝန်ထမ်းလူငယ်လေးများ၏ဘဝကို ဖျက်ဆီးနေသော နိုင်ငံရေးသမားများကို ဖော်ထုတ်အရေးယူပေးပါ

**အယ်ဒီတာခင်ဗျာ...**

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သူတစ်ဦး ဖြစ်ပါသည်။ ဝန်ထမ်းလောကနှင့် ဝန်ထမ်းများ၏ စိတ်နေစိတ်ထားကိုလည်း ကျွန်တော့်အနေဖြင့် ကောင်းစွာသိရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် တစ်ဦးနှင့်တစ်ဦး လေးစားချစ်ခင်စွာဖြင့် လုပ်ဖော်ကိုင်ဖက်စိတ်ရှိကြခြင်း၊ ရာထူးအဆင့်အလိုက် ရိုသေလေးစားမှုရှိကြပြီး ရိုးသားကြိုးစားစွာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသူများ ဖြစ်ကြပါသည်။

ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံ၏အုပ်ချုပ်ရေးယန္တရား ပုံမှန်အနေအထားရောက်ရှိစေရန် ဆောင်ရွက်နေသည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများကို သွေဖည်၍ ဝန်ထမ်းတချို့ Civil Disobedience Movement (CDM) လှုပ်ရှားမှု ဆောင်ရွက်နေသည်ကို အံ့ဩစွာ သိရှိခဲ့ရပါသည်။ ယခင်တာဝန်ထမ်းဆောင်ခဲ့သည့်ဌာနမှ ခင်မင်ရင်းနှီးခဲ့သည့် ဝန်ထမ်းတချို့ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုသို့ ဆောင်ရွက်သည်ကို မေးမြန်းကြည့်ရာ ခိုင်မာတိကျသည့် ရည်ရွယ်ချက်မရှိကြပါ။

အများစုမှာ CDM လှုပ်ရှားမှုအကြောင်းကိုပင် ကောင်းစွာသိရှိခြင်းမရှိဘဲ လူမှုကွန်ရက်စာမျက်နှာများနှင့် ပတ်ဝန်းကျင်ရှိ CDM ဆောင်ရွက်လျက်ရှိသူ ဝန်ထမ်းတချို့၏ သွေးဆောင်ဖြားယောင်း လှုံ့ဆော်မှုများကြောင့် လိုက်ပါဆောင်ရွက်နေကြခြင်းဖြစ်သည်ကို သိရှိခဲ့ရပါသည်။

ယင်း CMD ဆောင်ရွက်နေသည့် ဝန်ထမ်းများကို ဆက်လက်လေ့လာကြည့်ရာ အများစုသည် နိုင်ငံရေးအတွေးအခေါ်နုနယ်သေးသည့် အမှုထမ်းလူငယ်များ ဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည့်အပြင် ၎င်းလူငယ်လေးများကို နိုင်ငံရေးအရောင်အသွေးရောနှော၍ သွေးထိုးလှုံ့ဆော်ပေးနေကြသူများသည် နိုင်ငံရေးသမားအများစုဖြစ်နေသည်ကို သိရှိခဲ့ရပါသည်။ အဆိုပါ နိုင်ငံရေးသမားများ၏ ရည်ရွယ်မှာ နိုင်ငံ၏အုပ်ချုပ်ရေးယန္တရားပျက်ယွင်းစေရန် ဆောင်ရွက်နေခြင်းပင်ဖြစ်သည်ကို လူငယ်ဝန်ထမ်းလေးများ သိရှိပါလေစွ။

ထိုသို့ နိုင်ငံ့ဝန်ထမ်းလူငယ်လေးများ CDM လှုပ်ရှားမှုဆောင်ရွက်၍ ရုံးတက်ရန် ပျက်ကွက်ခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ ဌာနအကြီးအကဲများက မလွှဲသာမရှောင်သာ ဌာနတွင်း အရေးယူခြင်းများ ဆောင်ရွက်ပါက နိုင်ငံ့ဝန်ထမ်းလူငယ်လေးများ၏ ဘဝတက်လမ်းအတွက် များစွာထိခိုက်မှုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ တဒင်္ဂ တခဏ မက်လုံးများအပေါ် မြင်တွေ့သာယာပြီး နောင်မှတသည့် နောင်တကို ရင်ဝယ်ပိုက်ပြီး ရှင်သန်သွားကြရတော့မည်ကို ကြိုတွေးမြင်ယောင်မိပါသည်။

ထို့ကြောင့် မိမိလုပ်ငန်းခွင်တွင် အေးချမ်းပျော်ရွှင်စွာဖြင့် နိုင်ငံတော်ကပေးအပ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်၍ ရာထူးအဆင့်ဆင့်ရယူပြီး မိမိဘဝတက်လမ်းအတွက် လျှောက်လှမ်းနေရမည့်အချိန်တွင် ယခုကဲ့သို့ CDM ဆောင်ရွက်ခြင်းသည် ဝန်ထမ်းလူငယ်လေးများဘဝအတွက် များစွာအန္တရာယ်ရှိနေပြီဖြစ်သည်ကို သိရှိနိုင်စေရန် မေတ္တာတရားရှေ့ထား၍ အသိပေးလိုပါသည်။ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ပြီး နိုင်ငံ့ဝန်ထမ်းလူငယ်လေးများ၏ဘဝကို ဖျက်ဆီးနေသော နိုင်ငံရေးသမားများကို ဖော်ထုတ် အရေးယူပေးနိုင်ပါရန်လည်း အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။ **ဦးကြီးမောင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် မတ် ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

# COVID–19 ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ (အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid–19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ထီးလင်းမြို့နယ်အတွင်း၌ လာမည့်မိုးရာသီတွင် လူထုဖြန့် စိုက်ပျိုးရန် ကျွန်းပျိုးပင် သုံးသောင်းနှင့် အခြားပျိုးပင်များ ပျိုးထောင်လျက်ရှိ

**ထီးလင်း မတ် ၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ လာမည့် မိုးရာသီကာလအတွင်း လူထုဖြန့် စိုက်ပျိုးရန်အတွက် ကျွန်းပျိုးပင် သုံးသောင်းနှင့်အတူ အခြား သစ်ပင်မျိုးစုံ ပျိုးပင်များကို လျာထားပျိုးထောင်လျက်ရှိကြောင်း ထီးလင်းမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။



မိုးရာသီတွင်စိုက်ပျိုးရန် ကြိုတင်ပျိုးထောင်ထားသော ကျွန်းပျိုးပင်များ။

ကျွန်းပျိုးပင်များ ပျိုးထောင်ထားမှုတွင် ထီးလင်းမြို့ရှိသစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ကျွန်းပျိုးပင် တစ်သောင်း၊ ထီးလင်းမြို့နယ်အတွင်းမှ ရေမျက်နီ ပျိုးဥယျာဉ်၌ ကျွန်းပျိုးပင် တစ်သောင်းနှင့် ကျင်းပျိုးဥယျာဉ်၌ ကျွန်းပျိုးပင် တစ်သောင်းတို့ကို ပျိုးထောင်ထားသလို ထီးလင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးအတွက် အခြား သစ်ပင်မျိုးစုံ ပျိုးပင်များအနေဖြင့် ကျွန်းပျိုးပင် ၁၅၀၀၊ ပိတောက်ပျိုးပင် ၄၀၀၊ တမလန်းပျိုးပင် ၁၀၀၊ သပြေဘူတပျိုးပင် ၁၀၀၊ မန်ဂျန်ရှားပျိုးပင် ၁၀၀၊ စုစုပေါင်း ၂၂၀၀ တို့ကိုလည်း လျာထားပျိုးထောင်လျက်ရှိကြောင်း ထီးလင်းမြို့နယ် သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **အောင်စည်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်အတွင်းမှ တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း မတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသောတည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိုင်းယောင်းမြို့ အမှတ်(၉) ရပ်ကွက်၌ အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံ ဆောက်လုပ်နေမှု၊ မြို့မဘောလုံးကွင်း အုတ်တံတိုင်းကာရံနေမှု၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်နေသည့် လမ်းတံတားများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု စသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး၊ အချိန်မီ ပြီးစီးစေရေးနှင့် အဆောက်အအုံ အရည်အသွေး ပြည့်မီစေရေးအတွက် မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး၊ စီမံကိန်းဦးစီးရုံး မြို့နယ် ဦးစီးမှူး ဒေါ်နန်းဆေးယုနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။ **စိုင်းအောင်ဇော်လင်း**

## မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် နေ့စဉ် အမှိုက် တန် ၂၀ ခန့် သိမ်းဆည်းပေးနေ

**မြင်းမူ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့(သန့်ရှင်းရေးဌာန)အနေဖြင့် မြင်းမူမြို့ပေါ်ရှိ သတ်မှတ်နေရာ (အမှိုက်ကန်) အသီးသီးတွင် မြို့နေပြည်သူများ စွန့်ပစ်လျက်ရှိသော မီးဖိုချောင်သုံး စွန့်ပစ်အမှိုက် တန်ချိန် ၂၀ ခန့်ကို နေ့စဉ် ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် မြို့ပေါ် ရပ်ကွက်ကြီးလေးခုရှိ အိမ်ခြေ ၃၄၄၃ အိမ်မှ နေ့စဉ် ထွက်ရှိနေသည့် အမှိုက်များကို ဌာနရှိ အမှိုက်သိမ်းယာဉ်များနှင့် သန့်ရှင်းရေးဝန်ထမ်းများဖြင့် နေ့စဉ် ရှင်းလင်းစွန့်ပစ်ပေးလျက်ရှိကြောင်း၊ အမှိုက်များ ရှင်းလင်းရာတွင် SKAT အမျိုးအစား အမှိုက်သိမ်းယာဉ် သုံးစီး၊ ဟိုက်ဒရောလစ် ချိတ်ကား(အမှိုက်သယ်ယာဉ်) နှစ်စီးနှင့် ဘက်ဟိုးယာဉ်ငယ် တစ်စီးတို့ကို အသုံးပြု၍ ဆောင်ရွက်ကြောင်း၊ ပြည်သူများ အမှိုက်စွန့်ပစ်ရန်အတွက် သတ်မှတ်နေရာ အသီးသီးတွင် သံအမှိုက်ကန်ကြီး ၁၂ ခုနှင့် ပလစ်စတစ်အမှိုက်ပုံး ၂၇ ပုံးကိုလည်း ထားရှိပေးထားကာ နေ့စဉ် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားဖိုဆောင်များမှ စွန့်ပစ်ပစ္စည်း အမှိုက်များအပြင် အခြားသီးခြားအမှိုက်များ စွန့်ပစ်ရန်ရှိပါကလည်း ဌာနအနေဖြင့် သတ်မှတ်အခကြေးငွေ ရယူ၍ စွန့်ပစ်ပေးလျက်ရှိကြောင်း မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမျိုးအောင်က ပြောကြားသည်။

ထို့အပြင် မြို့ပေါ်ရပ်ကွက်များနည်းတူ မြို့နယ်နိမိတ်ဖြစ်သည့် မန္တလေး-မုံရွာလမ်း အနောက်ဘက်ခြမ်းရှိ မြင်းမူ-ငွေးပင်တောလမ်း နယ်နိမိတ်၊ အရှေ့ဘက်ခြမ်းရှိ မြင်းမူ-ညောင်ပင်ဝန်း နယ်နိမိတ်နှင့် မြင်းမူမြို့ရှောင်လမ်းတစ်လျှောက်တို့တွင်လည်း သန့်ရှင်းရေးလုပ်ငန်းများကို တစ်ပတ်လျှင် တစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**



မြို့ပေါ်ရပ်ကွက်တစ်ခုအတွင်း အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်များ လိုက်လံသိမ်းဆည်းနေစဉ်

**အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

## မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပြီး မီးငြိမ်းသတ်မှု လေ့ကျင့်

**ကော့ကရိတ် မတ် ၅**

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၄ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်းအတွင်း ဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်ဖြိုးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်တို့ကို အသုံးပြုပြီး မီးငြိမ်းသတ်ခြင်းနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ မီးလောင်မှုကြုံတွေ့လာပါက မီးငြိမ်းသတ်ရမည့် နည်းလမ်းများကို ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ **စောအောင်မျိုးလွင်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်း

**မော်လမြိုင်ကျွန်း မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်လျက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုး ဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၏ သင်တန်းဆင်းပွဲကို မတ် ၃ ရက်က ရာဇူဒိုင် ကညင်ချောင်းကျေးရွာအုပ်စု ရာဇူတိုင်ကျေးရွာ သစ္စဝါဒီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အမှာစကားပြောကြားခဲ့ပြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်နိုင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် သင်တန်းသားများအနေဖြင့် သင်တန်းမှ ရရှိသော အတတ်ပညာများကို အခြေခံကာ စဉ်ဆက်မပြတ် ဆက်လက်လေ့လာသင်ယူပြီး မိမိတို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် လက်တွေ့နယ်ပယ်တွင် အသုံးချကာ မိသားစုစီးပွားရေးကို အထောက်အပံ့ပေးနိုင်အောင် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **တေဇာလင်း**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းပြီး ကျေးရွာအဆင့် စီမံကိန်းကော်မတီ ဖွဲ့စည်း

**ကသာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မိဿလင်းကျေးရွာ၌ အကောင်အထည်ဖော်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) နှင့် ပတ်သက်၍ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပွဲနှင့် ကျေးရွာကော်မတီ ဖွဲ့စည်းခြင်းကို မတ် ၄ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်း သိကောင်းစရာများကို ကျေးရွာရှိ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများအား ရှင်းလင်းပြောကြား၍ ကျေးရွာစီမံကိန်းကော်မတီကို ကျေးရွာနေပြည်သူများဖြင့် ဖွဲ့စည်းပေးသည်။ **လှအောင်(ကသာ)**



# ကလောမြို့နယ် ဟဲဟိုးလေဆိပ်အနီး ဧက ၄၀ ခန့် တောမီးလောင်ကျွမ်းမှုဖြစ်

**ကလော မတ် ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးလေဆိပ်အနီး၌ မတ် ၄ ရက် မွန်းလွဲ ၂ နာရီခန့်က ဧက ၄၀ ခန့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

တောမီးလောင်မှုကြောင့် ချုံနွယ်ပင်၊ မြက်ခြောက်များ၊ ဧက ၄၀ ခန့် လောင်ခဲ့ကြောင်း၊ လူနေအိမ်အဆောက်အအုံများ မီးကူးစက်လောင်ခြင်းမရှိကြောင်း၊ လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုး မရှိကြောင်း သိရသည်။

တောမီးလောင်ရာ နေရာသို့ ကလောမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ဟဲဟိုးနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရွှေညောင်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ အောင်ပန်းမီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ ဟဲဟိုးလေဆိပ်မှ လေယာဉ်မီးငြိမ်းသတ်ယာဉ် နှစ်စင်းတို့ဖြင့် ကလောမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇော်နှင့် ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်မီးသတ်စခန်းမှ တာဝန်ရှိသူများ ၊သန္နဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း ကလောမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသ အသီးသီးသို့ ပြန်လည် နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၅**

ရခိုင်ပြည်နယ် အတွင်းရှိ တိုက်ပွဲရှောင် ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း - စစ်တွေ ပြည်ထောင်စု ကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေး လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### မွေးသက္ကရာဇ်အမှန်

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရေဦးကျေးရွာနေ ဦးထွန်းသိန်း၏သမီး မယဉ်မင်းကြူ ၁၃/ရငန(နိုင်)၀၄၃၁၃၁၏ မွေးသက္ကရာဇ် အမှန်မှာ ၂၆-၆-၁၉၈၆ ဖြစ်ပါကြောင်း။

### မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပခုက္ကူမြို့

### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း (ဒုတိယအကြိမ်)

၁၃၈၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်
၂၀၂၁ ခုနှစ် မတ် ၅ ရက်

၁။ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | Lot No |
|---|---|---|---|
| ၁ | ခန်တောမြောင်း အုတ်ရေမြောင်း ချဲ့ခြင်းနှင့် မြောင်းဖြတ်တံတား(၁၁)စင်း ပြုလုပ်ခြင်း(ပန်းတဉ်းလမ်းထိပ်မှမြစ်ဝထိ) - အုတ်ရေမြောင်း - မြောင်းဖြတ်တံတား | ၂၄၄၂' x ၄'x (၃'-၆" + ၆'-၃")/၂ ၂၄၅' x ၆' x ၃" | Lot 1 |
| ၁ | ရုံးအဆောက်အဦဆောက်လုပ်ခြင်း | (၆၀' x ၄၅' x ၂၂') + (၂၀' x ၁၀' x ၂၂') | Lot 2 |
| ၁ | မြို့ရေပေးရေးလုပ်ငန်းအတွက် ၁၀' Ø ၅၀၀' စက်ရေတွင်းတူးဖော်ခြင်း | ၂ တွင်း ၁၀' Ø ၅၀၀' | Lot 3 |

၂။ တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၈-၃-၂၀၂၁ ရက် (တနင်္လာနေ့) ၁၀:၀၀ နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၄-၂၀၂၁ရက်(ကြာသပတေးနေ့) ၁၆:၃၀ နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ပြည်သာယာခန်းမ၊ ပခုက္ကူမြို့

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၈-၃-၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်အား ထပ်မံကြေငြာပါမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၂-၂၂၁၉၁၊ ၀၆၂-၂၁၄၉၉၊ ၀၆၂-၂၁၀၆၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ဒေါ်နီလာဆွေနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်တော် ဦးစိန်လွင် ၉/ကပတ(နိုင်)၁၅၄၀၅၈ ၏ဇနီး ဒေါ်နီလာဆွေ ၈/တတက(နိုင်)၀၉၂၁၅၉သည် ခင်ပွန်းဖြစ်သူ ကျွန်တော် ဦးစိန်လွင်နှင့် မိသားစုအပေါ် ငွေရေးကြေးရေးအရှုပ်အရှင်းများဖြင့် မိသားစု ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်နီလာဆွေနှင့် ပတ်သက်သည့် ငွေရေးကြေးရေးကိစ္စရပ်များကို ကျွန်တော် ဦးစိန်လွင်နှင့် မိသားစုမှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်သည့်အပြင် ဒေါ်နီလာဆွေနှင့် ပတ်သက်သည့်ငွေရေးကြေးရေးအရှုပ်အရှင်းကိစ္စရပ်များ သည်လည်း ကျွန်တော် ဦးစိန်လွင်နှင့် လုံးဝ(လုံးဝ)သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဦးစိန်လွင်**
**ရွာကောက်ရပ်၊ ပျဉ်းမနားမြို့**

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များ အရေးယူထား

**နေပြည်တော် မတ် ၅**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃ ရက် ညနေ ၅ နာရီမှ မတ် ၄ ရက် ညနေ ၅ နာရီအထိ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃) တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ရှစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ခုနစ်စီး စုစုပေါင်း ၃၁ စီး ဖမ်းဆီးရမိကာ သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲ တင်ပို့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### မြဝတီမြို့နယ်တရားရုံးတော်၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၂

ဒေါ်ဖြူဖြူလွင် နှင့် ၁။ ဦးသန်းညွန့်
၂။ ဒေါ်တင်ချိုထွေး
၃။ ဦးဇင်းဝင်းစိန်
၄။ နန်းအေးအေးမြိုင်
၅။ ဒေါ်နန်းချိုချိုမြင့်

တရားလို တရားပြိုင်များ

မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်ရှိ တစ်ထပ်တိုက်နေ အိမ်တွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ)တရားပြိုင် အမှတ်(၁) ဦးသန်းညွန့်၊ အမှတ်(၂) ဒေါ်တင်ချိုထွေး၊ အမှတ်(၄) နန်းအေးအေးမြိုင် သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ ပတ္တမြားလမ်း၊ တောင်တန်းကျောင်း အကွက် မြေကွက်အမှတ် (၃၁၉)၊ ဧရိယာ (၄၀/၆၀)ပေရှိ အိမ်ခြံမြေကွက်ကို အိမ်နှင့် ခြံမြေကွက် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ(သို့မဟုတ်) အမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး ၎င်းရှေ့နေ့နှင့်ပါ၍ ဖြစ်စေ ၂၀၂၁ ခုနှစ်၊ မတ် ၁၇ ရက်(၁၃၈၂ခုနှစ်၊ တပေါင်းလဆန်း ၅ရက်)နံနက် ၁၀နာရီတွင် အထက်ပါတရား လို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် မြဝတီမြို့နယ် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မတ် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောသိန်းကုဋ္ဌေအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၅)တွင် ဆောက်လုပ်ထားသော ကွန်ဒိုတိုက်ခန်း ဒုတိယထပ် (၃)လွှာ ခေါင်းရင်းခြမ်း (၂၇ပေx၇၅ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်တာ ဦးတင်ထွန်း ၁၂/ဒပန(နိုင်)၀၀၄၄၀၄မှ တရားဝင်ပိုင်ဆိုင်သော အခန်းဖြစ်ပါသည်။ ၎င်းပိုင်ဆိုင်သော အခန်းကို အပေါင်အနှံအရှုပ်အရှင်းကင်းကြောင်း၊ တစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ သဘောတူပြီး ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဝယ်ယူသည့် တိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်ပါကြောင်း ပြောရေးဆိုခွင့်ရှိသူတို့သည် ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများ ပြသ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဝယ်ယူထားသည့်တိုက်ခန်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀-၃လွှာ (B) ကွန်ဒို၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇**

### ချင်းပြည်နယ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ သီကီးရ်ကျေးရွာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အရေးပေါ်ခိုလှုံရာ သဘာဝဘေးဒဏ်ခံအဆောက်အအုံ (Multi-Purpose Shelter) (၁၀၀x၇၀)ပေ (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ရုံးချိန်အတွင်း ချင်းပြည်နယ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဟားခါးမြို့တွင် အောက်ပါအတိုင်း ဝယ်ယူနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၃-၂၀၂၁ရက်(ရုံးချိန်)
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၁-၄-၂၀၂၁ရက် ၁၆:၃၀နာရီ
(ဂ) အိတ်ဖွင့်တင်ဒါရောင်းချ/တင်သွင်းမည့်နေရာ - ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ချင်းပြည်နယ်၊ ဟားခါးမြို့။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့်ရက်အား ပြန်လည်အကြောင်းကြားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၇၆၈၊ ၀၉-၂၅၉၆၂၂၄၄၇**

## မင်းလှမြို့နယ် ရေနံဓာတုဗေဒစက်ရုံစု(မန်းသံပုရာကန်) စက်ရုံဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံဓာတုဗေဒစက်ရုံစု (မန်းသံပုရာကန်) စက်ရုံဝင်းအနောက်မြောက်ဘက်ရှိ တောမီးစတင်လောင်ကျွမ်းရာမှတစ်ဆင့် ဝန်ထမ်းအိမ်ရာများအား ယနေ့ မွန်းလွဲ ၂ နာရီခန့်က မီးလောင်မှုစတင်ဖြစ်ပွားသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများက မီးသတ်ယာဉ် ၁၅ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုးအဆောက်အအုံ ခြောက်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### နော်လားဘွယ် ၅/ရဘန(နိုင်) ၀၀၀၄၉၄ နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာစီ (ဘ)ဗိုလ်ချုပ်စမစ်ဒွန်း ၁၂/အလန(နိုင်)၀၂၁၂၃၆ ၏လွှဲအပ်ညွှန်ကြားချက်အရ နော်လားဘွယ် ၅/ ရဘန(နိုင်)၀၀၀၄၉၄ သို့ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက် အမှတ်(၆၉)၊ အကွက်အမည် ဗိုလ်ကုန်းအရှေ့ပိုင်းအရပ်၊ မြေကွက်အမှတ်(၅၀)၊ ဦးပိုင် အမှတ်(၁၅)၊ မြေဧရိယာ ၂ဒသမ ၂၆၇ ဧကရှိသော မြေသည် ဒေါ်မာစီ၏ဖခင် ဗိုလ်ချုပ် စမစ်ဒွန်းအမည်ဖြင့် ကလောမြို့နယ်မြေစာရင်းဦးစီးဌာန၌ မြေငှားဂရန် ရရှိပိုင်ဆိုင်ထားပါသည်။

၂။ ဒေါ်မာစီ၏ဖခင် ဗိုလ်ချုပ်စမစ်ဒွန်းသည် မိခင်ဖြစ်သူ ဒေါ်စိန်(ခ)ဒေါ်ဝင်နီဒွန်းနှင့် ခရစ်ယာန် ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ပြီး သမီးများဖြစ်ကြသော (၁) ဒေါ်မာဂရက်ဒွန်း၊ (၂) ဒေါ်အဲဗလင်းဒွန်း၊ (၃) ဒေါ်မာစီ(ကျွန်ုပ်၏မိတ်ဆွေ)နှင့်၊ (၄)ဒေါ်ဆွေဆွေသင်း ဟူသော သမီးလေးဦး မွေးဖွားခဲ့ပါသည်။

၃။ ဒေါ်မာစီ၏ ဖခင်နှင့်မိခင် ကွယ်လွန်သောအခါ အထက်တွင်ဖော်ပြထားခဲ့သည့် ဖခင်အမည်နှင့် ရရှိထားသော ဧရိယာ ၂ဒသမ ၂၆၇ ဧကရှိမြေကို ကျန်ရှိသူ သမီးအရင်းများဖြစ်ကြသော (၁)အစ်မကြီး ဒေါ်မာဂရက်ဒွန်း (အပျိုကြီး)မှ ၀ဒသမ ၇၁၃ ဧက၊ (၂) ဒေါ်အဲဗလင်းဒွန်းမှ ၀ဒသမ ၄၄၉ ဧက၊ (၃) ဒေါ်မာစီ(ကျွန်ုပ်၏မိတ်ဆွေ)မှ ၀ဒသ၅၃၀ ဧကနှင့်(၄)ဒေါ်ဆွေဆွေသင်းမှ (၀ဒသမ ၅၇၅ ဧက)အား ညီအစ်မ(၄)ဦးတို့၏ သဘောတူ ညီချက်ဖြင့် အသီးသီးခွဲဝေယူရန် သဘောတူပြီး မိဘတို့၏ လက်ငုတ်လက်ရင်း မိသားစုပိုင်နေအိမ်ကို ဒေါ်မာစီ၏ အစ်မအကြီးဆုံးလည်းဖြစ်၊ အပျိုကြီးလည်းဖြစ်သူ ဒေါ်မာဂရက်ဒွန်းအား ထိန်းသိမ်းစောင့်ရှောက်စေပြီး ကလောမြို့နယ်မှတ်ပုံတင်စာချုပ် စာတမ်းရုံးတွင် အမွေဝေစုခွဲဝေစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။

၄။ အစ်မကြီးဖြစ်သူဒေါ်မာဂရက်ဒွန်း မှာလည်း မိမိခွဲဝေရရှိထားသော မြေနှင့် မိသားစုပိုင်နေအိမ်ကို ကွယ်လွန်သည်အထိ နေထိုင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ ထို့အပြင်ဒေါ်မာဂရက်ဒွန်းမှ မကွယ်လွန်ခင် မိမိရရှိထားသော မြေအမွေဝေစုနှင့် မိဘ ဘိုးဘွားတို့၏ မိသားစုပိုင်နေအိမ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန် သူမနှင့်အတူနေထိုင်သော တူဖြစ်သူဒေါ်မာစီ၏သားလည်းဖြစ်သော စစိုးမှန်ထံသို့ ခရစ်ယာန်တို့၏ ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အပိုင်ပေးစာချုပ်ပြုလုပ်ပေးခဲ့ပြီး မိသားစုကိုယ်စား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲအပ်ခဲ့ပါသည်။

၅။ ယခုအခါ ဒေါ်မာစီ၏သားဖြစ်သူ စစိုးမှန်မှာ ၁၅-၁-၂၀၂၁ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် ဇနီးနော်လားဘွယ်နှင့် သမီး(၁)ဦးကျန်ရှိခဲ့ပါသည်။

၆။ ဒေါ်မာစီ၏သား စစိုးမှန်သည် အသက်ရှိစဉ်မှ ကွယ်လွန်သည်အထိ မိမိလက်ခံရရှိထားသော မြေနှင့်ဘိုးဘွားပိုင်နေအိမ်ကို ထိန်းသိမ်းစောင့်ရှောက် ခဲ့ပါသည်။ သို့သော် ဒေါ်မာစီ၏သားဖြစ်သူသည် မိမိလက်ခံရရှိထားသောဖော်ပြပါမြေအပါအဝင် ဘိုးဘွား မိဘပိုင် နေအိမ်နှင့် ပတ်သက်၍ မကွယ်လွန်ခင်ကသော်လည်းကောင်း၊ ကွယ်လွန်သော အခါတွင်သော်လည်းကောင်း ဇနီးဖြစ်သူ နော်လား ဘွယ်ထံသို့ အမွေဆက်ခံရန်ဖြစ်စေ၊ စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ လွှဲပြောင်းပေးအပ်ခဲ့ခြင်း(လုံးဝ) မရှိခဲ့သည့်အပြင် မည်သည့် တရားဝင် စာချုပ်စာတမ်း အမှတ်အသားများ ပြုလုပ်ပေးအပ်ခဲ့ခြင်းမရှိပါ။ သို့သော် နော်လားဘွယ်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာစီတို့ မိဘဘိုးဘွားပိုင်မြေနှင့် ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများကို ယူဆောင်ထားပြီး မိမိအလိုရှိသလို စီမံလုပ်ကိုင်ရန် ပြုမူဆောင်ရွက်လျက်ရှိနေသည်ဟု သိရှိရပါသည်။

၇။ သို့ဖြစ်ပါ၍ နော်လားဘွယ်အနေဖြင့် စီမံခန့်ခွဲလုပ်ပိုင်ခွင့် လုံးဝရရှိထားခြင်းမရှိသောမြေနှင့် ဒေါ်မာစီ၏မိဘပိုင် နေအိမ်အပေါ်တွင် မိမိအမွေဆက်ခံပိုင်ဆိုင်သယောင်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိ သယောင်ပြုမူ၍မည်သည့် ပြုလုပ်ဆောင်ရွက်မှုတစ်စုံတစ်ရာသော် လည်းကောင်း၊ စီမံခန့်ခွဲမှုတစ်စုံတစ်ရာသော်လည်းကောင်း လုံးဝပြုမူဆောင်ရွက်ခြင်း မပြုလုပ်ပါရန် အတိအလင်းတားမြစ်လိုက်ပါသည်။

အကယ်၍ တားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြုလုပ်သူနှင့် ပြုမူဆောင်ရွက်သူအားလုံးတို့၌ တာဝန် အရပ်ရပ်ကျရောက်မည်ဖြစ်ကြောင်း နော်လားဘွယ် ၅/ရဘန(နိုင်)၀၀၀၄၉၄ ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်မာစီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၆၀၉၃ (၁-၁၀-၂၀၁၉)**
**အမှတ် (၁၈/အေ)၊ အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၆၇၀၁၆**

## သတိပေးကြေညာခြင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင် ၅၆(ခ)၊ ဧရိယာ ဝဒသမ၃၃ဝဧက ရှိသော မြေကွက်အား ဒေါ်အက်စတာအောင် ၁၃/ကခန(နိုင်) ဝဝဝ၆၂ဝ လက်ရှိမြေပိုင်ဆိုင်သောမြေကွက်အား တစ်ဦးတည်းသောပိုင်ဆိုင်ကြောင်းနှင့် ကျွန်မ၏သဘော တူခွင့်ပြုချက်မရှိဘဲ အခြားမသက်ဆိုင်သော မည်သူကမှ သက်ဆိုင်ရာသို့ ပုံစံ (၁ဝ၅) ရေးဆွဲခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ အမြေနေရာအသုံးပြုခွင့် အမည်ပြောင်းလဲခြင်း တစ်စုံတစ်ရာပြုလုပ်ခွင့် မရှိကြောင်းနှင့် အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ၁၅ရက်အတွင်း ဖော်ပြပါလိပ်စာဖုန်းသို့ ခိုင်လုံသည့်အထောက်အထားများဖြင့် တရားဝင်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်အက်စတာအောင်**
(ဆက်သွယ်ရန်) ဖုန်း-ဝ၉-၅၂၃၄ဝ၇

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၄၃-က)၊ တံတားကြီးတန်းအကွက်၊ ဦးပိုင်အမှတ် (၁၅-င)၊ မြေဧရိယာ ဝဒသမ ဝ၃၄ ဧကရှိ မြို့မြေ (B) သည် ဒေါက်တာရဲမင်းဇော် အမည်ဖြင့် အမည်ပေါက် ထွက်ရှိနေရာမှ ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ လှည်းစုလမ်း၊ အိမ် အမှတ် (၃၄)နေ ဦးသီဟမိုးဇော်၊ ဒေါက်တာ ကေသီမာတို့မှ မြေအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာပါသည့် ရက်မှစ၍ ရက်ပေါင်း (၃ဝ)အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲ လုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

**ဇီဝမျိုးစုံ**
**မျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်လှိုင် (ညွှန်ကြားရေးမှူး-ငြိမ်း)
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## အသက် (၈ဝ)

မြန်မာနိုင်ငံရေနံဘူမိဗေဒပညာရှင်များအသင်း၏ဥက္ကဋ္ဌဖြစ်သော ဦးစိန်လှိုင်သည် ၃-၃-၂ဝ၂၁ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ အမှုဆောင်များနှင့် အသင်းသူ အသင်းသားများ**
**မြန်မာနိုင်ငံ ရေနံဘူမိဗေဒပညာရှင်များအသင်း**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစောဌေး ၃/မဝတ(နိုင်)ဝ၆၅၉၇၇ မှ ဦးမင်းကျော်ကျော်ဦးထံမှ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ် (၁)၊ ကွင်းအမည် မြဝတီအနောက်၊ ဦးပိုင်အမှတ် (၂ဝ)၊ မြေဧရိယာ ဝ ဒသမ ၇၃ ဧကရှိ မြေကို ကာလပေါက်ဈေးဖြင့်ဝယ်ယူမည်ဖြစ်ပြီး ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ဇင်မာထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၁၂၆)**
**စမ်းကြီးအင်းဝိုင်း၊ မော်လမြိုင်မြို့**
**ဖုန်း-ဝ၉-၉၆၂၇၈ဝ၉၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ဝဒသမဝ၅၅ဧကရှိ မြေကွက် အမှတ် (ပ-၄၅၄၆)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးမင်းဇော်ဦး ၉/ပမန(နိုင်)၂ဝ၂၉၂၃ (ဘ) ဦးရဲရွှေမှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ် (စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ ဦးပိုင်အမှတ် (၆၁-ခ)၊ ဧရိယာ (ဝဒသမဝ၃၁)ဧကရှိ ဘိုးဘပိုင်(B) မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်ဝင်းလှဦးဖြစ်ပြီး ၎င်း၏အမွေကို ဆက်ခံပိုင်ဆိုင်လာပြီး လက်ရှိနေထိုင်သော အမည်ပြောင်းလဲမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စံလှဖြူ**
**၁၁/မပန(နိုင်)ဝ၃၂၄၃၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာန (AIIP) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ၂ဝ၂ဝ-၂ဝ၂၁ ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်ဆောက်ရေးလုပ်ငန်းအမျိုးအစား | အရေအတွက် | Lot |
|---|---|---|---|
| ၁ | ရွှေဘိုမြို့နယ်၊ ဇီးကုန်း KC (၃၃၂'x၁၆၁') ခြံစည်းရိုးကာရံခြင်း | ၁ | Lot (1) |
| ၂ | ရွှေဘိုမြို့နယ်၊ ပလိုင်း KC(၃ဝဝ'x၁၂'x၆') ကွန်ကရစ်လမ်းခင်းခြင်း | ၁ | Lot (2) |
| ၃ | ရွှေဘိုမြို့နယ်၊ ဇီးကုန်းဆိပ်ခွန်၊ ပလိုင်း ညောင်ပင်သာ KC (၄)လုံး အဝင်လမ်း (၅'x၁၂') လမ်းကူးတံတား ကွန်ကရစ်ခင်းပြုပြင်ခြင်း | ၁ | Lot (3) |
| ၄ | ခင်ဦးမြို့နယ် မြို့မ -၂ KC ဝင်းအုတ်တံတိုင်းကာရံခြင်း | ၁ | Lot (4) |
| ၅ | ခင်ဦးမြို့နယ်၊ ဝွေးကုန်း KC ဝင်းအုတ်တံတိုင်းကာရံခြင်း | ၁ | Lot (5) |
| ၆ | ခင်ဦးမြို့နယ်၊ မြို့မ-၂ ဝွေးကုန်းမြင်းဒေါင်း KC (၃)လုံးအဝင်လမ်း လမ်းကူးတံတား ကွန်ကရစ်ပြုပြင်ခြင်း | ၁ | Lot (6) |
| ၇ | တန့်ဆည်မြို့နယ်၊ အင်းကုက္ကား၊ ရွာရှည်၊ မြောက်၊ ကံထူးမ၊ မြို့မ-၁ KC (၄)လုံး အဝင်လမ်း လမ်းကူးတံတား၊ (၁၆'x၅') ကွန်ကရစ်ပြုပြင်ခြင်း | ၁ | Lot (7) |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာယူရန် ၅-၃-၂ဝ၂၁ရက်မှ ၃ဝ-၃-၂ဝ၂၁ရက်အထိ
(ခ) တင်ဒါတင်သွင်းရန် ၃ဝ-၃-၂ဝ၂၁ရက် မွန်းတည့် ၁၂နာရီ
(ဂ) အသေးစိတ်သိရှိလိုပါက ဖုန်း-ဝ၇၁-၂၂၈ဝ၄၊ ဝ၉-၄၅၆၆၄၆ဝ၂ဝ

**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန**
**မုံရွာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် ၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု (RA) -(RA-1)၊ အကွက်အမှတ်(တ-ဝ၇)၊ မြေကွက်အမှတ် (ဝဝဝ၂)၊ အကျယ်အဝန်း (၅ဝဝဝ၆.၈၈) စတုရန်းပေ ရှိ ဦးထွန်းအေး (၁၄/ပသန (နိုင်) ဝ၉၇၃၇၄)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးထွန်းအေး (၁၄/ပသန (နိုင်) ဝ၉၇၃၇၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ဝ၉၅၅ဝ၆၁၄၆၊ ဝ၉၅၅ဝ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

# ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
# ဦးစောလွင်
# အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ စကားဝါလမ်း၊ အမှတ်(၈)နေ (ဦးပေါ်အေး-ဒေါ်အင်း)တို့၏သား၊ (ဦးစံဝင်း-ဒေါ်ကြည်)တို့၏သားသမက်၊ (ဒေါ်လှလှ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးဝင်း-ဒေါ်မိမိဝါ၊ ဦးလေးလွင်-ဒေါ်မီမီလွင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မချမ်းမြေ့အေး၊ မောင်ဝေယံထွန်း၊ မသဉ္ဇာမိုးထက်တို့၏ အဘိုးသည် ၅-၃-၂ဝ၂၁ ရက် နံနက် ၈:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂ဝ)
### ဘားအံခရိုင်တရားရုံးတော်၌
### ၂ဝ၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| ဦးထွန်းဝင်း | နှင့် | ဒေါ်မြသန်းဝင်း |
| **တရားလို** | | **တရားပြိုင်** |

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ ဒေါ်လန်းရွာ၊ ကမ်းနားလမ်း၊ အိမ်အမှတ်(၁၁၁)နေ တရားပြိုင် ဒေါ်မြသန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းဝင်းက ဇနီးဖြစ်သူ၏ ကြီးလေးသည့် အိမ်ထောင်ရေးပြစ်မှုကြောင့် လင်မယားကွာရှင်းပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား တရားလိုတစ်ဦးတည်းမှ ရယူပိုင်ဆိုင်လိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂ဝ၂၁ခုနှစ် ဧပြီလ၂ရက် (၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော်၆ရက်) မွန်းမတည့်မီ ၁ဝနာရီတွင် အထက်က အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂ဝ၂၁ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဝင်းမြင့်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂ဝ)
### တောင်ကြီးမြို့နယ်တရားရုံးတော်၌
### ၂ဝ၂၁ခုနှစ် တရားမကြီးမှုအမှတ်-၄

| | | |
|---|---|---|
| ဒေါ်နှင်းအိချို | နှင့် | ဦးစိုင်းလျှံခမ်း(ခ)အိုက်မွေ |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့နယ်၊ အေးသာယာစက်မှုဇုန်(၂)၊ နတ်စင်လမ်း၊ အမှတ်(၉-က/၂၉)နေ ဦးစိုင်းလျှံခမ်း(ခ)အိုက်မွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းအိချိုက လင်မယားကွာရှင်းပြတ်စဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂ဝ၂၁ခုနှစ် မတ် ၁၈ရက် (၁၃၈၂ခုနှစ် တပေါင်းလဆန်း ၆ရက်) နံနက်၁ဝနာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂ဝ၂၁ခုနှစ် မတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောနန်းထွေး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ဝိုင်းမော်မြို့နယ်၊ ကန်ပိုက်တီမြို့၊ အမှတ်(၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည်(၃/ဘောဇီရပ်)၊ ဦးပိုင်အမှတ် (၁၄/င)၊ မြေဧရိယာ ၁ဒသမ ဝဝဝ ဧကရှိ ဒေါ်ယော်မျှော်အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားသည့်မြေကွက်သည် ဒေါ်ယော်မျှော်က ဦးဂမ်ရန်ထံမှ ၁၈-၁-၂ဝ၁၉ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာ ဝယ်ယူထားသည့် မြေကွက်ဖြစ်ပြီး လျှောက်ထားမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း ဒေါ်ယော်မျှော်က ၁၅-၁၂-၂ဝ၂ဝ ရက်တွင် ကတိသစ္စာပြုလွှာ အမှတ်စဉ် ၁၃၈၁/၂ဝ၂ဝဖြင့် တင်ပြကာ ဝိုင်းမော်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ ၂၄-၁၂-၂ဝ၂ဝ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၄၆/၂ဝ၂ဝ) ဖြင့် ပြုဆိုတင်ပြထားပါသဖြင့် ဒေါ်ယော်မျှော် ၁/ မကန(နိုင်)၁၁၂၉၃ဝ အမည်ဖြင့် မြေငှားဂရန်(အသစ်) ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုမြေငှားဂရန်(အသစ်) ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန် ထုတ်ပေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝိုင်းမော်မြို့**

## အများသိစေရန် ကြေညာခြင်း

ဝိုင်းမော်မြို့နယ်၊ ကန်ပိုက်တီမြို့၊ အမှတ်(၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည်(၃/ဘောဇီရပ်)၊ ဦးပိုင်အမှတ် (၁၄/စ)၊ မြေဧရိယာ ဝဒသမ ၉၉၅ ဧကရှိ ဒေါ်နုနုဝင်း အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားသည့်မြေကွက်သည် ဒေါ်နုနုဝင်း က ဦးဂမ်ရန်ထံမှ ၁၈-၁-၂ဝ၁၉ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာ ဝယ်ယူထားသည့် မြေကွက်ဖြစ် ပြီး လျှောက်ထားမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း ဒေါ်နုနုဝင်းက ၁၅-၁၂-၂ဝ၂ဝ ရက်တွင် ကတိသစ္စာပြုလွှာ အမှတ်စဉ် ၁၃၈၄/၂ဝ၂ဝဖြင့် တင်ပြကာ ဝိုင်းမော်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ ၂၄-၁၂-၂ဝ၂ဝ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၄၇/၂ဝ၂ဝ) ဖြင့် ပြုဆိုတင်ပြထားပါသဖြင့် ဒေါ်နုနုဝင်း ၁/ မကန(နိုင်)၁၃၄၁၃၈ အမည်ဖြင့် မြေငှားဂရန်(အသစ်) ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုမြေငှားဂရန်(အသစ်) ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန် ထုတ်ပေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝိုင်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကလေးဝမြို့၊ အမှတ် (၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၄/အောင်သူရိန်)၊ ဦးပိုင်အမှတ် (၁၈)၊ မြေဧရိယာ ဝဒသမဝ၅၂ ဧကရှိ မြေကွက်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အမည်ဖြင့် မြေငှားဂရန်စာချုပ်ရရှိထားပြီး မြေငှားဂရန် မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါလျှောက်ထားလာမှုအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်စာချုပ်(မိတ္တူ)ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင် မဲရုံပေါင်း ၁၂၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၀၃၁၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၈၇၅၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၁၅၅၆၊ မြေပြင်လက်ကျန် ၅၅၈၀၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/ အလိုများ တွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော

စာမျက်နှာ ၁၀ ကော်လံ ၁ ●



ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ရန်ကုန် မတ် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီခန့်က ရေလယ်ပင်မတံတားအတွက် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

အဆိုပါတံတားစီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ (JICA) အကူအညီဖြင့် ဂျပန်နိုင်ငံ၏ချေးငွေ ဂျပန်ယန်း ၃၁ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ပြီးစီးရန် ခန့်မှန်းလျာထားကြောင်း သိရသည်။

" ကျွန်တော်တို့ နေ့စဉ်တံတားဟောင်းပေါ်က ဖြတ်သန်းသွားလာနေတာ၊ တံတားအသစ်တည်ဆောက်ရေးလုပ်ငန်းတွေ နေပူလည်း လုပ်နေတာတွေ့ရတယ်။ သာကေတမြို့နယ်ဘက်ခြမ်းဆို တံတားတွေ တော်တော်လေးပြီးစီးနေပြီ။ ရေလယ်မှာလည်း အဆက်မပြတ် လုပ်နေကြတာတွေ့ရတယ်။ ခုတံတားဟောင်းက တစ်လမ်းသွားဆိုတော့ တံတားပေါ်မှာ ကားတွေ စက်ချွတ်ယွင်းပျက်စီးလို့ ကားလမ်းကြောင်းပိတ်တာတွေ အရင်ကရှိခဲ့ဖူးတယ်။ ခုတည်ဆောက်နေတဲ့ တံတားသစ်ကြီးပြီးရင် အဲဒီဖြစ်စဉ်တွေ ကင်းဝေးသွားမှာပါ။

စာမျက်နှာ ၂၇ ကော်လံ ၁ ❐

# နိုင်ငံပိုင်တိရစ္ဆာန်ဥယျာဉ်များ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် မတ် ၅**

သစ်တောဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်တို့ စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိသော တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း( နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၊ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လှော်ကားဥယျာဉ် လုပ်ငန်းတို့ကို ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေအရ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက် မွန်းလွဲ ၃ နာရီမှစ၍ ပိတ်ထားခဲ့သည်။

ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်ထားရှိပြီး တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၊ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)တို့ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်၍လည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လှော်ကားဥယျာဉ်လုပ်ငန်းတို့ကို မတ် ၂ ရက်မှ စတင်၍လည်းကောင်း ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**Channel-K , Fortune TV နှင့် YTV ရုပ်သံလိုင်းများအား ဌာနမှ ထုတ်လွှင့်ခွင့် ပိတ်ပင်ထားခြင်းမရှိ**

စာမျက်နှာ - ၄

**နယူးဇီလန်တွင် ငလျင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက်ထွက်ပေါ်**

စာမျက်နှာ - ၁၂